# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၈၂)


**ခိုက်ရန်ငြင်းခုံမှု ပြေငြိမ်းနိုင်**

ဤလောက၌ လူမိုက်တို့သည် ငါတို့သေကြလိမ့်မည်ဟု မသိကြကုန်။ ထိုမသိမှုကြောင့် ခိုက်ရန်ငြင်းခုံမှုတို့သည် မပြေငြိမ်းနိုင်ကုန်။ ဤလောက၌ ပညာရှိတို့သည် ငါတို့သေကြလိမ့်မည်ဟု သိကြကုန်၏။ ထိုသိမှုကြောင့် ခိုက်ရန်ငြင်းခုံမှုတို့သည် ပြေငြိမ်းနိုင်ကုန်၏။ **ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၃၂၈)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဇူလိုင် ၁၂ ရက်စွဲဖြင့် ကြေညာချက်တစ်ရပ်ထုတ်ပြန်လိုက်သည်။ ယင်းကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့**

မဟာနာယကကျောင်းတော်ကြီး၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့

စာအမှတ်၊ ၀၀၁/ မဟန-၄၇ /၃ / သာ - မ ဟ န

ရက် စွဲ ၊ ၁၃၇၈ - ခုနှစ် ၊ ဝါဆိုလဆန်း ၈ ရက်

( ၂၀၁၆ - ခုနှစ် ၊ ဇူလိုင်လ ၁၂ ရက် )

## ကြေညာချက်

၁။ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)၏ (၇-၇-၂၀၁၆) ရက်နေ့တွင် စာအမှတ်၊ ၀၀၀၉/စီမံ-မဘသ/၂၀၁၆ ဖြင့် ထုတ်ပြန်သည့်သဘောထားထုတ်ပြန်ချက်ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် လုံးဝ(လုံးဝ) ကန့်ကွက်ပါသည်။

၂။ ထိုသို့ထုတ်ပြန်ရခြင်းမှာလည်း မဘသအဖွဲ့၏ အဆိုပါသဘောထားထုတ်ပြန်ချက်တွင်ပါရှိသော အချို့အချက်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူများအနေဖြင့် ယုံမှားသံသယဖြစ်စေနိုင်ပြီး မလိုလားအပ်သည့်ဖြစ်စဉ်များ ဆင့်ပွားဖြစ်ပေါ်မလာစေရန် ဖြစ်ပါသည်။

၃။ မဘသအဖွဲ့၏သဘောထားထုတ်ပြန်ချက်အပိုဒ်(၂)(က)တွင် ဖော်ပြထားသည့်အတိုင်း အဆိုပါမဘသအဖွဲ့သည် ဂိုဏ်းပေါင်းစုံ သံဃာ့ညီလာခံကြီးမှ ပေါက်ဖွားလာခြင်း လုံးဝ(လုံးဝ) မဟုတ်ပါ။ ၁၉၈၀-ပြည့်နှစ် ဂိုဏ်းပေါင်းစုံသံဃာ့ညီညွတ်ရေးအတွက် ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးမှစ၍ ၂၀၁၄-ခုနှစ်တွင် ကျင်းပသည့် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးအထိ ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီး (၅)ကြိမ် ကျင်းပပြီးဖြစ်သော်လည်း မည်သည့်ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးကမျှ မဘသအဖွဲ့ကို အသိအမှတ်ပြုခြင်း၊ သန္ဓေတည်ပေါက်ဖွားစေခြင်းမရှိခဲ့သည့်အပြင် မဘသဟူသော အသုံးအနှုန်းကိုပင် ခေါ်ဝေါ်သုံးစွဲခဲ့ခြင်း အလျဉ်းမရှိခဲ့ပါ။

၄။ မဘသအဖွဲ့၏သဘောထားထုတ်ပြန်ချက် အပိုဒ်(၂) (ခ) တွင် ၎င်းအဖွဲ့သည် သံဃနာယက လက်စွဲ၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်သည့်အဖွဲ့အစည်းကြီးဖြစ်သည်ဟု ဖော်ပြခြင်းမှာလည်း လုံးဝ(လုံးဝ) မဟုတ်မှန်ပါ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ သံဃနာယကလက်စွဲ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကထုတ်ပြန်ထားသည့် ညွှန်ကြားလွှာစသည်တို့၌လည်း ဖော်ပြထားခြင်းမရှိပါ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၂)၊ အပိုဒ်(၄)၌ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း၌ ဂိုဏ်းပေါင်းစုံပါဝင်သော သံဃာ့အဖွဲ့အစည်း တစ်ခုတည်းသာရှိရမည်"ဟု ခိုင်မာစွာ ပြဋ္ဌာန်းထားခြင်းနှင့်အဆိုပါ ပြဋ္ဌာန်းချက်နှင့်အညီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဖွဲ့စည်းထားပြီးဖြစ်ပါသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ✻



# ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးပို့

**ရန်ကုန် ဇူလိုင် ၁၂**

ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ထောက်ပံ့ရေးပစ္စည်းများကို ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှတစ်ဆင့် တပ်မတော် Y-8 လေယာဉ်ဖြင့် စစ်တွေမြို့လေဆိပ်သို့ ထောက်ပံ့ရေးပစ္စည်းများကို ထပ်မံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ●

# ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှု နှစ်တိုစီမံကိန်းကာလ၌ အမြန်ဆုံးအကောင်အထည်ဖော်မည်

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

**ရန်ကုန် ဇူလိုင် ၁၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မှုများကို စီမံကိန်းကာလအနေဖြင့် သုံးခုပိုင်းခြားထားပြီး နှစ်တိုစီမံကိန်းကာလဖြစ်သည့် ၂၀၁၇-၂၀၁၈ ကာလအတွင်းတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ဦးထွန်းအောင်သင်း အထွေထွေမန်နေဂျာ(အောက်မြန်မာပြည်)က ပြောသည်။

"ကျွန်တော်တို့ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုကို အခုလောလောဆယ်မှာတော့ လေ့လာဆန်းစစ်မှုတွေ လုပ်နေပါပြီ။ စီမံကိန်းကာလ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် သုံးခုပိုင်းခြားထားတဲ့အထဲမှာ နှစ်တိုကာလဖြစ်တဲ့ လာမယ့် ၂၀၁၇-၂၀၁၈ မှာ ဒီစီမံကိန်းကို စတင်အကောင်အထည်ဖော် လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ဦးထွန်းအောင်သင်းက ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ယုဇနဂါးဒင်းဟိုတယ်၌ ပြုလုပ်သည့် ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်း၏ ဒုတိယအကြိမ် ပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် မီဒီယာများအား ပြောကြားသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်မှုလုပ်ငန်းများတွင် ရှေးဦးဆောင်ရွက်မှုအနေဖြင့် ယခုအခါ EIA၊ SIA ဟုခေါ်သည့် *စာမျက်နှာ ၅ ကော်လံ ၁* ❒




# အင်တာနက်၊ လူမှုကွန်ရက်နှင့် ဆယ်ကျော်သက်


လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ အင်တာနက်သုံးစွဲသူ ၁၃ သန်းခွဲကျော်ရှိပြီး ၎င်းတို့၏ မိုဘိုင်း အင်တာနက် သုံးစွဲချိန်အများစုကို ဖေ့စ်ဘုတ်လူမှုကွန်ရက်သုံးစွဲခြင်းဖြင့် ကုန်ဆုံးစေခဲ့ကြောင်း၊ ဖေ့စ်ဘုတ်အကောင့်သစ်ပြုလုပ်မှုများလည်း အရှိန်အဟုန်ဖြင့် တိုးတက်နေကြောင်း သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာအသိုင်းအဝိုင်းမှ ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။

မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းသုံးစွဲမှု၊ အင်တာနက်သုံးစွဲမှု၊ လူမှုကွန်ရက်များသုံးစွဲမှုတို့နှင့်ပတ်သက်၍ တိကျသောကိန်းဂဏန်းများရရှိရန် ခက်ခဲစေကာမူ သုံးစွဲမှုများ မှန်မှန်ကြီး တိုးပွားလျက်ရှိကြောင်းမှာ သေချာသောအချက်အလက်တစ်ရပ်ဖြစ်သည်။ အမှတ်တံဆိပ်အမျိုးမျိုး၊ တန်ဖိုးအစားစားရှိသော လက်ကိုင်ဖုန်းများကို နိုင်ငံတစ်ဝန်းလုံးရှိ ဒေသအနှံ့အပြား၊ ကျေးလက်မှသည် မြို့ပြများအထိ လူကြီးလူငယ်၊ လူရွယ်လူလတ်ကျား၊ မ မရွေးကိုင်ဆောင်ကြကာ ဆက်သွယ်စကားပြောရန်သာမက အမျိုးမျိုးအဖုံဖုံ အသုံးချကြသည်။ ဤသို့ဖြင့် မိုဘိုင်းဖုန်းကိုအသုံးပြုကာ ဂိမ်းကစားနေသူ၊ လူမှုကွန်ရက်သုံးစွဲနေသူ(သို့မဟုတ်) ဖုန်းပွတ်နေသူများကို ကျောင်းများ၊ ရုံးများ၊ ယာဉ်ရထားများပေါ်မှာ၊ စက်ရုံအလုပ်ရုံများနှင့် လယ်ယာလုပ်ငန်းခွင်များဆီမှာပါ နေရာဒေသမရွေး၊ အချိန်အခါမရွေး တွေ့လာရသည်။ လူမှုကွန်ရက်များ၏ ဘေးထွက်ဆိုးကျိုးများဖြစ်သော သတင်းဆိုးများကိုလည်း မီဒီယာများတွင် တွေ့လာကြရသည်။

အင်တာနက်နှင့် လူမှုကွန်ရက်တို့ကို တလွဲအသုံးချရာမှ ဖြစ်ပေါ်လာသော လူမှုရေးပြဿနာများအနက် ဆယ်ကျော်သက်အရွယ် မိန်းကလေးများ၏ဘဝကို ထိခိုက်ဆုံးရှုံးစေခဲ့သော ဖြစ်ရပ်များလည်း ရှိခဲ့သည်။ မိန်းကလေးများ အပျိုဖော်ဝင်ချိန် စောလာခြင်းနှင့် အင်တာနက် လူမှုကွန်ရက်တို့ကို လွဲမှားစွာအသုံးပြုခြင်းတို့ကြောင့် ဆယ်ကျော်သက်အရွယ် သက်ငယ်ကိုယ်ဝန်ဆောင်များ များပြားလာကြောင်း သိရသည်။

"ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်များ အရွယ်မတိုင်မီ စောစီးစွာ အိမ်ထောင်ပြုခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်းတို့ကြောင့် နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် သွေးအားနည်းခြင်း၊ လမစေ့မီ မီးဖွားခြင်း၊ အလိုအလျောက် သားပျက်သားလျှောခြင်းနှင့် အသေမွေးဖွားခြင်း၊ မိခင်နှင့် ကလေးသေဆုံးမှုများခြင်း၊ အာဟာရချို့တဲ့မှုစသည့် ကျန်းမာရေးဆိုးကျိုးများကိုလည်း ခံစားရနိုင်သည့်အတွက် ယခုပြဿနာများကို ဖြေရှင်းနိုင်ရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း" ပြီးခဲ့သည့် တနင်္လာနေ့က နေပြည်တော်တွင်ကျင်းပသည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အသက် ၁၀ နှစ်မှ ၁၉ နှစ်အတွင်းရှိသည့် အမျိုးသမီးငယ်ပေါင်း ငါးသန်းခန့်ရှိနေရာ ၎င်းတို့ရင်ဆိုင်နေကြရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများအနက် အရွယ်မတိုင်မီ မိခင်ဘဝသို့ရောက်ရှိရပြီး ပညာရေးဆုံးခန်းမတိုင်ခြင်းနှင့်အတူ ၎င်းတို့၏ အနာဂတ်လူမှုဘဝများပါ နိမ့်ကျ ကြရသည့်ဖြစ်ရပ်များကိုလည်း အထူးဂရုပြုကြရန် လိုအပ်သည်။ အထူးသဖြင့် ဆယ်ကျော်သက်အရွယ်မိန်းကလေးငယ်များ လူမှုကွန်ရက်သုံးစွဲရာတွင် လွဲမှားစွာသုံးစွဲမှုမရှိစေရန်၊ လူမှုကွန်ရက်များမှတစ်ဆင့် မိန်းကလေးများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဘဝများ ထိခိုက်နစ်နာမှုမရှိစေရန်အတွက် အနီးကပ်ဆုံးတာဝန်ရှိသူများမှာ ၎င်းတို့၏မိဘ၊ မိသားစုဝင်များနှင့် ဆရာ ဆရာမများပင်ဖြစ်သည်။ ဆယ်ကျော်သက်မိန်းကလေးငယ်များအား ၎င်းတို့၏အရွယ်အလိုက် လိုအပ်သော အသိပညာ၊ ဗဟုသုတများ၊ သတင်းအချက်အလက်များကိုပေးအပ်ပြီး ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်ရန်လည်း အလေးထားသင်ကြားပေးကြရမည်ဟု နှိုးဆော်အပ်ပါကြောင်း။ ။




# အာဇာနည်နေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

**အင်္ဂပူ ဇူလိုင် ၁၂**

အင်္ဂပူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး မြို့နယ်ပြည်သူ့စာကြည့်တိုက် စာကြည့်ခန်းမ၌ ဇူလိုင် ၁၁ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းပြီး (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သီသီရှိန်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောစုမြိုင်နှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများက မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ ခင်းကျင်းပြသထားသော အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်း နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# ဗိုလ်မှူးကြီးဗထူးနှစ်(၁၀၀)ပြည့် အခမ်းအနား ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်၌ ကျင်းပ

**ထားဝယ် ဇူလိုင် ၁၂**

ဗိုလ်မှူးကြီးဗထူး နှစ်(၁၀၀)ပြည့်အခမ်းအနားကို လောင်းလုံးမြို့နယ် ကမြောကင်းတံတားထိပ် ဗိုလ်မှူးကြီးဗထူးရုပ်တုအနီးရှိ ရေဆိပ်ဘုန်းတော်ကြီးကျောင်း၌ ဇူလိုင် ၁၂ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကားပြောကြားပြီး ထားဝယ်တပ်နယ်မှ စစ်ဗျူဟာမှူးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အမှူးပြုသော ကြည်း၊ ရေ၊ လေအရာရှိစစ်သည် မိသားစု၏ အလှူငွေကျပ်သိန်း ၅၀ ကို ကျင်းပရေးကော်မတီသို့ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ထားဝယ်တိုင်းရင်းသားပါတီဥက္ကဋ္ဌ ဦးအေးမင်းက ဗိုလ်မှူးကြီးဗထူးနှစ် (၁၀၀) ပြည့်အထိမ်း အမှတ်အခမ်းအနား ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော ဧည့်ပရိသတ်များအား ထားဝယ်ရိုးရာ အိုးစည် အကဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေခဲ့ကြသည်။ ထို့နောက် ထားဝယ်မြို့နယ် စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဦးကျော်စိုး(နေမင်းရာဇာ)က ဗိုလ်မှူးကြီးဗထူးနှစ် (၁၀၀)ပြည့် အထိမ်းအမှတ်ကဗျာကို ရွတ်ဆိုသည်။

ထို့နောက် ဗိုလ်မှူးကြီးဗထူး နှစ် ၁၀၀ ပြည့် အခမ်းအနားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သူရက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်ရုံး၊ ဗိုလ်မှူးကြီးဗထူး၏ ဆွေမျိုးများနှင့် အဖွဲ့အစည်းအသီးသီးတို့က ဗိုလ်မှူးကြီး ဗထူး၏ရုပ်တုတွင် အလေးပြုခြင်းအမှတ်တရ လွမ်းသူ့ပန်းခွေများ၊ ပန်းခြင်းများနှင့် ပန်းများချကာ ဘုန်းတော်ကြီးကျောင်းတွင် သံဃာတော်အပါး ၁၀၀ အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ရေစက်ချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# တောင်သာမြို့နယ်အတွင်း ပြွန်တံတား ၁၁ စင်းတည်ဆောက်ပေးလျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန် - ပြည် -မန္တလေးလမ်းပေါ်ရှိ တောင်သာ-ကျောက်ပန်းတောင်း သွားလမ်းပိုင်း ၆၈၂ ကီလိုမီတာမှ ၇၀၅ ကီလိုမီတာအတွင်း ၁ ဒသမ ၅၂ မီတာအရှည်၊ ၁၂ ဒသမ ၁၉ မီတာအကျယ်ရှိ ပြွန်တံတား ၁၁ စင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၁၃ ဒသမ ၅၀ သန်းဖြင့် တောင်သာမြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ယူလျက် ၂၀၁၇ ဇန်နဝါရီ ၃၁ ရက်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၂-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၆၀၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၂.၀ |
| ဥရောပ | တစ်ယူရို | ၁၂၉၄.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၀.၁၈ |
| ထိုင်း | တစ်ဘတ် | ၃၃.၃၀၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၅၆ |
| တရုတ် | တစ်ယွမ် | ၁၇၅.၂၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၂၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာ တူညီသော အကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုး ဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ်ပြောလို့ မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏သား ပြောပြသည့် အာဇာနည်နေ့နှင့် မိသားစုအကြောင်း

**သတင်းဆောင်းပါး - ဇော်ကြီး(ပဏ္ဍိတ)**

**မင်းသစ်(သတင်းစဉ်) ၊ ဓာတ်ပုံ - ဇော်မင်းလတ်**

**ရန်ကုန် ဇူလိုင် ၁၂**

"အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးတဲ့နေ့ ညနေပိုင်းမှာပဲ သခင်မြ ဇနီးရဲ့ဖခင်ဟာ အဲဒီသတင်းကြောင့်ပဲ နှလုံးရောဂါနဲ့ ရှော့ခ်ဖြစ်ပြီး ဆုံးသွားတယ်။ တစ်ရက်တည်းမှာ ယောက်ျားရယ်၊ ဖခင်ရယ် ဆုံးပါးသွားတဲ့အတွက် အမေဒေါ်ခင်ညွန့် အတော့်ကို ခံစားခဲ့ရတယ်" ဟု အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏ မွေးစားသားဖြစ်သူ ဦးရဲမြင့်အောင်က ပြောသည်။

သခင်မြကို အဘ ဦးဘိုးချွန်နှင့် အမိ ဒေါ်သက်လယ်တို့က ၁၈၉၇ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ပြည်ခရိုင် ထုံးဘိုမြို့၌ မွေးဖွားခဲ့သည်။

၃ တန်းမှ ၇ တန်းအထိ သာယာဝတီ အေ-ဘီ-အမ် ကျောင်းတွင်လည်းကောင်း၊ ၇ တန်းမှ ၁၀ တန်းအထိ ရန်ကုန် ဘက်ပတစ်ဟိုက်စကူးကျောင်းတွင်လည်းကောင်း ပညာသင်ကြားခဲ့သည်။ ၁၉၁၆ ခုနှစ်တွင် ရန်ကုန်ကောလိပ် အိုင် အက်(စ်)စီတန်းတွင် ဆက်လက်သင်ကြားခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်နှင့် ကာလကတ္တား ယူနီဘာစီတီမှ အိုင် အက်(စ်)စီ ဓာတုဗေဒဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

၁၉၂၀-၁၉၂၁ ခုနှစ်တွင် ရန်ကုန်ကောလိပ်သပိတ်တွင် ခေါင်းဆောင်ခဲ့သည်။ အဖွဲ့ဝင် ၂၄ ဦး ပါဝင်သော သပိတ်မှောက်ကောင်စီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး အမျိုးသားပညာရေးကောင်စီတွင် အဖွဲ့ဝင်တစ်ဦးဖြစ်သည်။

၁၉၂၂-၁၉၂၃ ခုနှစ်တွင် ကြည့်မြင်တိုင် အမျိုးသားကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ သို့သော် အမျိုးသားကျောင်းများ အစိုးရအထောက်အပံ့ယူသဖြင့် အမျိုးသားပညာရေးကောင်စီမှ နုတ်ထွက်ခဲ့သည်။

၁၉၂၄ ခုနှစ်တွင် ဘီအက်(စ်)စီ ဓာတုဗေဒဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ဇနီး ဒေါ်ခင်ညွန့်နှင့် လက်ထပ်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ဘီ အယ်(လ်) ဝတ်လုံစာမေးပွဲအောင်ပြီးနောက် သာယာဝတီသို့ပြန်ကာ ရှေ့နေလိုက် အလုပ်လုပ်ကိုင်ခဲ့ပြီး ဆင်းရဲသားများအတွက် အခမဲ့ရှေ့နေလိုက်ပေးသည်။ ဆရာစံအရေးတော်ပုံမှ ပေါက်ဖွားသော အမှုများတွင် ဆင်းရဲသားတရားခံများဘက်မှ လိုက်ပါခုခံခဲ့သည်။

၁၉၃၆ ခုနှစ်တွင် သခင်တစ်ယောက် ဖြစ်လာသည်။ ထို့နောက် ၁၉၃၇ ခုနှစ်တွင် တို့ဗမာအစည်းအရုံးအမှုဆောင် အဖွဲ့ဝင်တစ်ဦးဖြစ်လာပြီး တို့ဗမာအစည်းအရုံး၏ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့မှ ဥပဒေပြုလွှတ်တော်သို့ သာယာဝတီတောင်ပိုင်းမှ အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည်။

၁၉၃၈ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ဖြစ်ပေါ်ခဲ့သော ကျောင်းသားအရေးတော်ပုံတွင် အင်္ဂလိပ်အစိုးရလက်ချက်ကြောင့် ကျောင်းသားများ သွေးမြေကျရသည်ကို မကျေနပ်၍ အမတ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

၁၉၃၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးကြီးတွင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။

ထိုနှစ်မှာပင် ဗမာ့လွတ်လပ်ရေးအတွက် ပြည်သူ့အရေးတော်ပုံပါတီ ဖွဲ့စည်းရာတွင် သခင်မြ ဦးဆောင်ပါဝင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက တော်လှန်ရေးတွင် ပြည်ပမှ ခေါင်းဆောင်ရန် တာဝန်ယူခဲ့ပြီး ပြည်တွင်းမှ ခေါင်းဆောင်ရန် သခင်မြက တာဝန်ယူခဲ့ရသည်။ ထို့အပြင် စစ်အတွင်း အစိုးရအဖွဲ့တွင် ဝန်ကြီးအဖြစ်လည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် ဂျပန်ကိုတော်လှန်ရာ နိုင်ငံရေးပါတီများနှင့် ဗမာ့တပ်မတော်ပါ ပူးပေါင်း၍ ဖ-ဆ-ပ-လ အဖွဲ့ ဖွဲ့စည်းဖြစ်ပေါ်လာရာ ပြည်သူ့အရေးတော်ပုံပါတီမှ သခင်မြ ဦးဆောင်ပါဝင်ခဲ့သည်။

၁၉၄၅ ခုနှစ် မတ် ၂၇ ရက် တော်လှန်ရေးအတွက် သခင်မြ၏ တာဝန်မှာ ဂျပန်ကို အယုံသွင်း၍ အကျဉ်းချထားခြင်းခံရသော တော်လှန်ရေးရဲဘော်များအား ဂျပန်လက်မှ လွတ်မြောက်အောင် ဆောင်ရွက်ရန်ဖြစ်သည်။ ၁၉၄၅ ခုနှစ် စက်တင်ဘာတွင် ပြည်သူ့အရေးတော်ပုံပါတီကို မြန်မာပြည်ဆိုရှယ်လစ်ပါတီဟု ပြောင်းလဲဖွဲ့စည်းခဲ့ရာ သခင်မြ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ၁၉၄၆ ခုနှစ် အောက်တိုဘာတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရအဖွဲ့တွင် ပါဝင်ခဲ့ပြီး ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ မသမာသူတို့၏ လက်ချက်ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ကျဆုံးခဲ့သည်။


"ကျွန်တော်က သခင်မြကျဆုံးပြီး တစ်ပတ်အကြာ ရက်လည်ဆွမ်းကျွေးတဲ့နေ့မှာ မွေးတာပါ။ ကျွန်တော့်ကို အဲဒီအိမ်မှာပဲ မွေးတော့ ငယ်ငယ်ကတည်းက သခင်မြဇနီးက မွေးစားခဲ့တယ်။ ကျွန်တော်တို့ မောင်နှမ လေးဦးထဲက အရွယ်ရောက်တဲ့အခါမှာတော့ ကျွန်တော်နဲ့ ညီမလေး အေးမီအောင်ကို စာချုပ်စာတမ်းနဲ့ တရားဝင်မွေးစားလိုက်တယ်"ဟု သခင်မြ၏ မွေးစားသားဖြစ်သူ ဦးရဲမြင့်အောင်က ပြောသည်။

သခင်မြသည် စကားနည်းပြီး အနေအေးသည့်အပြင် လောဘနှင့် အတ္တမရှိသူတစ်ဦးဖြစ်ကာ စာဖတ်ဝါသနာကြီးသူဖြစ်ကြောင်း၊ ထုံးဘိုမြို့ဇာတိဖြစ်သော်လည်း သာယာဝတီမြို့တွင် ရှေ့နေအလုပ်ဖြင့် လယ်သမား၊ အလုပ်သမားလူတန်းစားများအတွက် ရှေ့နေလိုက်ပေးခဲ့သဖြင့် သာယာဝတီသခင်မြဟုပင် နာမည်ကြီးခဲ့ကြောင်း ၎င်းက ဆိုသည်။



ဦးရဲမြင့်အောင်နှင့် အစ်မ ဒေါ်ခင်ဆွေဝင်း (အာဇာနည်ခေါင်းဆောင် သခင်မြ၏ မွေးစားသားနှင့် တူမ)

"အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးသွားတဲ့နောက် မိသားစုဝင်တွေကို နိုင်ငံတော်က စကော့ဈေးမှာ ဆိုင်ခန်းတစ်ခန်းစီပေးတယ်။ နောက်ပြီး BOC ကုမ္ပဏီက ဓာတ်ဆီဆိုင်လုပ်ပိုင်ခွင့်ချပေးခဲ့တယ်။ နောက်ပိုင်းမှာတော့ ဦးနေဝင်း လက်ထက်မှာ ပြည်သူပိုင်သိမ်းတဲ့အထဲ အကုန်ပါသွားတယ်။ အဲဒီတုန်းက ဦးနေဝင်းက အမေ့ကို ခေါ်ပြီးတိုင်ပင်တယ်။ အာဇာနည်မိသားစုဝင်တွေ စားဝတ်နေရေးအဆင်ပြေဖို့ တစ်လတစ်ထောင်ကျပ် ပေးမယ်ဆိုပြီး ပြောတယ်။ အဲတုန်းက တစ်လတစ်ထောင်ဆိုတာ မိသားစုအတွက် လုံလောက်တယ်။ အဲလိုနဲ့နေလာခဲ့တာ အမေ့အသက် ၆၅ နှစ် (၁၉၇၂ ခုနှစ်) မှာ ဆုံးသွားတဲ့နောက် မရတော့ပါဘူး" ဟု ၎င်းက သူတို့မိသားစု ဖြတ်သန်းခဲ့ရမှုနှင့် ပတ်သက်၍ ပြောပြသည်။



အာဇာနည်ခေါင်းဆောင် သခင်မြနှင့် ဇနီး ဒေါ်ခင်ညွန့်

ထို့အပြင် အာဇာနည်နေ့အခမ်းအနားနှင့် ပတ်သက်၍လည်း ၎င်းက "အာဇာနည်နေ့အခမ်းအနားတွေကို ကျွန်တော်အရွယ်ရောက်တဲ့အခါမှာ အမေက လက်ဆွဲခေါ်သွားလေ့ရှိတယ်။ ဦးနေဝင်းခေတ်ကဆိုရင် အာဇာနည်နေ့အပြင် လွတ်လပ်ရေးနေ့ပါ အာဇာနည်မိသားစုဝင်တွေကို ဖိတ်တယ်။ ဦးနေဝင်းခေတ်ပြီးတော့ နောက်ပိုင်းမှာ လွတ်လပ်ရေးနေ့ မဖိတ်တော့ဘူး။ အာဇာနည်နေ့တစ်နေ့ပဲ ဖိတ်တော့တယ်။ သမ္မတဦးသိန်းစိန်လက်ထက်မှာတော့ ပြောင်းလဲလာတယ်။ အာဇာနည်နေ့အခမ်းအနားတက်ရတာလည်း အဆင်ပြေလာပါတယ်" ဟု သူ၏ အတွေ့အကြုံကို ရှင်းပြသည်။

"ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင် အာဇာနည်နေ့မတိုင်ခင်ကတည်းက သတင်းစာမျက်နှာဖုံးထိပ်မှာ အာဇာနည်နေ့ တို့မမေ့ ဆိုတဲ့ စာတမ်းတွေ၊ တီဗွီမှာဆိုလည်း အသိပေးကြော်ငြာတာတွေကို မြင်တွေ့ရတယ်။ အာဇာနည်နေ့ အောက်မေ့ဖွယ်ရာ သီချင်းနဲ့ ဇာတ်လမ်းတွေ ပြန်ပြတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ဘယ်လိုကိုယ်ကျိုးစွန့်ပြီး လုပ်ခဲ့သလဲဆိုတာကို နောင်လာမယ့် မျိုးဆက်သစ်တွေ သိစေချင်ပါတယ်။ မသိမသာ ဖြတ်သန်းသွားတာမျိုးမဖြစ်စေချင်ပါဘူး"ဟု ဦးရဲမြင့်အောင်က သူ၏ ခံစားချက်ကို ပြောသည်။

ထို့အပြင် အာဇာနည်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန်တွင် ဥသြဆွဲခြင်း၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှတစ်ဆင့် တေးသံရှင် မာမာအေး၊ တင်တင်မြတို့ သီဆိုထားသည့် အာဇာနည်နေ့နှင့်ပတ်သက်သော သီချင်းများကို ပြန်လည်ထုတ်လွှင့်ပေးခြင်းတို့ကို ပြန်လည်လုပ်ပေးရန် မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

"ကျွန်တော်တို့ ဒီအချိန်ရောက်တိုင်း နှစ်တိုင်းဆွမ်းကျွေးတယ်။ ကျွေးတဲ့အခါတိုင်းမှာလည်း မနေ့တစ်နေ့က ဖြစ်ခဲ့တဲ့အပေါ် ရက်လည်ဆွမ်းကျွေးနေသလို ခံစားရတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးတဲ့အချိန်ရောက်တိုင်း အိမ်ကိုလာတဲ့ အပေါင်းအသင်းတွေနဲ့အတူ အိမ်ထဲမှာရှိတဲ့ ဓာတ်ပုံကြီးတွေရှေ့မှာ အလေးပြုတာတွေ လုပ်ကြပါတယ်။ ဒီနှစ်မှာတော့ ဆွမ်းကျွေး တာကို အိမ်မှာမလုပ်ပါဘူး။ တက္ကသိုလ်ရိပ်သာလမ်းထဲက ဘုန်းတော်ကြီးကျောင်းမှာ လုပ်မှာပါ" ဟု ဦးရဲမြင့်အောင်က ဆိုသည်။

ဒီမိုကရေစီပြည်သူ့အစိုးရလက်ထက်တွင် အာဇာနည်ဗိမာန်ကို ယခင်နှင့်မတူ ပြင်ဆင်မှုတွေလုပ်နေသည့်အတွက် ယခုနှစ်အာဇာနည်နေ့သည် ထူးခြားသည့်အသွင်သစ်များဖြင့်လည်း ပြန်လည်နိုးထအသက်ဝင်လာနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နေမှုအပေါ်တွင်လည်း ၎င်းတို့ အာဇာနည်မိသားစုဝင်များအနေဖြင့်လည်း ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**မြန်မာ့ရုပ်မြင်သံကြား**

**News Channel**

၁၃-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၈း၃၅ - **တိုင်းပြည်အတွက် အသက်ပေး ကာကွယ် လွတ်လပ်ရေးကို အရယူလို့ မမေ့နိုင်တဲ့ တို့ဗိုလ်ချုပ်**

၁၁း၁၅ - သူတို့အတွေး၊ သူတို့အမြင်

၁၄း၁၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ ရန်အောင်

၁၄း၄၅ - **သမိုင်းထဲကနေ့တစ်နေ့ (သို့) သမိုင်း ထဲက အာဇာနည်**

**ညပိုင်း**

၁၆း၁၅ - **အာဇာနည်နေ့ ဘယ်အခါမမေ့နိုင်သည့် ပြည်သူတို့ရဲ့စကားသံ**

၁၇း၁၅ - မြန်မာ့ဓလေ့ရိုးရာ လက်ဝှေ့ (ကြယ်စင်ဖြိုးနှင့် စောထူးဇော်)

၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ မင်္ဂလာပါဂင်ချီ (အပိုင်း- ၆၁)

၂၀း၀၀ - ပြည်တွင်းသတင်း

၂၀း၃၀ - **တပ်မတော်ဖခင် ဗိုလ်ချုပ်အောင်ဆန်း**

- နိုင်ငံခြားဇာတ်လမ်းတွဲ မကြွေတဲ့နှင်းဆီ (အပိုင်း-၃၅)

- ဂီတသမား၊ ဂီတစကား (ဖော်ကွာဝေး အီနောင် ဇာတ်ထွက် ယိုးဒယား)

မှတ်ချက်။ ။နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

# ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ဒုတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးစည်းဝေး

**နေပြည်တော် ဇူလိုင် ၁၂**

ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ဒုတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ၂၀၁၆ ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူးက ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအမှူးများနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ဦးခင်မောင်လေး (ဖိုးသောကြာ)ပြောသည့် အာဇာနည်နေ့နှင့် အာဇာနည်စိတ်ဓာတ်ဆိုသည်မှာ

**ဝင်းဝင်းမော်၊ နန္ဒာဝင်း၊ ဓာတ်ပုံ - ဝင်းနန္ဒာ**

**အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကျဆုံးခဲ့သည်မှာ ယခုဆိုလျှင် ၆၉ နှစ်ရှိခဲ့ပြီဖြစ်သည်။ ကာလယန္တရား၏ ရွေ့လျားမှုနှင့်အတူ ဗိုလ်ချုပ်ကို သိမီလိုက်သူများမှာလည်း တဖြည်းဖြည်းရှားပါးလာပြီ ဖြစ်သည်။ ထိုသို့ သိမီလိုက်သူများထဲတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ)တစ်ဦးလည်း အပါအဝင်ဖြစ်သည်။ ဆရာကြီး ဖိုးသောကြာသည် ယခု အသက် ၉၀ ရှိပြီဖြစ်ရာ ဗိုလ်ချုပ်တို့ ကျဆုံးခဲ့စဉ်က ဆယ်ကျော်သက်အရွယ်ဖြစ်သည်။ မြန်မာ့သတင်းစဉ်က ဆရာကြီး ဖိုးသောကြာအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

**မေး ။ ။ ဗိုလ်ချုပ်ကို သိမီလိုက်သူဖြစ်တဲ့အတွက် မျိုးဆက်သစ်တွေ ဗဟုသုတရအောင် ဗိုလ်ချုပ်အကြောင်းကို ပြောပြပေးပါ။**

ဖြေ ။ ။ ဒီကနေ့မျိုးဆက်က ဗိုလ်ချုပ်အောင်ဆန်းကို ရုပ်ရှင်မင်းသားမင်းသမီးတစ်ယောက်လို လူပုဂ္ဂိုလ်ကို ရူးသွပ်တာ (ခရေဇီ)ဖြစ်နေတာမျိုးက တိုင်းပြည်အတွက် အကျိုးမရှိဘူး၊ တိုင်းပြည်နဲ့လူမျိုးအကျိုးအတွက် သူ့စိတ်ဓာတ်ကို ခရေဇီဖြစ်ဖို့ဆိုတာကို သဘောပေါက်စေချင်တယ်၊ ဗိုလ်ချုပ်အောင်ဆန်းကို အာဇာနည်ဆိုတဲ့အသိနဲ့ ခရေဇီဖြစ်မှ တိုင်းပြည်အတွက် အကျိုးရှိမယ်၊ တိုင်းပြည်ကအာဇာနည်တွေ မွေးဖွားရကျိုးနပ်မယ်၊ ဗိုလ်ချုပ်အောင်ဆန်းလို အာဇာနည်တွေလည်း အများကြီးပေါ်ထွန်းလာမယ်၊ အသက် ၁၃ နှစ်၊ ၁၄ နှစ်အရွယ်က ဗိုလ်ချုပ်ကိုမီခဲ့တယ်၊ အဘတို့က ဗိုလ်ချုပ်ကို ရူးသွပ်ခဲ့တယ်၊ တိုင်းပြည်ကို အကျိုးပြုခဲ့ကြတယ်၊ လူကိုခရေဇီဖြစ်တာ မဟုတ်ဘူး၊ စိတ်ကို ခရေဇီဖြစ်တာ။

**မေး ။ ။ အာဇာနည်စိတ်ဓာတ်နဲ့ပတ်သက်ပြီး ရှင်းပြပေးပါ။**

ဖြေ ။ ။ အာဇာနည်ဆိုတာ ဒုကင်္ဂုတ္တရကျမ်း၊စတုကင်္ဂုတ္တရကျမ်းမှာပါတာက မကြောက်မရွံ့မတွန့်မဆုတ်ဘဲ ကြောင်းကျိုးဟုတ်မှန်ရာကို ဝေဖန်တတ်သောပုဂ္ဂိုလ်ဆိုတာ အာဇာနည်ဆိုတော့ ဗိုလ်ချုပ်ကို အဲ့ဒီပေတံနဲ့တိုင်းတာခဲ့တယ်။ လူတိုင်းက အာဇာနည်မဖြစ်နိုင်ဘူး၊ အာဇာနည်ဖြစ်သင့်တဲ့ လူမှဖြစ်တာ၊ ဗိုလ်ချုပ်ကို အာဇာနည်လို့သတ်မှတ်တယ်၊ ဗိုလ်ချုပ်က သူရဲကောင်းလည်းဟုတ်တယ်၊ အာဇာနည်လည်းဟုတ်တယ်၊ သူရဲကောင်းဆိုတာကတော့ မကြောက်မရွံ့မတွန့်မဆုတ် ဖြစ်ချင်မှဖြစ်မယ်၊ သူက စွန့်စားတာ၊ ဗိုလ်ချုပ်ကိုသတ်မှတ်တာ ကိုယ်ကျိုးကိုစွန့်ပြီး တိုင်းပြည်အတွက် အလုပ်လုပ်တဲ့အချိန်ကစပြီး နောက်ဆုံး ကမ္ဘာ့အခြေအနေ၊ တိုင်းပြည်အခြေအနေအရ လွတ်လပ်ရေးရဖို့ ဂျပန်ကိုထွက်သွားတယ်၊ ပြန်လာတယ်။ အဲ့ဒီအချိန်မှာသူသည် စွန့်စားသွားတာ၊ သူရဲကောင်း။ အဲဒီခေတ်က ဘယ်လောက်ခက်ခဲလဲ၊ ကမ္ဘာကြီးက အခုအိုင်တီခေတ်လို မဟုတ်ဘူး။ ကိုယ့်ကျိုးစွန့်ပြီး အသက်ကိုပဓာနမထားဘဲ လုပ်သွားတာသည် သူ့ရဲကောင်းပဲ။ အာဇာနည်မဖြစ်သေးဘူး၊ တိုင်းပြည်ကိုပြန်လာ ရဲဘော်သုံးကျိပ်ကိုစု၍ ဂျပန်ကို ပြန်ထွက်သွားပြီး စစ်ပညာသင်တယ်၊ သူတို့သည်လည်း သူရဲကောင်းတွေပဲ၊ နောက်ဂျပန်ကပြန်လာတယ်၊ လွတ်လပ်ရေးကို ပြန်တောင်းတယ်။



**သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ)**

နိုင်ငံတိုင်းရဲ့ ပြက္ခဒိန်မှာ အာဇာနည်နေ့မရှိဘူး၊ ကမ္ဘာမှာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံ ၁၃၅ နိုင်ငံမှာ အာဇာနည်နေ့မရှိဘူး။ နိုင်ငံတစ်နိုင်ငံရဲ့ ပြက္ခဒိန်မှာ အာဇာနည်နေ့တစ်နေ့ရဖို့ဆိုတာ သမိုင်းက ခိုင်ခိုင်မာမာ၊ ခိုင်ခိုင်လုံလုံပေးမှရတာ။ ဒီလိုပေးတဲ့ သမိုင်းကလည်း ပြည်သူကလက်ခံမှရတာ၊ ဇူလိုင် ၁၉ ဆိုတာ အလွယ်တကူ ဖြစ်လာတာမဟုတ်ဘူး။ ဒါတွေကို လူငယ်တွေကို သိစေချင်တယ်၊ ဗိုလ်ချုပ်အောင်ဆန်းနေ့မဟုတ်ဘူး။ အာဇာနည်နေ့။ ဗိုလ်ချုပ်မွေးတဲ့ ဖေဖော်ဝါရီ ၁၃ ရက်က ဗိုလ်ချုပ်အောင်ဆန်းနေ့၊ ဒါပေမယ့် ဗိုလ်ချုပ်အောင်ဆန်းကို အကြောင်းပြု ဒီနေ့တစ်နေ့ကို သတ်မှတ်လိုက်သော်ငြား မြန်မာနိုင်ငံ စတင်ဖြစ်ပေါ်လာတဲ့ အချိန်ကစပြီး ဒီကနေ့အထိ နိုင်ငံနဲ့ ပြည်သူတွေအတွက် တိုင်းပြည်ကို အာဇာနည်စိတ်ဓာတ်နဲ့ အကျိုးပြုသွားတယ်ဆိုတဲ့ခံယူချက်နဲ့ ပြည်သူတွေက အာဇာနည်တွေကို အလေးပြုစေချင်တယ်၊ ဗိုလ်ချုပ်အောင်ဆန်းကို အကြောင်းပြုပြီး ဇူလိုင် ၁၉ ကို သတ်မှတ်ခဲ့တယ်၊ သို့သော် ဗိုလ်ချုပ်အောင်ဆန်း မတိုင်မီမှာ တိုင်းပြည်မှာ အာဇာနည်တွေ အများကြီးရှိတယ်၊ အဲဒီပုဂ္ဂိုလ်တွေကိုပါ ဂုဏ်ပြုတာ၊ ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုတာမဟုတ်ဘူး၊ အာဇာနည်တွေကို ဂုဏ်ပြုတာ၊ ဒီလိုသဲသဲကွဲကွဲ သိစေချင်တာ ဘဘရဲ့ဆန္ဒပါ၊

**မေး ။ ။ ခေတ်အလိုက် အာဇာနည်နေ့ အခမ်းအနားကျင်းပခဲ့တဲ့အပေါ် ဘယ်လိုမြင်ပါသလဲ။**

ဖြေ ။ ။ အာဇာနည်နေ့ကို ပြက္ခဒိန်ပေါ်က ဖျောက်ဖျက်လို့မရဘူး၊ အာဇာနည်နေ့ကို သမိုင်းထဲက ဖျောက်ဖျက်လို့မရဘူး၊ အလားတူ အာဇာနည်နေ့ကို နိုင်ငံရေးအလို့ငှာ၊ နိုင်ငံရေးပါတီတစ်ရပ်အတွက်အလို့ငှာ အသုံးချလို့မရဘူး။ နိုင်ငံအတွက်သာ အသုံးချရမယ်။ ဗိုလ်ချုပ်အောင်ဆန်းပုံတွေ ငွေစက္ကူပေါ်မှာ ဘာကြောင့်တင်သလဲ။ အမေရိကန်သမ္မတ ဂျော့ချ်ဝါရှင်တန်၊ လင်ကွန်းပုံတွေ အမေရိကန်ဒေါ်လာပေါ်မှာ ရှိနေတုန်းပါပဲ။ တိုင်းပြည်အတွက်အသုံးချနေတာ၊ နိုင်ငံရေးအလို့ငှာ ဗိုလ်ချုပ်အောင်ဆန်းကို အသုံးချလိုက်တာ။ ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်သူကလက်ခံတဲ့ အာဇာနည်ဆိုတာ မေ့သွားအောင်လုပ်ခဲ့တာကိုလည်း ဝမ်းနည်းတယ်။

ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရတဲ့ ဇူလိုင် ၁၉ ကို ဖဆပလက အာဇာနည်နေ့လို့ သတ်မှတ်ခဲ့တယ်၊ ဖဆပလအစိုးရဖွဲ့တဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးတဲ့ ဇူလိုင် ၁၉ ရက်ကို အာဇာနည်နေ့အဖြစ် ပါလီမန်က သတ်မှတ်လိုက်တယ်၊ အဲဒီအချိန်တုန်းက ဦးနုခေါင်းဆောင်တဲ့ ဖဆပလအစိုးရမှာ ပထမဆုံးသမ္မတကြီး စဝ်ရွှေသိုက်၊ ပထမဆုံးဝန်ကြီးချုပ် ဦးနုတို့က ဇူလိုင် ၁၉ ကို အာဇာနည်နေ့အဖြစ် သတ်မှတ်လိုက်ခြင်းသည် ဖဆပလ အဖွဲ့ချုပ်ကြီး အာဏာတည်မြဲစေရေးအလို့ငှာ သတ်မှတ်လိုက်တာလား၊ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးတာကို အခွင့်အရေးယူပြီး သတ်မှတ်လိုက်တာလားဆိုတာ မေးရမယ်၊ အာဇာနည်နေ့ကို မြန်မာပြက္ခဒိန်မှာ ရေးထိုးပေးလိုက်တာက အာဇာနည်တွေကို ဂုဏ်ပြုတာ၊ နောက်ဆုံး အာဇာနည်အဖြစ် သတ်မှတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုတာ၊ ဖဆပလအာဏာတည်မြဲရေးကို ဂုဏ်ပြုတာမဟုတ်ပါဘူး။

ဒီလိုအာဇာနည်နေ့မျိုးကို ဘယ်လိုဆက်လက် ထိန်းသိမ်းမလဲ။ ၁၉ ရက်နေ့မှ ပန်းခွေချရုံနဲ့ အာဇာနည်စိတ်ဓာတ်ရမလား၊ ဒီစိတ်ကိုဆက်ပြီး မွေးပေးရမယ်၊ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံတွေ၊ ကျောက်ရုပ်တွေ၊ ကျောက်တိုင်တွေ၊ ဓာတ်ပုံတွေ၊ လမ်းတွေ စသဖြင့် အထိမ်းအမှတ်တွေက ဒီလို အာဇာနည် စိတ်ဓာတ် မွေးချင်တဲ့ ရည်ရွယ်ချက်နဲ့ အမှတ်တရ အမွှမ်းတင်တာ၊ လူပုဂ္ဂိုလ်ကို အမွှမ်းတင်တာမဟုတ်ဘူး၊ တိုင်းပြည်အတွက် အာဇာနည်ကို အမွှမ်းတင်တာ။ ဒီလို ကွဲကွဲပြားပြား မျိုးဆက်သစ်တွေ မြင်စေချင်တယ်။

**မေး ။ ။ မျိုးဆက်အလိုက် အာဇာနည်စိတ်ဓာတ်တွေ လက်ဆင့်ကမ်းအမွေပေးနိုင်ဖို့ ဘယ်လို ဆောင်ရွက်သင့်ပါသလဲ။**

ဖြေ ။ ။ ကလေးတွေမူလတန်းကစပြီး သင်ရတယ်။ဖေဖော်ဝါရီ ၁၃ ဟာ ဗိုလ်ချုပ်မွေးနေ့ပါဆိုတာ၊ ဗိုလ်ချုပ်အောင်ဆန်းပါတီအတွက် သင်တာမဟုတ်ဘူး၊ တိုင်းပြည်အတွက် လုပ်တဲ့လုပ်ရပ်တွေကို ဖော်ကျူးတာ။ လူတစ်ယောက်ဖြစ်လာရင် ကိုယ့်တိုင်းပြည်အတွက် အလုပ်အကျွေးပြုရမယ်ဆိုတဲ့ စိတ်ကို ကလေးတွေကို ရိုက်သွင်းနိုင်မှသာလျှင် တိုင်းပြည်အတွက် အနာဂတ်လှပမယ်၊ လက်ရှိမျိုးဆက်မှာပဲ တိုင်းပြည်အတွက် အာဇာနည်စိတ်ဓာတ် အပြည့်မဟုတ်တောင် ၅၀ ရာခိုင်နှုန်းလောက်ရှိရင် တိုင်းပြည်အနာဂတ်လှပမယ်၊ ဒီကနေ့ မျိုးဆက်ကို တိုင်းပြည်အပ်ခဲ့ရမှာ ဖြစ်ပါတယ်။ အာဇာနည်မျိုး သေရိုးမရှိ၊ အာဇာနည်ဖြစ်တာနဲ့ တစ်သက်လုံး မသေတော့ဘူးလားလို့ မေးစရာရှိပါတယ်။ အာဇာနည်စိတ်ဓာတ်က တိုင်းပြည်အတွက် ဘယ်တော့မှမသေရဘူး။ တိုင်းပြည်အတွက် အမြဲတမ်းရှင်သန်နေရမယ်။ အာဇာနည်စိတ်ဓာတ်ကို သတ်ပစ်တာက တိုင်းပြည်ကို သတ်ပစ်တာနဲ့ အတူတူပဲလို့ခံစားရတယ်။

အာဇာနည်နေ့ကို နိုင်ငံရေးပါတီတစ်ရပ်၊ အဖွဲ့အစည်းတစ်ရပ်၊ ခေါင်းဆောင်တစ်ယောက်အလို့ငှာ မကျင်းပရဘူး။ တက်ချင်တဲ့ အစိုးရတက်ပါ။ ၁၉၄၈ ခုနှစ်တုန်းက ပြည်သူတွေက တစ်ခဲနက်အသိအမှတ်ပြုထားတဲ့ အာဇာနည်နေ့ ဖြစ်တယ်ဆိုတာ မမေ့သင့်ပါဘူး။ အခုမှ အာဇာနည်နေ့ ဘာညာလုပ်နေကြတယ်။ အာဇာနည်စိတ်ဓာတ်ကိုမွေးပြီး သားစဉ်မြေးဆက် သယ်ဆောင်သွားရမယ်၊ လုပ်ပိုင်ခွင့်ရှိတဲ့ အစိုးရသည် မည်သည့်အစိုးရဖြစ်စေ လုပ်ပေးရမယ်၊ အခုအစိုးရမှ မဟုတ်ဘူး၊ ပြီးခဲ့တဲ့ အစိုးရ၊ အာဏာသိမ်းတဲ့အစိုးရလည်း လုပ်ရမယ်၊ တိုင်းပြည်ကို အာဏာယူတဲ့အစိုးရတိုင်းလည်း လုပ်ပေးရမယ်၊ အာဇာနည်စိတ်ဓာတ်တွေကို ကျောင်းတွေ မူကြိုတွေကအစ သင်ကြားပေးရမယ်၊ ကျောင်းသုံးသင်ခန်းစာတွေမှာ ထည့်သွင်းသင်ကြားပေးရမယ်။ အာဇာနည်ဆိုတာ ဒီလိုပုဂ္ဂိုလ်မျိုးတွေပါလားဆိုတာ မြင်လာအောင် သင်ကြားပေးရမယ်၊ အာဇာနည်စိတ်ဓာတ် အမြဲမွေးပေးနေရမယ်။

အာဇာနည်စိတ်ဓာတ်ကို စက်နဲ့လှည့်ထုတ်လို့ မရဘူး၊ မွေးမြူပေးရမှာ။ သမိုင်းက သမိုင်းပဲ သန့်သန့်လေးရှိနေရမယ့် သမိုင်းကို မလိမ်နဲ့ မဖျက်နဲ့။ သမိုင်းကို အပိုင်းပိုင်းအဖြတ်ဖြတ် မချိုးပစ်ပါနဲ့။ နိုင်ငံရေးသမားမှ တိုင်းပြည်ကိုချစ်တာ မဟုတ်ပါဘူး။ လူတိုင်းလူတိုင်း တိုင်းပြည်ကို ချစ်ကြပါတယ်။

## သမအသင်း ချေးငွေပေးအပ်

**သာယာဝတီ ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သမဝါယမအသင်းစုလီမိတက် Exam Bank ချေးငွေပေးအပ်ပွဲကို ဇူလိုင်လ ဒုတိယပတ်က အသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမ အသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးတင်လှိုင်က Exam Bank ချေးငွေအား စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၊ မွေးမြူရေး သမဝါယမအသင်းများသို့ ချေးငွေကျပ်သိန်းပေါင်း ၂၈၀၀၀ ကျော်ကို မြို့နယ်သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန့်ဇော်(မြန်/ဆက်)**

## လောက်ကိုင်ခရိုင် မိုးရာသီစုပေါင်းသစ်ပင်စိုက်

**လောက်ကိုင် ဇူလိုင် ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင်လပထမပတ်က ရွှေယင်စီးကျေးရွာအုပ်စု ပါစင်ကျော်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က အမှာစကားပြောကြားပြီး အခမ်းအနား တက်ရောက်ကြသော ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကျွန်းပင်၊ ရေသင်းဝင်၊ မဲဇလီ၊ ယူကလစ်၊ သစ်လှ၊ စိန်ပန်းနှင့် ကံ့ကော် စုစုပေါင်း ပျိုးပင် ၅၅၀ စိုက်ပျိုးကြကြောင်း သိရသည်။ **(ခရိုင် မြန်/ဆက်)**

✱ ရှေ့ဖုံးမှ

၅။ သို့ဖြစ်ရကား မဘသအဖွဲ့သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ သံဃနာယကလက်စွဲ၊ ညွှန်ကြားလွှာများ၌ ဖော်ပြပါရှိခြင်း မရှိသည့်အပြင် အဆိုပါညွှန်ကြားလွှာ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းထားသည့် အဖွဲ့မဟုတ်ပါကြောင်း အများပြည်သူများ ယုံမှားသံသယမရှိစေရန် ထုတ်ပြန်ကြေညာလိုက်သည်။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု၊
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တစန္ဒိမာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဉာဏိန္ဒ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဝိလာသ
(ဓမ္မာစရိယ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဒေါက်တာဘဒ္ဒန္တပညာနန္ဒ
(အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တသြဘာသာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဝိလာသ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဂုဏိကာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တဓမ္မာစာရ
(မဟာဂန္ထဝါစကပဏ္ဍိတ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တနန္ဒသာရ
(မဟာဂန္ထဝါစကပဏ္ဍိတ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တသြဘာသ
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တအဂ္ဂဓမ္မ
(အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တသီလာစာရာဘိဝံသ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

❒ ရှေ့ဖုံးမှ

လူမှုပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းစဉ်ဆန်းစစ်မှုများကို လုပ်ဆောင်လျက်ရှိပြီး ယင်းလုပ်ငန်းများကို E Guard ကုမ္ပဏီက လုပ်ဆောင်လျက်ရှိသည်။ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းကို ၂၀၁၂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၏ လုပ်ထုံးလုပ်နည်းများနှင့် လူမှုရေးရာ စဉ်းစားဆင်ခြင်မှုများကို ဥပဒေနှင့်အညီ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ကတော့ လုပ်ငန်းတစ်ခုလုပ်တိုင်း၊ စီမံကိန်းတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုရင် ဖြစ်နိုင်ခြေနဲ့ ဖြစ်မြောက်လေ့လာမှုဆိုတာတွေ လုပ်ရပါတယ်။ လုပ်တဲ့အခါမှာလဲ EIA၊ SIA လို့ခေါ်တဲ့ လူမှုပတ်ဝန်းကျင်ကိစ္စရပ်တွေကိုလည်း စိစစ်ပါတယ်။ ဒီနေ့မှာတော့ စိစစ်ချက်တွေ လူထုကို တင်ပြဆွေးနွေးတာပါ။ ပြည်သူတွေရဲ့ လိုလားချက်၊ ပြည်သူတွေရဲ့ အသံကို နားထောင်တာဖြစ်တယ်။ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးမှာ ရထားလမ်းတစ်ခုတည်းမဟုတ်ပါဘူး။ ရထားလမ်းနဲ့ ဆက်နွှယ်တဲ့လုပ်ငန်းတွေဖြစ်တဲ့ ဇလီဖားတုံးတွေ၊ တံတားတွေ၊ ဆက်သွယ်မှုအချက်ပြအားလုံးတွေကို လုပ်ရမှာပါ။ အလားတူ ဘူတာတွေ၊ ပလက်ဖောင်းတွေ၊ ဘူတာအဆောက်အအုံတွေကိုလည်း ပြန်လည်ပြုပြင်မှုလုပ်ငန်းစဉ်တွေ ပါဝင်လာပါမယ်။ ရထားတွေပြောင်းလဲပြေးဆွဲပေးမယ်ဆိုရင်လည်း ဘယ်လိုရထားတွေပြေးမလဲ၊ ဘယ်လိုဝယ်မလဲဆိုတဲ့ စီမံချက်တစ်ခုကိုချမှတ်ပြီး ဆောင်ရွက်ရပါတယ်။ ကျွန်တော်တို့ဟာ ရထားလမ်းအဆင့်မြှင့်တင်ရေးလုပ်သလို ဆက်နွှယ်သော ဘူတာတွေ၊ ရထားတွေ၊ တွဲဆိုင်းတွေ အားလုံးကိုလည်း မြှင့်တင်သွားမှာပါ"ဟု ဦးထွန်းအောင်သင်းက ပြောသည်။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း၏ အခြေခံလုပ်ငန်းအားလုံးအတွက် ကုန်ကျမှုကို နိုင်ငံတော်ဘတ်ဂျက်နှင့် လုပ်ဆောင်တာဖြစ်ပြီး ထိုသို့လုပ်ဆောင်ရာတွင်လည်း အပိုင်းလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရာတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ODA Loan အနေဖြင့် အမေရိကန်ဒေါ်လာ ၂၀၆ သန်းအကူအညီပေးမည်ဖြစ်ကာ ယင်းငွေဖြင့် DEMU အဆင့်မြင့် ရထားတွဲခြောက်တွဲပါ တွဲဆိုင်း ၁၁ ဆိုင်းကိုလည်း လာမည့် ၂၀၁၈ ခုနှစ်တွင် ဝယ်ယူအဆင့်မြှင့်ပြေးဆွဲသွားမည်ဖြစ်သည်။ ထို့အပြင် ကားလမ်းကူး ၂၅ နေရာကိုလည်း အချက်ပြစနစ်သစ်များတပ်ဆင်သွား၍ ယင်းငွေကို အသုံးပြုသွားမည်ဖြစ်သည်။ ရန်ကုန်မြို့ပတ်ရထား အဆင့်မြှင့်တင်ရာတွင် စီမံကိန်းကာလ သုံးခုသတ်မှတ်ထားပြီး နှစ်တိုကာလကို ၂၀၁၈ အထိ သတ်မှတ်ထားပြီး နှစ်လတ်ကာလကို ၂၀၂၅ ခုနှစ်အထိ သတ်မှတ်ကာ နှစ်ရှည်ကာလ စီမံကိန်းကို ၂၀၃၅ ခုနှစ်အထိ သတ်မှတ်လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း၏ ဒုတိယအကြိမ် ပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် ပြည်သူများ တက်ရောက် ဆွေးနွေးခဲ့ကြသည်။



## အမ်းမြို့နယ် ရေကြီးနစ်မြုပ်ကျေးရွာများတွင် စုပေါင်းသန့်ရှင်း

**အမ်း ဇူလိုင် ၁၂**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် ဇူလိုင်လပထမပတ်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သော ကျေးရွာများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများပူးပေါင်း၍ ဇူလိုင် ၁၁ ရက် က စုစုပေါင်း ၁၃၅ ဦးဖြင့် ဂျိတ်ချောင်းကျေးရွာ၊ အမကကျောင်း၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် ကဇုကိုင်း-ဒါးလက်အုပ်စု ကျေးရွာချင်းဆက်လမ်း၊ တံတားများပေါ်တွင်ရေပြန်ကျပြီးတင်ကျန်ခဲ့သော ရွှံ့နုန်းမြေများကြောင့် ပြည်သူများသွားလာရေးခက်ခဲသဖြင့် မီးသတ်ပိုက်များဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)

● ရှေ့ဖုံးမှ

တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ယနေ့ပေးပို့လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများမှာ မိသားစုသုံးပစ္စည်းမျိုးစုံပါ သေတ္တာပုံး၂၀၊ ရွှေဖီဦး (Tea Mix) ဖာ ၅၀၊ စောင်အထည် ၂၀၀၀၊ ဘီစကွတ်မုန့် ဖာ ၅၀၊ ခေါက်ဆွဲခြောက် ၆၅ ဖာ၊ စည်သွပ်ဘူးမျိုးစုံ ဖာ ၁၅၀၊ ဒန်အိုး ၃၆၀၀ လုံးတို့ ပါဝင်ကြောင်း သိရ သည်။ **(သတင်းစဉ်)**

**ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

## သမဝါယမအသင်း တောင်သူများသို့ တရုတ်ချေးငွေပေးအပ်



**ဂွ ဇူလိုင် ၁၂**

ရခိုင်ပြည်နယ် ဂွမြို့နယ် သမဝါယမဦးစီးဌာနမှ သမဝါယမအသင်းသား တောင်သူများသို့ တရုတ်ချေးငွေပေးအပ်ပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၉နာရီက သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယဦးစီးမှူး ဦးဇော်မင်းထွေးက အမှာစကားပြောကြားပြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှသိန်းညွန့်က ချေးငွေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးညီသန်းက အသင်းသား ၂၆ အုပ်စုတို့ကို ချေးငွေ ငွေကျပ် ၁၈၈၇ သိန်းထုတ်ချေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားရာ အခမ်းအနားသို့ အသင်းသားတောင်သူ ၈၅ ဦး တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မိုးထစ်ချုန်းရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။
(မိုး/ဇလ)

# စာပေသမား ဗိုလ်ချုပ်အောင်ဆန်း

**မောင်သောင်းဝင်း(တမန်ဟောင်း)**

**၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့သည် ဗိုလ်ချုပ်နှင့်တကွအာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် (၆၉) နှစ် ပြည့်မြောက်သော “အာဇာနည်နေ့”ပင်ဖြစ်သည်။ ငယ်စဉ်က ဇူလိုင်လရောက်ရှိ လျှင် အာဇာနည်ခေါင်းဆောင်ကြီးများကို အောက်မေ့သတိရပြီး မျက်ရည်စို့ခဲ့ရသည်မှာအကြိမ်ကြိမ် အခါခါပင်ဖြစ်သည်။ ထိုဖြစ်စဉ်ကိုတွေးမိပြီး ယူကျုံးမရလည်း ဖြစ်ခဲ့ရသည်။ အထူးသဖြင့် တပ်မတော်၏ ဖခင်၊ လွတ်လပ်ရေးဗိသုကာ၊အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရမှုအပေါ် မချိ တင်ကဲ ဖြစ်ရပါသည်။ ဖခင်ဗိုလ်ချုပ်သည် နိုင်ငံရေး၊စစ်ရေး၊စီးပွားရေးနှင့်လူမှုရေးနယ်ပယ်တွင် သာမက စာရေးစာဖတ်လည်းဝါသနာထုံခဲ့သည်။ ထို့ကြောင့် စာပေသမား ဗိုလ်ချုပ်အောင်ဆန်းရေးသားခဲ့သော စာပေများကို မျိုးဆက်သစ်လူငယ်များ လေ့လာဖတ်ရှုမှတ်သား ဗဟုသုတပွားများနိုင်စေရန် အကျဉ်းချုပ် မျှဝေသွားလိုပါသည်။**

ဗိုလ်ချုပ်သည်ငယ်စဉ်ကတည်းကစာဖတ်အားသန်ခဲ့သည်။ ဗိုလ်ချုပ်၏ စာပေလုပ်ငန်းအစသည် ရေနံချောင်းအမျိုးသား အထက်တန်းကျောင်းတွင် တက်နေစဉ်ကတည်းကပင်ဟုဆိုနိုင်ပေသည်။ ထိုစဉ်က ကျောင်းစာစောင်တစ်ခုထုတ်ဝေခဲ့ရာ ကိုအောင်ဆန်းသည် စာစောင်အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့ပါသည်။ များစွာတိုတောင်းလှသည့်သက်တမ်းအတွင်း တိုင်းပြည်လွတ်လပ်ရေးအတွက် လုပ်ဆောင်ခဲ့သည်များမှာ အံ့မခန်းပင်ဖြစ်သည်။ သာမန်ပုဂ္ဂိုလ်တို့ လုပ်နိုင်ခဲသည့်တာဝန်များကိုထမ်းဆောင်နိုင်ခဲ့သည်။ တိုင်းပြည်နှင့် လူမျိုးအတွက်အသက်ကိုပင် ပဓာနမထားဘဲ စွန့်လွှတ်အနစ်နာခံခဲ့သည်။ လူဆိုသော သဘောသဘာဝသည် မိမိအကျိုးကိုသာ ရှေ့တန်းတင်လေ့ရှိကြသည်။ ဗိုလ်ချုပ်အောင်ဆန်းတွင် ထိုစိတ်ဓာတ်မျိုး လုံးဝပါမလာချေ။ တိုင်းပြည်အတွက် တက္ကသိုလ်ကျောင်းသားဘဝကိုပင်စွန့်လွှတ်ပြီး နိုင်ငံခြားအကူအညီရရှိရန် ပြည်ပသို့တိတ်တဆိတ်ထွက်ခွာခဲ့သည်။

ပင်ပန်းကြမ်းတမ်းစွာစစ်ပညာသင်ယူနေရသည့်အချိန်၌ပင်လျှင် စာပေကို မပြတ်လေ့လာဖတ်ရှုခဲ့သည်။တက္ကသိုလ်ကျောင်းသားဘဝတွင် ဆောင်းပါးအများဆုံးရေးသားခဲ့သည်။ ထို့နောက်ကာကွယ်ရေးဝန်ကြီး၊ ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ လွတ်လပ်ရေးအကြိုကာလ အစိုးရအဖွဲ့ခေါင်းဆောင်စသည့်ကြီးလေးသော တာဝန်များကို ထမ်းဆောင်နေရသည့်အချိန်တွင်လည်း စာပေများကိုရေးသားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းရေးသားခဲ့သော စာအုပ်ဟူ၍ သတ်သတ်မှတ်မှတ်မရှိခဲ့သော်လည်း စာပေလက်ရာ ဆောင်းပါး ၁၈ ပုဒ်အထိရှိခဲ့သည်။ ထို ၁၈ ပုဒ်တွင် အင်္ဂလိပ်ဘာသာဖြင့် ၄ ပုဒ်နှင့် မြန်မာဘာသာဖြင့် ၁၄ ပုဒ် ဖြစ်သည်။ မြန်မာစာဖြင့် ရေးသားထားသော ၁၄ ပုဒ်တွင် ဥယျောဇဉ် သုံးစောင်၊ သဝဏ်လွှာ တစ်စောင်နှင့် မိတ်ဆက်စာ တစ်စောင်တို့ပါဝင်သည်။

ဗိုလ်ချုပ်၏ပထမဆုံးဆောင်းပါးသည် တက္ကသိုလ်ကျောင်းသားဘဝတွင်ရေးသားခဲ့သည့် “Burma (Myanmar) and Buddhism” ဆောင်းပါးဖြစ်သည်။ ထိုဆောင်းပါးကို ၁၉၃၅ ခုနှစ် ဧပြီလထုတ် ဂန္ထလောကမဂ္ဂဇင်း၌ဖော်ပြခဲ့သည်။ ဆောင်းပါးတွင် မြန်မာနိုင်ငံအခြေအနေနှင့်မြန်မာလူငယ်များ၏အခန်းကဏ္ဍ၊ ဗုဒ္ဓဘာသာ၏အနှစ်သာရအကြောင်းကိုတင်ပြထားခြင်းဖြစ်သည်။ ဒုတိယနှင့်တတိယဆောင်းပါးသည် ၁၉၃၅ ခုနှစ် မေလနှင့် ဇူလိုင်လထုတ်ဂန္ထလောကမဂ္ဂဇင်း၌ဖော်ပြခဲ့သည့် “Freedom of Dress in Schools” ခေါင်းစဉ်ဖြင့်ရေးသားထားသော ဆောင်းပါးများဖြစ်သည်။ ထိုဆောင်းပါးများတွင် “ကျောင်းများ၌ ကျောင်းသားများ တူညီဝတ်စုံဝတ်သင့်ကြောင်း၊ ထိုသို့တူညီဝတ်စုံဝတ်သွားရသဖြင့် လွတ်လပ်မှုမရှိဟု မခံစားရဘဲ စည်းလုံးမှုနှင့်ချစ်ခင်ရင်းနှီးမှုစိတ်ဓာတ်ကိုသာ တိုးပွားစေကြောင်း၊ လွတ်လပ်စွာဝတ်စားဆင်ယင်မှုသည် ဂုဏ်တုဂုဏ်ပြိုင်စိတ်နှင့် စိတ်ဝမ်းကွဲပြားမှုများကိုဖြစ်စေကြောင်း” ထောက်ပြခဲ့သည်။ ထိုစဉ်က ကိုအောင်ဆန်းသည် အသက် ၂၀ ကျော်သာရှိသေးသော်လည်း အတွေးအခေါ်မြင့်မားနေသည်ကို ထိုဆောင်းပါးနှစ်ပုဒ်က သက်သေပြလျက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ထပ်ဆောင်းပါး နှစ်ပုဒ်သည် ၁၉၃၅ ခုနှစ် ဇွန်လနှင့် ဩဂုတ်လထုတ် သူရိယမဂ္ဂဇင်း၌ဖော်ပြခဲ့သည့် “မင်းကြီးဦးမင်းရောင်” အကြောင်းတင်ပြထားသည့်ဆောင်းပါးများ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အဘိုး မင်းကြီး ဦးမင်းရောင်သည် မြို့လုလင်မြို့သူကြီးဖြစ်သည်။ အင်္ဂလိပ်တပ်များကို ဆန့်ကျင်တိုက်ခိုက်ခဲ့စဉ်က ဗိုလ်လရောင် ဟူ၍လည်းကောင်း၊ ရွှေလရောင်ဟူ၍လည်းကောင်း လူသိများထင်ရှားခဲ့သည်။ နောက်လိုက်တစ်ဦး၏ သစ္စာဖောက်မှုကြောင့် အင်္ဂလိပ်တပ်က ဦးမင်းရောင်ကို ဖမ်းမိပြီး ခေါင်းဖြတ်အသတ်ခံခဲ့ရခြင်းဖြစ်သည်။ မြန်မာ့သမိုင်းတွင် သစ္စာဖောက်တို့ကြောင့် သူရဲကောင်းအာဇာနည်များဆုံးရှုံးခဲ့ရသည်ကို မျိုးဆက်သစ်များ သင်ခန်းစာယူသွားရမည်ဖြစ်သည်။

ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆောင်းပါးတစ်ပုဒ်မှာ “လောကဝိဟာ” ဖြစ်သည်။ ထိုဆောင်းပါးကို ၁၉၃၇ ခုနှစ် စက်တင်ဘာလထုတ် မျိုးညွန့်မဂ္ဂဇင်း၌ ဖော်ပြထားပါသည်။ ထိုဆောင်းပါးတွင် သတ္တလောက၊ သင်္ခါရလောကနှင့် ဩကာသလောကအကြောင်းကို လေ့လာရာမှရရှိသောပညာသည်သာ ပညာစင်စစ်ဖြစ်ကြောင်း ရေးသားထားပါသည်။ ထို့အပြင် ၁၉၃၇ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့ထုတ် မန္တလေးသူရိယ(အမျိုးသားနေ့အထူးစာစောင်)တွင်လည်း “ကျောင်းသားဝတ္တရား” ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ရေးသားခဲ့သည်။ လူတို့သည် ကိုယ်စီတာဝန်ဝတ္တရားများရှိကြသည်။ ကျောင်းသားများ၏ ဝတ္တရားသည် အတန်းစာကျက်၍ စာမေးပွဲအောင်ရုံမျှနှင့်တာဝန်ကျေပွန်သည်မဟုတ်ချေ။ လောကအရေး၊ ဓမ္မအရေးနှင့် ပြဿနာအရပ်ရပ်တို့ကိုဆန်းစစ်ဖြေရှင်းတတ်သောပညာမျိုးကို ရရှိအောင်ဆည်းပူးကြရမည်ဖြစ်ကြောင်းနှင့် ကိုယ်စီတာဝန်ဝတ္တရားများ ကျေပွန်မှသာလူဖြစ်ရကျိုးနပ်ကြောင်း ဖော်ပြထားသည်။

“နိုင်ငံရေးအမျိုးမျိုး” ဆိုသောခေါင်းစဉ်ဖြင့် ရေးထားသည့် ဗိုလ်ချုပ်၏ ဆောင်းပါးကို ၁၉၄၀ ပြည့်နှစ် ဖေဖော်ဝါရီလထုတ် ဒဂုန်မဂ္ဂဇင်း၌ ဖော်ပြထားပါသည်။ ထိုဆောင်းပါးတွင် “ပြည်ထဲအရေး၊ ပေါက်နှင့်ကျေး၊ ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်စသည်ဖြင့် ရှေးဗမာစာများတွင် ဖတ်ရ၏။ မှတ်ရ၏။ ဤစကားများကား ကောင်းလည်းကောင်း၏။ ဆိုးလည်း ဆိုး၏။ ကောင်းပုံကား နိုင်ငံရေး၏ ခက်ခဲနက်နဲသော အဓိပ္ပာယ်၊ ကျယ်ဝန်းသော အဓိပ္ပာယ်၊ သိမ်မွေ့သောအဓိပ္ပာယ်တို့ကို ဆောင်၏။ ဆိုးပုံကား ကြားရသူများအား လမ်းစရှာမတွေ့စေဘဲ လူများများ ဆိုင်းတွင် တီးလိုက်တိုင်း မြည်သည့် စည်ကဲ့သို့ ပညာရှိကြီးသဖွယ် လူများအထင်ကြီးအောင် ပြောကောင်း ပြောလို့ရသည့် စကားလည်းဖြစ်၏။ ထို့ကြောင့် ကျွန်တော့်အဖို့မှာ နိုင်ငံရေးအမျိုးမျိုး

> **လူတို့သည် ကိုယ်စီတာဝန် ဝတ္တရားများရှိကြသည်။ ကျောင်းသားများ၏ ဝတ္တရားသည် အတန်းစာကျက်၍ စာမေးပွဲအောင်ရုံမျှနှင့် တာဝန်ကျေပွန်သည်မဟုတ်ချေ။ လောကအရေး၊ ဓမ္မအရေးနှင့် ပြဿနာအရပ်ရပ်တို့ကိုဆန်းစစ်ဖြေရှင်းတတ်သော ပညာမျိုးကို ရရှိအောင်ဆည်းပူးကြရမည်ဖြစ်ကြောင်းနှင့် ကိုယ်စီတာဝန် ဝတ္တရားများ ကျေပွန်မှသာ လူဖြစ်ရကျိုးနပ်ကြောင်း ဖော်ပြထား . . .**

အကြောင်းကို မရေးခင်၊ နိုင်ငံရေး ဆိုသည့် အဓိပ္ပာယ်အကျယ်အဝန်း၊ အတိုင်းအထွာကို စဉ်းစားမိ၏။” ဟူ၍ရေးသားထားပါသည်။ နိုင်ငံရေးအပေါ် ဗိုလ်ချုပ်၏အမြင်ကို ရှင်းလင်းစွာ တွေ့လိုက်ရပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ နောက်လက်ရာတစ်ပုဒ်သည်“ကမ္ဘာစစ်နှင့်ဗမာ” ဆိုသောဆောင်းပါးဖြစ်သည်။ ထိုဆောင်းပါးတွင် “စစ်ကိုမလိုလားသော်လည်း မြန်မာ့အရေးနှင့် ကမ္ဘာ့အရေးတို့ဆက်စပ်နေပုံ၊ ဗမာ့လွတ်လပ်ရေးအတွက် အဓိကလက်နက်မှာတိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်လူတန်းစားအားလုံး စည်းလုံးညီညွတ်ရေးပင်ဖြစ်ကြောင်း” ဖော်ပြထားသည်။ ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်းရေးထားသည့် “ဗမာ့လွတ်လပ်ရေးအရေးတော်ပုံ” ဆောင်းပါးကို ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ အထူးထုတ် ဗမာ့ခေတ်သတင်းစာတွင်ဖော်ပြထားသည်။ တို့ဗမာအစည်းအရုံးဝင်ပြီး သခင်ဖြစ်လာသည့်အချိန်မှစ၍ ဂျပန်ခေတ်အထိ လွတ်လပ်ရေးအတွက်ကြိုးပမ်းဆောင်ရွက်မှုများအကြောင်းရေးသားထားပြီး လွတ်လပ်ရေးနှင့်ပတ်သက်၍“ဗမာနိုင်ငံ၏ ကြမ္မာနှင့်ပတ်သက်၍ ကျွန်ုပ်သည် ဘယ်အခါကမျှ စိတ်သက်သာမှု မရခဲ့မိပေ။ အိပ်မက်များအတွင်းမှာပင် ကျွန်ုပ်သည် ကျွန်ုပ်၏ မလွတ်လပ်သော နိုင်ငံအတွက်ယောင်ယမ်းငိုခဲ့၏”ဟူ၍တင်ပြထားပါသည်။ ဗိုလ်ချုပ်သည် နယ်ချဲ့လက်ပါးစေ တို့လက်ချက်ကြောင့် ကျဆုံးသွားရှာသော်လည်းတိုင်းပြည်လွတ်လပ်ရေးအတွက် တစ်ရက်မျှရတက် မအေးခဲ့ရပေ။ အာဇာနည်တို့၏ မြင့်မြတ်သော စိတ်ဓာတ်ပင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ခေတ် စစ်ဝန်ကြီးဘဝက သူ့အတ္ထုပ္ပတ္တိကို ရေးသားခဲ့ပါသည်။ ထိုအတ္ထုပ္ပတ္တိတွင် သူ့ဇာတိအကြောင်းနှင့် ကျောင်းသားဘဝအထိသာ ရေးသားနိုင်ခဲ့ပေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ကိုယ်ရေးအတ္ထုပ္ပတ္တိတွင် ပညာနှင့်ပတ်သက်၍“ ပညာဆိုသည်မှာ စာအုပ်စာတမ်းဖတ်၍ စာသိမှုကို ပညာဟု မဆိုပေ။ ပညာသည် အတိုင်းအဆမထင် အလွန်ကျယ်ပြောနက်နဲလှပေသည်။ ကမ္ဘာရှိ စာအုပ်အားလုံးပင်လျှင် ပညာအားလုံးကို ဖော်ပြခြင်းငှာ မတတ်နိုင်ပေ။ ပညာအားလုံးကို လောကပြင်ကျယ်တည်းဟူသော အကြီးဆုံးကျောင်း၌သာတွေ့ရှိနိုင်လေသည်။ ထိုလောကပြင်ကျယ်တည်းဟူသော ကျောင်းကြီး၌ ကျွန်ုပ်တို့သည် ပုခက်တွင်းမှသည် မြေကြီးထဲသို့ရောက်သည့်အချိန်အထိ ပညာသင်များဖြစ်နေကြပေသည်” ဟူ၍ဖော်ပြထားသည်။ ဗိုလ်ချုပ်၏စိတ်နေစိတ်ထားနှင့်ခံယူချက်၊ ယုံကြည်ချက်တို့ကို ထိုဆောင်းပါး၌ ကွက်ကွက်ကွင်းကွင်းတွေ့မြင်ရပါသည်။

၁၉၄၆ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ဝေသည့် “Burma's(Myanmar) Challenge” စာအုပ်၌ ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို “Life-sketch of the Author” ခေါင်းစဉ်တပ်ကာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သည်။ လွတ်လပ်ရေးဗိသုကာ၏ အင်္ဂလိပ်စာကျွမ်းကျင်မှုကို ထိုဆောင်းပါးတွင်တွေ့မြင်ရပါသည်။ ဗိုလ်ချုပ်၏ နောက်ထပ်ဆောင်းပါးတစ်ပုဒ်သည် “ဗိုလ်ချုပ်နှင့်စာပေ” ဖြစ်သည်။ ထိုဆောင်းပါးကို ၁၉၄၉ ခုနှစ် အိုးဝေမဂ္ဂဇင်း၌ဖော်ပြခဲ့သည်။ စာပေသဘောတရားနှင့် ပတ်သက်၍ “မိမိရေးလိုက်သည့်စာပေသည် အမြဲတမ်း ရှင်သန်နေရမည်၊ အဖျက်သဘောမပါဘဲ အဖြစ်သဘောနှင့် အပြုသဘောပါစေရမည်၊ ခေတ်မီ၍ပြုပြင်ဖန်တီးခြင်းသဘောပါစေရမည်၊ ရှိရင်းစွဲအရာတစ်ခုကို ပျက် မသွားစေဘဲ၊ ညံ့မသွားစေဘဲ ပို၍ကောင်းမွန်လာစေရမည်၊ ခေတ်အလိုက် လူ့လောက တိုးတက်ရေးကို အားပေးသည့် စာပေမျိုးဖြစ်စေရမည်၊ စာဖတ်ပရိသတ်အားလုံးအား တစ်နေ့ထက်တစ်နေ့ တိုးတက် ကြီးပွားစေမည့်စာပေမျိုးဖြစ်ရမည်” ဟုရေးသားထားပါသည်။

ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်းသည် ဥယျောဇဉ် သုံးစောင်၊ သဝဏ်လွှာ တစ်စောင်နှင့် မိတ်ဆက်စာတစ်စောင်တို့ကိုလည်းရေးသားခဲ့ပါသည်။ ထိုအကြောင်းအရာများကိုမူ စာမျက်နှာအနေအထားအရ ချန်လှပ်သွားလိုပါသည်။ မည်သို့ပင်ဆိုစေကာမူ အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် ကိုအောင်ဆန်း၊ သခင်အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးအောင်ဆန်းဟူ၍ တိုင်းပြည်လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ဘဝအမျိုးမျိုးကိုကျင်လည်ခဲ့ရသည်။ ကျရာဇာတ်ရုပ်ကိုလည်း ပီပြင်စွာ သရုပ်ဆောင်သွားခဲ့ရာ စာပေသမားတစ်ဦးလည်းဖြစ်ခဲ့သည်။ ထိုသို့တိုင်းပြည်နှင့် လူမျိုးအကျိုးကိုအနစ်နာခံ ထမ်းဆောင်နေသော်လည်း နယ်ချဲ့လက်ပါးစေ မသမာသူတို့၏ လက်ချက်ကြောင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့(စနေနေ့) နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ကျဆုံးခဲ့ရပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးရပြီးလျှင် နိုင်ငံရေးကထွက်ပြီး စာရေးသွားမည့် အကြောင်းကိုအကြိမ်ကြိမ်ပြောခဲ့ပေသည်။ ဗိုလ်ချုပ် သက်ရှိထင်ရှားရှိနေမည်ဆိုလျှင် နိုင်ငံရေး၊စစ်ရေး၊ လူမှုရေးနှင့် အတ္ထုပ္ပတ္တိစာအုပ်ကောင်းများဖတ်ရှုရမည်မှာအသေအချာပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အာဇာနည်ခေါင်းဆောင်ကြီး ရေးသားခဲ့သည့် သီးသန့်စာအုပ်မရှိခဲ့သော်လည်း စာပေလက်ရာကောင်းများ ကျန်ခဲ့ပါသည်။ မျိုးဆက်သစ်တို့သည် ဆိုခဲ့ပါ စာပေလက်ရာများမှ ဗိုလ်ချုပ်၏ စိတ်နေစိတ်ထား၊ အတွေးအခေါ်၊ခံယူချက်၊ယုံကြည်ချက်၊ သတ္တိ၊ ဗျတ္တိတို့ကို ရှာဖွေသွားရမည်ဖြစ်ပေသည်။ သို့မှသာလျှင် တိုင်းပြည်က အားထားရသော လူငယ်များ ဖြစ်လာမည်ဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးသည် တိုတောင်းလှသော သက်တမ်းကာလအတွင်း တိုင်းပြည်နှင့် လူမျိုးအတွက် မတူညီသောတာဝန်အမျိုးမျိုးကို အသက်ပေးထမ်းဆောင်ခဲ့သည်။ မျိုးဆက်သစ်တို့သည် နှစ်စဉ်အာဇာနည်နေ့ရောက်ရှိမှသာ အာဇာနည်ပုဂ္ဂိုလ်ကြီးများကို သတိရတမ်းတနေခြင်းမျိုး လုပ်မနေဘဲ ထိုပုဂ္ဂိုလ်ကြီးများ၏မျှော်မှန်းချက်များကို ရုပ်လုံးပေါ်အောင်လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ပေသည်။ သို့မှသာလျှင် အာဇာနည်ပုဂ္ဂိုလ်ကြီးများကို ထာဝရသတိရနေသည့် သဘော ဆောင်နေမည် ဖြစ်သည်။ လွတ်လပ်ရေးဗိသုကာ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ကူးအိပ်မက်သည် တိုင်းပြည်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတည်ဆောက်သွားရန်ပင် ဖြစ်သည်။

ထိုစိတ်ကူးအိပ်မက်ကို လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ရန်သည် အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်းကို အာပေါင်အာရင်းသန်သန်ဖြင့် ပြောဆိုနေသည်ထက် အလုပ်နှင့်သက်သေပြသွားရန်လည်း လိုအပ်ပါသည်။ လွတ်လပ်ရေး ရရှိခဲ့သည်မှာ နှစ်ပေါင်း ၇၀ နီးပါးရှိနေပြီဖြစ်သော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုမရရှိသေးသဖြင့် တိုင်းပြည်သည် တိုးတက်သင့် သလောက်မတိုးတက်ဘဲ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်နေရပါသည်။ ထို့ကြောင့် အာဇာနည်ခေါင်းဆောင်ကြီးများကဲ့သို့ စွမ်းဆောင်နိုင်စွမ်းမရှိသည့်တိုင်အောင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ဒီမိုကရေစီစနစ် ထာဝရရှင်သန်ရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အုတ်တစ်ချပ်သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်သွားမည်ဆိုလျှင် နိုင်ငံသားတစ်ဦး၏တာဝန်ကျေပွန်သည်ဟု ယူဆနိုင်မည်ဖြစ်ပါသည်။

ခြုံ၍တင်ပြရလျှင် ဇူလိုင်လ ၁၉ ရက်နေ့တွင် (၆၉)နှစ်မြောက်အာဇာနည်နေ့သို့ ရောက်ရှိတော့မည်ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းသည် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်လျက် တာဝန်ထမ်းဆောင်သွားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည်အထက်တန်းကျောင်းသား ဘဝမှသည် နိုင်ငံ့အကြီးအကဲဖြစ်သည်အထိစာပေများကိုလေ့လာဖတ်ရှုရေးသားခဲ့ပေသည်။ မျိုးဆက်သစ်တို့သည် ဗိုလ်ချုပ်၏ စာပေလက်ရာများမှစိတ်ခွန်အားများတူးဆွ ရှာဖွေသွားရန် လိုအပ်ပါသည်။သို့မှ သာလျှင် တိုင်းပြည်အတွက် ဗဟုသုတကြွယ်ဝပြီးစိတ်ဓာတ်ခိုင်မာသော လူငယ်များဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်လွတ်လပ်ရေးကိုရယူပေးခဲ့ရုံသာမကနောင်လာနောက်သားများအတွက် စိတ်ခွန်အား ဖြစ်စေသော စာပေများကိုပါရေးသားခဲ့သော အာဇာနည်ခေါင်းဆောင်ကြီးကို စာပေသမားအဖြစ် တင်စားရေးသားပါရစေ။

**ကိုးကား။ ။ မြဟန်၊ ဗိုလ်ချုပ်အောင်ဆန်း၏စာပေလက်ရာ**

# သဘာဝဘေးဒဏ်များ ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုတင်ပြင်ဆင်ကာကွယ်

**နေပြည်တော် ဇူလိုင် ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိပြီး ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(စစ်တွေ) အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်လင်းဒွေးက ဇူလိုင် ၅ ရက်မှ ၇ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ အမ်း၊ သံတွဲမြို့နယ်များအတွင်း ရေကြီး ရေလျှံမှုအခြေအနေများနှင့် ကယ်ဆယ်ရေး ကူညီထောက်ပံ့ရေး လုပ်ဆောင်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဘာဝဘေးဒဏ်များ ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုတင်ပြင်ဆင်ကာကွယ်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တွေမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တွေတပ်နယ် ဗန္ဓုလခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တွေတပ်နယ်ရှိ ဗန္ဓုလရိပ်သာဧည့်ခန်းမဆောင်၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး ရခိုင်ပြည်နယ်တွင် ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်ရေး၊ ဒေသခံပြည်သူများအား ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်ကြရမည့် အခြေအနေများ၊ ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ဆောင်ရွက်နေမှု၊ နယ်စပ်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ခြံစည်းရိုးကာရံနေမှု၊ အခြားဒေသတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် ဒေသခံတိုင်းရင်းသားများအား ပြန်လည်ခေါ်ယူ၍ နေရာထိုင်ခင်းနှင့် အလုပ်အကိုင်ရရှိရေး ပူးပေါင်းဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နေ နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ဒေသဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့များ နိုင်ငံတကာအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ အဂတိလျော့နည်းပပျောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးမြဝင်းက ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Royal ACE ဟိုတယ်၌ ကျင်းပသည့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းအကောင်အထည်ဖော်ဆောင်ခြင်း သုံးသပ်မှုလုပ်ငန်းစဉ်ပထမစက်ဝန်း အပြီးသတ်ဆောင်ရွက်နိုင်ရေး အစည်းအဝေးတွင် ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့ပြင် ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် UNCAC ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပြီး အခြားအဖွဲ့ဝင် နိုင်ငံများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ UNCAC အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ Focal Point အဖြစ် ယခင်က ပြည်ထောင်စုရှေ့နေချုပ်ရုံးအစား အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို တာဝန်ပေးခဲ့ကြောင်း၊ Focal Point အဖြစ် တာဝန်ယူပြီးနောက် ၂၀၁၅ ခုနှစ် မေလတွင် ပြန်လည်သုံးသပ်ရေး ပထမစက်ဝန်းအား စတင်ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် စတင်ဖွဲ့စည်းလိုက်သည်မှစ၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နေပြီး နိုင်ငံတကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာကုလသမဂ္ဂရုံး (ယူအင်န်အိုင်စီ) တာဝန်ခံ မစ္စတာ အိုလီဗာလန်းဝစ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုးက မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအကြောင်း ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် တရားဝင်အတည်ပြုခဲ့ပြီးနောက် ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်ခြင်း သုံးသပ်မှုလုပ်ငန်းစဉ်ကို အခြားကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများနည်းတူ ပါဝင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်ခြင်း သုံးသပ်မှုလုပ်ငန်းစဉ်ကို မြန်မာနိုင်ငံအနေဖြင့် စီမံချက်ချမှတ်ပြီး ၂၀၁၅ ခုနှစ် ဧပြီလမှစ၍ ဦးဆောင်ကော်မတီ၊ အစိုးရဌာနဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့နှင့် လုပ်ငန်းအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်းကာ ယူအင်န်အိုဒီစီ၏ နိုင်ငံဆိုင်ရာ ကိုယ်တိုင်အကဲဖြတ် ဆန်းစစ်ချက်မေးခွန်းများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေဆိုခဲ့သည်။

ကနဦး ဖြေဆိုချက်များအပေါ် ယူအင်န်အိုဒီစီရုံးနှင့် မြန်မာနိုင်ငံအပေါ် သုံးသပ်မည့် ထိုင်းနိုင်ငံနှင့် ဘူရွန်ဒီ နိုင်ငံတို့မှ ထပ်မံမေးမြန်းချက်များကိုလည်း ဖြေဆိုခဲ့ပြီး ယခုအစည်းအဝေးတွင် သုံးသပ်ခြင်းခံရသည့်နိုင်ငံ၊ သုံးသပ်မည့်နိုင်ငံနှင့် ယူအင်န်အိုဒီစီတို့ တွေ့ဆုံပြီး အပြီးသတ်ဆွေးနွေးကြမည်ဖြစ်သည်။ ယခုအစည်းအဝေး ပြီးဆုံးသည့်အခါ အစည်းအဝေးရလဒ်အနေဖြင့် မြန်မာနိုင်ငံအတွက် အစီရင်ခံစာထွက်ရှိလာမည်ဖြစ်သည်။

ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းအကောင်အထည်ဖော်ဆောင်ခြင်း သုံးသပ်မှုလုပ်ငန်းစဉ်ကို ပထမစက်ဝန်း (၂၀၁၀-၂၀၁၅)နှင့် ဒုတိယစက်ဝန်း(၂၀၁၆-၂၀၂၀) ဟု သတ်မှတ်ပြီး ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများသည် ပထမစက်ဝန်းတွင် ကွန်ဗင်းရှင်းအခန်း-၃ (Criminalization and law enforcement) နှင့် အခန်း-၄ (International cooperation)တို့ကို လည်းကောင်း၊ ဒုတိယစက်ဝန်းတွင် ကွန်ဗင်းရှင်းအခန်း-၂ (Preventive measures) နှင့် အခန်း-၅ (Asset recovery)တို့ကို သုံးသပ်မည်ဖြစ်သည်။

**(သတင်းစဉ်)**




❂ ကျောဖုံးမှ

ဖြည့်ဆည်းပူးပေါင်းဆောင်ရွက်သွားမှသာ ရည်မှန်းချက်ကို ပြည့်မီလာမှာဖြစ်ပါတယ်။ သတ်မှတ်နေရုံနဲ့တော့ မျှော်မှန်းချက်အတိုင်း ပြည့်မီလာမှာမဟုတ်ပါဘူး”ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဦးဟန်ထွန်းက ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပသော ဆွေးနွေးပွဲတွင် ပြောကြားသည်။

ကမ္ဘာပေါ်တွင် ငါးစားသုံးမှုတဖြည်းဖြည်းတိုးတက်လျက်ရှိရာ ငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်းဖြင့်လည်း ၎င်းကတိုက်တွန်းပြောကြားသည်။ ကမ္ဘာပေါ်တွင် ၁၉၆၀ ပြည့်နှစ်က လူတစ်ဦးချင်း ငါးစားသုံးမှု ၈ ဒသမ ၉ ကီလိုဂရမ်ရှိသော်လည်း ၂၀၁၄ ခုနှစ်က လူတစ်ဦးချင်း ငါးစားသုံးမှု ၁၈ ဒသမ ၆ ကီလိုဂရမ်ရှိခဲ့ပြီး ယခုအခါ ၂၀ ကီလိုဂရမ်အထိ တိုးတက်စားသုံးလာသည်ကို တွေ့ရကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ ငါးစားသုံးမှုများပြားလာသည်နှင့်အမျှ ငါးထုတ်လုပ်မှု၊ ငါးတင်ပို့မှုကိုအရှိန်မြှင့်တင်သွားနိုင်ရန် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ ငါးမှာ ဖမ်းဆီးမှုထက် မွေးမြူထုတ်လုပ်ရေးသည် အရေးကြီးလာကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးပေးမှုများ ပြုလုပ်ရန်လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

## ချင်းတွင်းနှင့် ဧဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် နှစ်ပေခန့်ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

အဆိုပါမြစ်ရေသည် မော်လိုက်မြို့တွင် လေးပေခန့်၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တွင် နှစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေများသည် နောက်နှစ်ရက်အတွင်း မော်လိုက်မြို့တွင် တစ်ပေခန့်၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် ပေဝက်ခန့်စီ ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

**စိုးရိမ်ရေမှတ်များအထက် ဆက်လက်မြင့်တက်နိုင်မှုအခြေအနေ**

ချင်းတွင်းမြစ်ရေသည် ကနီမြို့တွင် သုံးပေခန့်၊ မုံရွာမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်တစ်ရက်အတွင်း ကနီမြို့တွင် ပေဝက်ခန့်နှင့်နောက်နှစ်ရက်အတွင်း မုံရွာမြို့တွင် ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

ဧဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ချင်းတွင်းမြစ်တစ်လျှောက်နှင့် ဧဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

◆ ကျောဖုံးမှ

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက “အဲဒီလိုဝင်လာတဲ့ ငါးတွေကိုဖမ်းဆီးပြီး ပိုင်ရှင်ကို ပထမအကြိမ်အဖြစ် သတိပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ပိုင်ရှင်နစ်နာမှုမရှိအောင်လည်း လေလံသဘောမျိုးနဲ့ ဆောင်ရွက်ခဲ့ပါတယ်”ဟု မေးမြန်းမှုအပေါ် ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြိုင်က “လွန်ခဲ့တဲ့တစ်လလောက်က စဖြစ်နေတာပါ။ နေ့စဉ်ငါးပိဿာချိန် ၆၀၀၀ ခန့်ပါတဲ့ကားနဲ့ ဝင်နေတာ။ ပထမ ကရင်ပြည်နယ် ဘားအံဘက်ကို စဝင်တာ၊ အဲဒီဘက်က လက်မခံတဲ့အတွက် အခုရန်ကုန်ကိုဝင်လာတာ။ နယ်စပ်ဝင်ပေါက်ကနေ တရားမဝင် ဝင်ရောက်လာတဲ့အခြေအနေပါ”ဟု ဆိုသည်။

လေ့လာသူတို့၏ သုံးသပ်ချက်အရ နယ်စပ်မှဝင်ရောက်လာရသည့်အတွက် ရေခဲအသုံးပြုရခြင်း၊ အအေးခန်းအသုံးပြုရခြင်းကြောင့် အထားမခံသည့်အပြင် ပြည်တွင်းမွေးမြူရေးငါးများထက် အရည်အသွေးနိမ့်ကြောင်း သိရသည်။

တွံတေးနှင့်မအူပင်ငါးကန်များပိုင်ရှင် ဦးဝင်းက “အဓိကက ပြည်တွင်းမှာ မွေးမြူရေးအစာ ဈေးကြီးမြင့်မှုကြောင့်ပဲ။ ပြည်တွင်းငါးဈေးနှုန်းက မြင့်တယ်၊ နောက်တစ်ခါ မနှစ်က ငါးကန်တွေ ရေကြီးရေလျှံမှုကြောင့် ပျက်တယ်၊ ငါးထွက်ရှိမှုနှုန်းတွေလျော့လာတယ်။ ဒါကြောင့် ထိုင်းနိုင်ငံကငါးတွေ ဈေးပေါပေါနဲ့ဝင်လာခွင့်ရတာ”ဟု သုံးသပ်ပြောကြားသည်။ ပြည်တွင်း၌ ယမန်နှစ်ကအစပြု၍ ငါး၊ ပုစွန်များ ရှားပါးလာပြီး ဈေးနှုန်းများကြီးမြင့်ခဲ့သည်။ စားသုံးသူများအတွက် ကုန်ဈေးနှုန်းမြင့်မားမှုဒဏ်ကို ခံစားနေရခြင်းဖြစ်သည်။

ဗဟိုစံပြငါးဈေးမှ ဈေးတာဝန်ခံဦးအောင်ကျော်ဆန်းက “အဲဒီလိုဝင်လာတဲ့ ငါးတွေက ဈေးရုံကြီးတွေထဲကို တိုက်ရိုက်ဝင်တာမဟုတ်ပါဘူး။ ငါးခြစ်တန်းလို့ ခေါ်တဲ့ ဈေးဘေးက လမ်းတွေထဲမှာပဲ ရှိနေခဲ့ပါတယ်။ ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်ပြီး တားဆီးဖမ်းဆီးရေးအတွက် ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ဈေးများ ဌာနရယ်၊ ဈေးကငါးဒိုင်ကိုယ်စားလှယ်တွေအဖွဲ့မှ တာဝန်ရှိသူတွေက ပူးပေါင်းဆောင်ရွက်မှုတွေရှိနေပါတယ်”ဟု မေးမြန်းမှုအပေါ်ဖြေကြားပေးခဲ့သည်။

# ဗိုလ်မှူးကြီးဗထူး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ကြေးရုပ်ဖွင့်ပွဲနှင့် ရာပြည့်အခမ်းအနားကျင်းပ

**ရှွေဘိုခ ဇူလိုင် ၁၂**

မျိုးချစ်အာဇာနည်သူရဲကောင်း ဗိုလ်မှူးကြီးဗထူး၏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ကြေးရုပ်ဖွင့်ပွဲနှင့် နှစ်(၁၀၀)ပြည့်အခမ်းအနားကို ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့ ဗိုလ်မှူးကြီး ကြေးရုပ်ရင်ပြင်၌ ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်မှူးကြီးဗထူး၏ ကြေးသွန်းရုပ်တုနှင့် ဗထူးရင်ပြင်ကို ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုး၊ ဗိုလ်မှူးကြီးဗထူး၏ မြေးဦးဖြစ်သူ ဒေါ်ချယ်ရီထူး၊ ၈၈ ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကျော်မင်းယု (ခေါ်) ကိုဂျင်မီနှင့် အလှူရှင် ရွှေသံလွင် ကုမ္ပဏီကိုယ်စား ဦးတင်သန်းတို့က ဖဲကြိုးဖြတ်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကာ ဗိုလ်မှူးကြီးဗထူး၏ ကြေးသွန်းရုပ်တုနှင့် ဗထူးရင်ပြင်ကို ဖွင့်လှစ်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ဗိုလ်မှူးကြီးဗထူး နှစ်(၁၀၀) ပြည့်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရွာငံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်းကလည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေးပို့သော သဝဏ်လွှာကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေးကလည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီနာယကကြီး သူရဦးတင်ဦးက ဗီဒီယိုဖိုင်ဖြင့်လည်းကောင်း၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးကလည်းကောင်း ဂုဏ်ပြုအမှာစကားပြောကြားခြင်း၊ ၈၈ ပွင့်လင်းလူ့အဖွဲ့အစည်းမှ ကိုမင်းကိုနိုင်က အမှတ်တရစကား ပြောကြားခြင်း၊ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမင်းထွဋ်က ရာပြည့်ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းခြင်း၊ ဗိုလ်မှူးကြီးဗထူး၏ မိသားစုဝင်များကိုယ်စား မြေးဖြစ်သူ ဒေါ်ကေသီထူးက ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ထို့နောက် အလှူရှင်အသီးသီးက အလှူငွေများပေးအပ်ကာ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရွာငံ)**

# အာဇာနည်နေ့အခမ်းအနားကျင်းပမည့် နေရာအား သန့်ရှင်းရေးဆောင်ရွက်

**နတ်တလင်း ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပမည့် ဗိုလ်ချုပ်ပန်းခြံအတွင်းရှိ ချုံနွယ်များ၊ မြက်ပင်များ၊ သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ပြီး ရေဝပ်နေသောနေရာများကို သဲများဖို့ခြင်း၊ ဗိုလ်ချုပ်ကြေးရုပ်အား ဆေးများ ပြန်လည်သုတ်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် နတ်တလင်းမြို့နယ်အတွင်းရှိ ပရဟိတအဖွဲ့ဝင်များ အရပ်ဘက်အဖွဲ့အစည်းများက ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်ပန်းခြံအတွင်း နံရံကပ်စာစောင်ပြသခြင်း၊ အာဇာနည်နေ့သီချင်းများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်(ပြန်/ဆက်)**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၄/ ၂၀၁၆)**
**၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)**
**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ**
**ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း**

၁။ ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးခိုင်ညီညီကျော်က ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့်လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုဖြင့် လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၂-၇-၂၀၁၆ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ်(၁/ ၂၀၁၆) ဆုံးဖြတ်ချက်တွင် ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) အတွက် ဦးအောင်ကျော်ညွန့်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီရွေးကောက်တင်မြှောက်ခံရသူမှာ ဦးခိုင်ညီညီကျော်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅(က) အရ ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်၍ ဦးအောင်ကျော်ညွန့်သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်းနှင့် ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှာ ဦးခိုင်ညီညီကျော် [ ၁၃/ရစန(နိုင်) ၀၄၈၅၆၃ ] ဖြစ်ကြောင်း သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅ (ခ) အရ သတ်မှတ်ကြေညာလိုက်ပါသည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# စုံညီခုံရုံးက ရွေးကောက်ပွဲအယူခံအမှုအမှတ်(၁)အား အပြီးသတ်အမိန့်ချမှတ်

**နေပြည်တော် ဇူလိုင် ၁၂**

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးအောင်ကျော်ညွန့်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးခိုင်ညီညီကျော်က ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်နေ့တွင် ကန့်ကွက်လွှာတင်သွင်းလျှောက်ထားလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၁) က ၂၀၁၆ ခုနှစ် မေလ ၁၂ ရက်နေ့က လျှောက်ထားခံရသူ ဦးအောင်ကျော်ညွန့်အား ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်းဆုံးဖြတ်၍ လျှောက်ထားသူ ဦးခိုင်ညီညီကျော်သည်သာ ခိုင်လုံမဲအများဆုံးရရှိပြီး ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်းကို စရိတ်နှင့် တကွချမှတ်ပေးသည့် စီရင်ချက်(အမိန့်)အပေါ် ဦးအောင်ကျော်ညွန့်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ



ပုဒ်မ ၇၄(က)နှင့် နည်းဥပဒေ ၉၉ အရ မေလ ၂၃ ရက်နေ့တွင် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှု အမှတ် (၁/ ၂၀၁၆)ဖြင့် လက်ခံခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ ၁၀၁ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအားလုံးပါဝင်သည့် စုံညီခုံရုံးရှေ့မှောက်တွင် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၀ အရ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ရုံးတော်သဟာယနှင့် နှစ်ဖက်အမှုသည်များ၏ လျှောက်လဲတင်ပြချက်များကို ကြားနာခဲ့ပြီးဖြစ်သည်။

အယူခံတင်သွင်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်စုံညီခုံရုံးက ဗထူးတပ်နယ် မဲရုံအမှတ်(၁)နှင့် (၂)တို့တွင် ကျင်းပသော ရွေးကောက်ပွဲသည်သာတရားမျှတသော ရွေးကောက်ပွဲမဟုတ်သဖြင့် ယင်း ဗထူးတပ်နယ် မဲရုံအမှတ်(၁)နှင့် (၂)တို့မှ လျှောက်ထားသူ ဦးခိုင်ညီညီကျော်နှင့် လျှောက်ထားခံရသူ ဦးအောင်ကျော်ညွန့်တို့၏ ခိုင်လုံမဲရလဒ်များကို ပယ်ဖျက်လိုက်ရာ ဦးခိုင်ညီညီကျော်က ဦးအောင်ကျော်ညွန့်ထက် ခိုင်လုံမဲ ၃၅၀၆ မဲ ပိုမိုရရှိသွားသဖြင့် လျှောက်ထားသူ ဦးခိုင်ညီညီကျော်သည်သာလျှင် ခိုင်လုံမဲအများဆုံးရရှိသူဖြစ်ကြောင်း အတည်ပြုလိုက်သည်။

အယူခံလျှောက်ထားသူ၏ အယူခံမှုကို စရိတ်နှင့်တကွ ပယ်ကြောင်း အမိန့်ချမှတ်ခဲ့သည့်အပြင် အမှုစရိတ်ငွေ တစ်သိန်းကို အယူခံလျှောက်ထားသူက အယူခံလျှောက်ထားခံရသူကို ပေးစေရန် စီရင်ချက်(အမိန့်) ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှစ၍ ရွေးကောက်ပွဲကန့်ကွက်လွှာအမှု ၄၅ မှုကို စစ်ဆေးခဲ့ရာ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၂ ရက်အထိ အပြီးသတ်အမိန့်ချမှတ်ပြီး ခြောက်မှုနှင့် ဆက်လက်စစ်ဆေးရန် ၃၉ မှု ကျန်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်အတွင်းသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေသော ၃၃ ကေဗွီ၊ ၆ ဒသမ ၆ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်းများ အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းအား အောက်ဖော်ပြပါ နေ့ရက်၊ အချိန်များတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ကောင်းကင်လိုင်း တည်ဆောက်ရေးဌာနမှ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁။ ၃၃ ကေဗွီ လှော်ကား - မဥ္ဇူရီ ဖီဒါ ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ
(ဓာတ်အားပြတ်တောက်မည့်မြို့နယ် - မင်္ဂလာဒုံ၊ ရွှေပေါက်ကံ)

၂။ ၃၃ ကေဗွီ ပုသိမ်ညွန့်-နတ်ချောင်း ဖီဒါ ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ၊ ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ
(ဓာတ်အားပြတ်တောက်မည့်မြို့နယ် - မင်္ဂလာတောင်ညွန့်၊ တာမွေ)

၃။ ၆ ဒသမ ၆ ကေဗွီ YCDC -လပထ ဖီဒါ ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ
(ဓာတ်အားပြတ်တောက်မည့်မြို့နယ် -အင်းစိန်၊ မင်္ဂလာဒုံ)

၄။ ၃၃ ကေဗွီ သာကေတ-ပုသိမ်ညွန့် ဖီဒါ၊ ၁၁ ကေဗွီသန်လျင်တံတားဖီဒါ၊ ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ
(ဓာတ်အားပြတ်တောက်မည့်မြို့နယ် -သာကေတ၊ ဒေါပုံ)

၅။ ၃၃ ကေဗွီ သီတာ-နေကြာဖီဒါ၊ ၆ ဒသမ ၆ ကေဗွီ ညောင်တန်းဖီဒါ ဇူလိုင် ၁၆ ရက်၊ ၁၇ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ
(ဓာတ်အားပြတ်တောက်မည့်မြို့နယ် ပုဇွန်တောင်၊ ဗိုလ်တထောင်)

ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရသော လုပ်ငန်းဖြစ်သဖြင့် တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် မလွတ်ကင်းသော ဓာတ်အားလိုင်းအချို့အား ယာယီဓာတ်အားပိတ်ဆောင်ရွက်ရခြင်းကြောင့် အထက်ဖော်ပြပါ မြို့နယ်များ၏ ရပ်ကွက်နေရာအချို့ လျှပ်စစ်မီးပြတ်တောက်မှုအပေါ် စာနာနားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လျှပ်စစ်မီးသုံးသူ ပြည်သူများသို့ လေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**နေပြည်တော် ဇူလိုင် ၁၂**

အမှတ်(၁)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(နေပြည်တော်)က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်မောင်းများနှင့် ဆိုင်ကယ်စီးနင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောဆောင်ရွက်မှုကို ယနေ့ တပ်ကုန်းမြို့နယ် အထက (၄) ၌ ဟောပြောဆောင်ရွက်ကြသည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာဌာနများတွင် ဟောပြောရာ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ် ငါးမျိုး ခြေကျင်လမ်းလျှောက်သူ၊ အနှေးယာဉ်၊ မော်တော်ယာဉ်၊ ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေးအမှတ်အသားများ၊ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေများကို အသေးစိတ်ချပြရှင်းလင်း ဆွေးနွေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။

**(သတင်းစဉ်)**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်အန္တရာယ် အကဲဖြတ်ရေးကော်မတီ စည်းဝေး

**နေပြည်တော် ဇူလိုင် ၁၂**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်အန္တရာယ် အကဲဖြတ်ရေးကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၆) ကို ယနေ့နံနက် ၁၀ နာရီက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ ကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး တက်ရောက်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဆောင်ရွက်ရသည့် အကြောင်းအရင်းနှင့် အရေးကြီးကဏ္ဍတွင် ပါဝင်မှုအပေါ် ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ဝင်းသိန်းက အမျိုးသားအဆင့် အန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးကြသည်။

ကော်မတီအနေဖြင့် အမျိုးသားအဆင့်အန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းကို ၂၀၁၅ ခုနှစ် စက်တင်ဘာမှ စတင်ဆောင် ရွက်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏ နည်းပညာအကူအညီဖြင့် ၂၀၁၇ ခုနှစ် ဇွန်လ အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၂**

(၂၆)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဒိုင်းစစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇူလိုင်လပထမပတ်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ကိုယ်စား တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ဝင်းနိုင်က မိန့်ခွန်းပြောကြားပြီး ဆုချီးမြှင့်ပွဲ ဆက်လက် ကျင်းပခဲ့ရာ အသင်းလိုက် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းနှင့် ဒုတိယဆုရ မှုခင်းရဲတပ်ဖွဲ့အသင်းတို့အား တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက လည်းကောင်း၊ တတိယဆုရ ကရင်ပြည်နယ်ရဲတပ်ဖွဲ့အသင်းနှင့် ကစားခုံအကောင်းဆုံး ကစားသမားဆုရရှိသူနှစ်ဦးအား တိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူးက လည်းကောင်း၊ ကျန်ရှိသည့် ကစားခုံအကောင်းဆုံးကစားသမားဆုရရှိကြသည့် ပြိုင်ပွဲဝင် ၁၂ ဦးအား တာဝန်ရှိသူများကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ရဲချုပ်တံခွန်စိုက် ဒိုင်းဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အသင်းအား တိုင်းဒေသကြီး ရဲတပ် ဖွဲ့မှူးက တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲကို ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၌ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် တပ်ဖွဲ့များရှိ ပြိုင်ပွဲဝင်အသင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ယဉ်ကျေးမှုအမွေထိန်းသိမ်းရေး ဆွေးနွေးပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၂**

မြန်မာ့နေပြည်တော် ရတနာပုံမန္တလေး ယဉ်ကျေးမှုအမွေထိန်းသိမ်းရေး ဆွေးနွေးပွဲကို ဇူလိုင် ၉ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မြို့ပတ်လမ်း ၃၁×၃၂ လမ်းကြားရှိ ဟိုတယ်ရွှေပြည်သာ ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဦးစိုးမြတ်သူက ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မန္တလေးမြို့၏ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများ ထိန်းသိမ်းကာကွယ်ရေး၊ မန္တလေးမြို့၏ အနုပညာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရေးများကို တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

"မန္တလေးမြို့မှာ ကျန်ရှိနေသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းဖို့ အချိန်တန်လာပြီဖြစ်တဲ့အတွက် မန္တလေးကိုချစ်သောသူများအနေနဲ့ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းသွားဖို့ အဖွဲ့တွေဖွဲ့စည်းသွားမယ်"ဟု ဦးအောင်စိုးဦးက ပြောသည်။

"မန္တလေးမြို့မှာ တန်ဖိုးဖြတ်၍မရသော ယဉ်ကျေးမှုအမွေအနှစ်တွေရှိပါတယ်။ မဟာမုနိဘုရားကြီး၊ မြွေကြီးနှစ်ကောင်နှင့် မန္တလေးတောင်အပါအဝင် နန်းမြို့ရိုးကျုံးပြာသာဒ်၊ ရွှေဇဟိုစည်၊ ပိဋကတ်တိုက်၊ ကျောက်စာ၊ အတုမရှိရွှေကျောင်းတော်၊ သာသနိကအဆောက်အအုံများ၊ တောင်သမန်အင်း၊ ဦးပိန်တံတားစသည့် ရှေးဟောင်းအမွေအနှစ်များစွာရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**



မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ရှိ နွမ်းပါးဘိုးဘွားများ၊ စိတ်ဝေဒနာရှင်များ၊ လမ်းပျော်လေးများအား အာဟာရဒါနကုသိုလ်ပြု ကျွေးမွေးနိုင်ရန် ပြည်ပရဟိတမိသားစု ဒေါက်တာဝဏ္ဏဝင်းက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ အောင်လံဗုဒ္ဓလမ်းစဉ်မိသားစု ကိုပေါက် (အောင်လံ)က အလှူငွေလက်ခံရယူခဲ့စဉ်

ပေါက်ကလေး(သရက်)



# စစ်ကိုင်းမြို့၌ ရေဝတီမြစ်ရေတက်မှုကြောင့် ပြောင်းရွှေ့အိမ်ထောင်စုများ အန္တရာယ်ကင်းစွာ ပြောင်းရွှေ့နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**စစ်ကိုင်း ဇူလိုင် ၁၂**

စစ်ကိုင်းမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်း ရပ်ကွက်အချို့အိမ်ထောင်စုများ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင် လျက်ရှိရာ ဇူလိုင် ၁၂ ရက် ညနေ ၅ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြသင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဉာဏ်သောင်းနှင့် တပ်ဖွဲ့ဝင်များ ၊ခရိုင်မီးသတ်ဦးစီးမှူးနှင့်မီးသတ်တပ်ဖွဲ့ဝင်များ ၊ စည်ပင်သာယာရေးအဖွဲ့များစုပေါင်း၍ စစ်ကိုင်းမြို့ မြစ်ကမ်းပါးအနီးနေထိုင်သူများ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေး၊ လျှပ်စစ်မီးများ ဖြုတ်သိမ်းရေး၊ သဲအိတ်များ စုဆောင်းထားရှိရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သတိပေးနှိုးဆော်မှုများ ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

"ကျွန်တော်တို့ရပ်ကွက်ကတော့ စစ်ကိုင်းမြို့မှာ အနိမ့်ဆုံးလို့ပြောလို့ရပါတယ်၊ အခုဆိုရင် ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်သူ အိမ်ထောင်စု ၂၉ စု၊ လူဦးရေ ၁၃၁ ဦးလောက် ပြောင်းရွှေ့နေထိုင်နေကြပါပြီ၊ ယင်းမိသားစုဝင်တွေရဲ့ နေရေး၊ ထိုင်ရေး၊ ကျန်းမာရေးကအစ အဆင်ပြေအောင် သက်ဆိုင်ရာဌာနများနဲ့ ပေါင်းစပ်ဆောင်ရွက်ပေးထားပါတယ်၊ ဧရာဝတီမြစ် ရေ ဆက်လက်မြင့်တက်လာမယ် ဆိုရင်လည်း နောက်ထပ်ပြောင်းရွှေ့အိမ်ထောင်စုတွေရှိလာမှာပါ၊ အရေးပေါ် အခြေအနေတွေ ဖြစ်လာမယ်ဆိုရင်လည်း သက်ဆိုင်ရာဌာနတွေဆီ အချိန်နဲ့တစ်ပြေးညီ တင်ပြဆောင်ရွက်သွားမှာပါ" ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါအဖွဲ့များသည် မြေနိမ့်ပိုင်းဖြစ်သည့် တကောင်းရပ်ကွက်ရှိ စကြာချောင်းရေထိန်းတံခါးအနီး သဲအိတ်များချထားမှုနှင့် ထုံးဘိုရပ်ကွက် မြစ်ဘေးအနီး နေထိုင်သူများ ပြောင်းရွှေ့နေထိုင်ရေးနှင့် အရေးပေါ်ဖြစ်ပေါ်လာပါက အချိန်မီ ဆက်သွယ်အကြောင်းကြားနိုင်ရေးတို့ကို နှိုးဆော်သတိပေးခဲ့ကာ စဉ်ဆက်မပြတ် ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

# နေအိမ်အတွင်း ရေဝင်ရောက်နေမှုကြောင့် ကလေးငယ်တစ်ဦးရေနစ်သေဆုံး

**ဆားလင်းကြီး ဇူလိုင် ၁၂**

ချင်းတွင်းမြစ်ရေ ဝင်ရောက်နေသော နေအိမ်၌ ကလေးငယ်တစ်ဦး ရေနစ်သေဆုံးမှု ဇူလိုင် ၁၁ ရက်က ဖြစ်ပွားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးအုပ်စု ညောင်ပင်ကြီးကျေးရွာ ရွှေအင်းလေးရပ်၌ ချင်းတွင်းမြစ်ရေများ ဝင်ရောက်လျက်ရှိရာ ဦးမင်း-ဒေါ်အေးသန်းတို့၏ နေအိမ်အပါအဝင် ချင်းတွင်းမြစ်နှင့်နီးသောအိမ်များ၌ မြစ်ရေများ ဝင်ရောက်လျက်ရှိသည်။ မိခင်ဖြစ်သူ ဒေါ်အေးသန်းသည် တစ်နှစ်ခြောက်လအရွယ်ရှိသော သမီးဖြစ်သူ မလှယမင်းခင်အား အိမ်ပေါ်၌သိပ်ထားခဲ့ပြီး ဈေးဝယ်သွားနေချိန်တွင် သမီးဖြစ်သူ မလှယမင်းခင်သည် အိပ်ရာမှနိုးလာပြီး အိမ်အောက်သို့ဆင်းခဲ့ရာ လှေကားမှ ပြုတ်ကျပြီး ရေနစ်သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ရဲစခန်းသို့ မိခင်ဖြစ်သူက အကြောင်းကြားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆားလင်းကြီးမြို့မရဲစခန်းက ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# ဒါးကမြစ်ရေ မြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းဒေသများ ရေစတင်နစ်မြုပ်

**ပုသိမ် ဇူလိုင် ၁၂**

သုံးရက်ဆက်တိုက် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဒါးကမြစ်ရေသည် ငါးပေခန့်မြင့်တက်လာရာ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အနိမ့်ပိုင်းဒေသများ ရေစတင်နစ်မြုပ်နေပြီဖြစ်သည်။

ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဈေးဝယ်လာကြသော ခရီးသည်တင်စက်လှေများနှင့် ခရီးသည်များ ဘေးအန္တရာယ်မရှိစေရေး ရေယာဉ်ဂိတ်မှူးက သတိပေးထားသည်။

ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက ကျောင်းကုန်းမြို့ဆိပ်ကမ်း၌ ဈေးဝယ်လာကြသော စက်လှေများနှင့် လှေငယ်များ ကမ်းနားလမ်းကိုမေးတင်၍ ဆိုက်ကပ်ထားရာ နောက်ထပ်အမြင့်ပေ နှစ်ပေခန့်ထပ်မံမြင့်တက်လာမည်ဆိုလျှင် ကမ်းနားလမ်းများ ရေနစ်မြုပ်မည်ဖြစ်၍ သတိနှင့်နေထိုင်ကြရန်လိုကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

# တရုတ်နိုင်ငံအရှေ့ပိုင်းတွင် တိုင်ဖွန်းမုန်တိုင်းကြောင့် ၁၀ ဦးသေဆုံး



**ဖူကျိုး ဇူလိုင် ၁၂**

တိုင်ဖွန်းနီပါတက်မုန်တိုင်း ဝင်ရောက်မှုနှင့်အတူ မိုးကြီးလေကြီးကျရောက်ခဲ့သဖြင့် တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျီအန်းပြည်နယ်၌ တနင်္လာနေ့ညနေပိုင်းက လူ ၁၀ ဦး သေဆုံးပြီး ၁၁ ဦးပျောက်ဆုံးနေကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်းသည် စနေနေ့ညနေပိုင်းက ဖူလီအန်း၌ ဝင်ရောက်ခဲ့ပြီး တနင်္ဂနွေနေ့အစောပိုင်းတွင် လေပြင်းများ တိုက်ခတ်ခဲ့သည်။ အဆိုပါမုန်တိုင်းကြောင့် မင်ကျင်းစီရင်စု၌ မိုးသည်းထန်စွာရွာသွန်းကာ အသက်ဆုံးရှုံးမှုများဖြစ်ခဲ့ပြီး စုစုပေါင်း တန်ဖိုးယွမ် ၂ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၃၂၀) ခန့် ဆုံးရှုံးခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းသင့် မင်ကျင်းစီရင်စုအတွင်းရှိ လူပေါင်း ၃၄၄၀၀ ကို ရွှေ့ပြောင်း ကယ်ဆယ်မှုပြုလုပ်ခဲ့ပြီး လူ ၁၀၀၀ ကယ် ဆယ်ရန်ရှိနေသေးကြောင်း သိရသည်။

တနင်္လာနေ့ နံနက် ၉ နာရီက ဖူကျီအန်း၌ မုန်တိုင်းကြောင့် လူကိုးဦးသေဆုံးကာ ၁၈ ဦးပျောက်ဆုံးနေပြီး လူ ၂၁၃၀၀၀ ကို ကယ်ဆယ်ရွှေ့ပြောင်းမှု ပြုလုပ်ခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

(ဆင်ဟွာ)

# မီချီဂန်တရားရုံး၌ အကျဉ်းသားကသေနတ်လုယူ၍ပစ်ခတ်မှုဖြစ်ပွား



မီချီဂန်ရှိ စိန့်ဂျိုးဇက်တရားရုံးအဆောက်အအုံ

**မီချီဂန် ဇူလိုင် ၁၂**

တနင်္လာနေ့က မီချီဂန်ရှိတရားရုံး အဆောက်အအုံအတွင်း၌ အကျဉ်းသား တစ်ဦးက စာရေးဝန်ထမ်းနှစ်ဦးကို သေနတ်ဖြင့် အသေပစ်သတ်ခဲ့မှု ဖြစ်ပွားခဲ့သည်။ သေနတ်သမားအား တပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရသည်ဟု ခရိုင်တရားသူကြီးက ပြောပြခဲ့သည်။

သေနတ်သမား၏ ပစ်ခတ်မှုကြောင့် စာရေးဝန်ထမ်းနှစ်ဦးသေဆုံးခဲ့ပြီး လူနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဘာရီအင်စီရင်စု ခရိုင်တရားသူကြီး ပေါဘေလီက တရားရုံး အဆောက်အအုံ တတိယ ထပ်၌ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်လောက်တွင် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

သေနတ်ဖြင့် ပစ်ခတ်ခဲ့သူသည် အကျဉ်းသားတစ်ဦးဖြစ်ပြီး စိန့်ဂျိုးဇက် တရားရုံး အဆောက်အအုံဆီသို့ အသွားတွင် ၎င်းနှင့်လိုက်ပါလာသည့် ဝန်ထမ်းနှစ်ဦးအနက်မှ တစ်ဦး၏သေနတ်ကို ဆွဲလုပြီး တရားရုံးမှ ထွက်ပြေးရန်အတွက် သေနတ်ဖြင့်လိုက်လံပစ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ခရိုင်တရားသူကြီး၏ လက်ထောက်နှင့် အရပ်သားတစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။

(ရိုက်တာ)

# ဘဂ္ဂဒက်မြို့တွင်ကားဗုံးပေါက်ကွဲ၍ ငါးဦးသေဆုံး

**ဘဂ္ဂဒက် ဇူလိုင် ၁၂**

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တော် မြောက်ပိုင်း လူစည်ကားရာ ဈေးတစ်နေရာတွင် အင်္ဂါနေ့က ကားဗုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး လူငါးဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနသတင်းရင်းမြစ်က ပြောသည်။

ကားဗုံးတိုက်ခိုက်မှုသည် နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လူတစ်ဦးက ဆင်ဟွာသို့ ဖုန်းဖြင့်ပြောကြားခဲ့သည်။

ကားဗုံးပေါက်ကွဲမှုကြောင့်သေဆုံးသူဦးရေမှာ မြင့်တက်လာနိုင်ကြောင်းနှင့် ယခုလတ်တလော အခြေအနေတွင် ဒဏ်ရာရရှိသူများကို လူနာတင်ကားများ၊ ရဲကားများဖြင့် ဆေးရုံသို့ ပို့ဆောင်နေကြောင်းသိရသည်။

ဘဂ္ဂဒက်မြို့တော်တွင် လုံခြုံရေးတပ်ဖွဲ့များသည် အရေးကြီးသောလမ်းအတော်များများနှင့် တံတားများကို ပိတ်ဆို့မှုပြုလုပ်ထားသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားနေစဉ် တိုက်ခိုက်မှုများလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယခုလောလောဆယ်တွင် ဘဂ္ဂဒက်မြို့တော်၏ အခြေအနေများမှာ ရှုပ်ထွေးလျက်ရှိသည်။

(ဆင်ဟွာ)

# တောင်အာဖရိကနိုင်ငံသား အမြွှာညီအစ်ကိုနှစ်ဦး အမေရိကန် သံရုံးကို တိုက်ခိုက်ရန်ကြံစည်ခဲ့

**ဝါရှင်တန် ဇူလိုင် ၁၂**

ပြီးခဲ့သည့် ရက်သတ္တပတ်အကြာက ဖမ်းဆီးထိန်းသိမ်းခဲ့သည့် တောင်အာဖရိကနိုင်ငံသား အမြွှာညီအစ်ကိုနှစ်ဦးသည် တောင်အာဖရိကနိုင်ငံ၏မြို့တော် ပရီတိုးရီးယားရှိ အမေရိကန်သံရုံးနှင့် ဂျူးလူမျိုးတို့၏ အဆောက်အအုံကိုတိုက်ခိုက်ရန် အကွက်ချစီစဉ်ခဲ့ကြောင်း တနင်္လာနေ့က ရဲအဖွဲ့က ပြောကြားသည်။

အမြွှာညီအစ်ကိုနှစ်ဦးဖြစ်သည့် ဘရာဒန်လီနှင့် တွန်နီလီတို့ ညီအစ်ကိုနှစ်ဦးအပါအဝင် အာဖရိကနိုင်ငံသား လေးဦးကို တိုက်ခိုက်ရန် လျှို့ဝှက်ကြံစည်မှုမှုသည် လက်နက်ကိုင်အရာရှိများကို



ခုခံမှုဖြင့် စွဲချက်တင်စစ်ဆေးကြားနာသွားမည်ဖြစ်သည်ဟု ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ဘရီဂေဒီယာဟန်ဝါနီမူလော်ဇီက ပြောသည်။နောက်ထပ်လေးဦးကိုတနင်္ဂနွေနေ့က ဂျိုဆွန်ဘာ့ဂ်၌ဖမ်းဆီးခဲ့ပြီး ဇူလိုင် ၁၉ ရက် တွင်ရုံးတင် စစ်ဆေးမည်ဟု သိရသည်။

(ရိုက်တာ)

# အမေရိကန်မောင်းသူမဲ့လေယာဉ်များကြောင့် အရပ်သားသေဆုံးသူများစာရင်းလျှော့၍ဖော်ပြဟု လူ့အခွင့်အရေးအုပ်စုများပြော

**ဝါရှင်တန် ဇူလိုင် ၁၂**

အမေရိကန်မောင်းသူမဲ့လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးသူများစာရင်းကို အိမ်ဖြူတော်ကထုတ်ပြန်ရာ၌ အဓိကအချက်များပျောက်နေပြီး အရေအတွက်များ နည်းပါးလွန်းလှသည်ဟု လူ့အခွင့်အရေးအုပ်စုများက ဝေဖန်ကြသည်။

ဇူလိုင် ၁ ရက်က ထုတ်ပြန်ခဲ့သော အစီရင်ခံစာ၌ အမေရိကန်မောင်းသူမဲ့လေယာဉ်များသည် အကြမ်းဖက်သမားများကို နှိမ်နင်းရန်ရည်ရွယ်သော်လည်း ၂၀၀၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ အရပ်သား ၆၄ ဦးမှ ၁၁၆ ဦးထိ သေဆုံးခဲ့ရကြောင်း ဖော်ပြထားသည်။

အရပ်သားသေဆုံးမှု ဖော်ပြသည့်နှုန်းထားမှာ နည်းပါးလွန်းသည်ဟု လူ့အခွင့်အရေးအုပ်စုများက ဝေဖန်ကြပြီး စောင့်ကြည့်လေ့လာကြသည့်အုပ်စုများက ၂၀၀၉ ခုနှစ်မှစ၍ အမှန်တကယ်သေဆုံးသည့် အရပ်သားအရေအတွက်မှာ ၈၀၀ ထက်များနိုင်ကြောင်း ခန့်မှန်းထားသည်။

သေဆုံးသည့်နေရာ နှင့်အချိန်တို့ကိုလည်း အတိအကျဖော်ပြထားခြင်းမရှိကြောင်း လူ့အခွင့်အရေးအုပ်စုများက ပြောသည်။ အမ်နက်စတီအင်တာနေရှင်နယ်မှ မူဝါဒနှင့် နိုင်ငံရေးဆိုင်ရာ ဆောင်ရွက်သူ အဲလိဇဘတ်ဘီဗားက အမေရိကန်မောင်းသူမဲ့လေယာဉ်များနှင့်ပတ်သက်၍ ဖော်ပြမှုမှာ ပြည့်စုံမှုမရှိဟု ပြောခဲ့သည်။

အမေရိကန်အစိုးရက ယင်းကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းခြင်းမျိုးလည်း မပြုလုပ်ခဲ့ကြောင်း ၎င်းကဆက်ပြောသည်။ လွန်ခဲ့သောနှစ်က အီတလီနိုင်ငံသားများ နှင့် အမေရိကန်နိုင်ငံသားများ မောင်းသူမဲ့လေယာဉ်ကြောင့် သေဆုံးခဲ့ရာ အိုဘားမားက တောင်းပန်မှုပြုခဲ့သည်။

ယင်းကဲ့သို့ပင် အနောက်နိုင်ငံသား မဟုတ်သူများသေဆုံးရာ၌လည်း တောင်းပန်မှုမျိုး ပြုလုပ်သင့်သည်ဟု အမ်နက်စတီအင်တာနေရှင်နယ်မှ ပြောသည်။

(ဆင်ဟွာ)

# မောင်းသူမဲ့လျှပ်စစ်ကားများထုတ်လုပ်မည်

**ပေကျင်း ဇူလိုင် ၁၂**

တရုတ်နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် တန်ဆန့်ကုမ္ပဏီက အထောက်အပံ့ပြုထားသည့် မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီသည် ၂၀၂၀ ပြည့်နှစ်မတိုင်မီ မောင်းသူမဲ့လျှပ်စစ်ကားများ ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိသည်ဟု ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်က ရိုက်တာသို့ အင်္ဂါနေ့တွင် ပြောသည်။

တန်ဆန့်နှင့်ဟွန်ဟိုင်းကုမ္ပဏီတို့က အထောက်အပံ့ပြုထားသည့် အနာဂတ်ကားထုတ်လုပ်ရေးသည် အမေရိကန်အခြေစိုက် တတ်စ်လာကုမ္ပဏီကိုထိုးဖောက်ကာ တရုတ်နိုင်ငံတွင် မီးခိုးမဲ့ကားများ ထုတ်လုပ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

တက်စ်လာကဲ့သို့ လူကြိုက်များသည့်ကားများထုတ်လုပ်ရန် ဈေးကွက်ရှာဖွေခြင်းဖြစ်သော်လည်း တိကျသောအချိန်တစ်ခုတွင် မော်ဒယ်တစ်ခုကိုသာ အာရုံစိုက်ထုတ်လုပ်သော အမေရိကန်ကုမ္ပဏီနှင့်မတူညီသော နည်းဗျူဟာများကို ကြိုးပမ်းရမည်ဖြစ်သည်ဟု အမှုဆောင်အရာရှိချုပ် ကာစတန်ဘရီအစ်ဖီးက အင်တာဗျူးတစ်ခုတွင်ပြောခဲ့သည်။

ဘက်ထရီစနစ်တွင် အခြားသော မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီများအသုံးပြုသော နည်းပညာကိုအသုံးပြုမည်ဖြစ်ပြီး ဘက်ထရီစီစဉ်မှုဆော့ဝဲလ်၌မူ ပိုမိုကောင်းမွန်သော ယှဉ်ပြိုင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

(ရိုက်တာ)

# ကမ်းပြိုကာကွယ်ရေး ကျောက်စီတမံတည်ဆောက်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်



**ဝိုင်းမော် ဇူလိုင် ၁၂**
ဝိုင်းမော်မြို့နယ်ရပ်ကွက် (၁)ရှိ ဧရာဝတီမြစ်ကမ်းနံဘေးတွင် ရေတိုက်စားမှုကြောင့် နေအိမ်နှင့် ဌာနဆိုင်ရာအဆောက်အအုံများ အန္တရာယ်ကင်းဝေးစေရေး ကမ်းပြိုကာကွယ်ရေး ကျောက်စီတမံ တည်ဆောက်ခြင်းလုပ်ငန်းကို ဇွန်လစတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆင့် (၃) ဆင့်၌ အပေါ်ဆင့်တွင် ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ရက် ၁၀၀ စီမံ ချက်အရ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၂၈ သန်း အကုန်အကျခံပြီး ဝိုင်းမော်မြို့ ရပ်ကွက် (၁) ဧရာဝတီမြစ် ကမ်းနံဘေးမှာ ကျောက်စီတမံ ရေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းမှာ အဆင့်သုံးဆင့်ပါရှိပြီး အဆင့်တိုင်းမှာ သံကူကွန်ကရစ်ရေထိန်းနံရံများကို တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ ပထမအဆင့်မှာ အမြင့် ခုနစ်ပေခွဲ၊ အောက်ခြေ အကျယ် ငါးပေ၊ အပေါ်မျက်နှာပြင်အကျယ် နှစ်ပေခွဲနဲ့ ကွန်ကရစ်တာပေါင်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်သွားမှာဖြစ်ပြီး ၁၈ ပေအကွာစီမှာ အခုလိုပဲ ကျောက်စီရေထိန်းနံရံနှစ်ခုကို တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ တစ်ခုနဲ့တစ်ခု အကြားကိုလည်း ကျောက်လုံးကြီးတွေ စီသွား မှာ ဖြစ်ပါတယ်"ဟု အင်ခိုင်ဘွမ်ဆောက်လုပ်ရေးကုမ္ပဏီမှ ဒါရိုက်တာ ဦးဇေယျာထွန်းက ပြောသည်။

ကမ်းပြိုကာကွယ်ရေး ကျောက်စီတမံတည်ဆောက်မှု လုပ်ငန်းခွင်မှာ အရှည်ပေ ၄၆၀ ရှိပြီး မြစ်ရေတိုးတက်လာသည့်အခါ မြစ်ကမ်းရိုးရိုးအဆောက်အအုံများနှင့် နေအိမ်များ ပြိုကျပျက်စီးမှုမရှိစေရေးနှင့် စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်အချိန်အတွင်း ပြီးစီးရေး စက်ယန္တရားများနှင့် စနစ်တကျလုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရသည်။

**ရာဇာဖွား(မြစ်ကြီးနား)**

# ရေလျှံမှုဖြစ်သောရပ်ကွက်အချို့ သမိုင်းဝင်ချောင်းဆယ်ယူခြင်းပူးပေါင်းဆောင်ရွက်



**နမ့်ခမ်း ဇူလိုင် ၁၂**
ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းမြို့ မြို့လယ်အတွင်း စီးဆင်းနေသော သမိုင်းဝင် နမ့်ခမ်းဖောင်ချောင်းသည် နှစ်စဉ် မိုးရာသီကာလ မိုးသည်းထန်သည့်ရက်များတွင် ချောင်းပတ်ဝန်းကျင်ရှိ ရပ်ကွက်အချို့ ရေလျှံမှုဖြင့်ကြုံတွေ့ခဲ့ကြရသည်ဖြစ်ရာ ပြည်သူများနေထိုင်မှုအဆင်ပြေစေရေး၊ မြို့သာယာလှပရေးနှင့် ချောင်းအတွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် ဆယ်ယူခြင်းကို ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၀ ရက်က ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါချောင်းသည် အရှည်ပေ ၅၄၀၀ ရှိပြီး ပေါက်နေ၊ ပေါက်တိုက်၊ ဈေးတန်း၊ ပေါက်တင်မစသည့် ရပ်ကွက်များကို ဖြတ်သန်းစီးဆင်းလျက်ရှိရာ မိုးသည်းထန်လျှင်ရေစီးဆင်းမှုမကောင်းသဖြင့် ရေလျှံတက်လျက်ရှိကြောင်း သိရ သည်။

သို့ဖြစ်ရာ နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုငွေကျပ် ၄၇ သိန်းဖြင့် အရှည်ပေ ၅၀၀ ဆောင်ရွက်ရန်လျာထားသော်လည်း ရပ်ကွက်နေပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် အရှည်ပေ ၂၀၀၀ အထိဆောင်ရွက်နိုင်ခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးဌာနက ကြီးကြပ်ဆောင်ရွက်ပေးသဖြင့် ယခုအခါ ရေလျှံရေလွှမ်းမှု မရှိတော့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# နမ့်ဆန်မြို့အဝင် မုခ်ဦးအနီးရှိ စွန့်ပစ်ပစ္စည်းများအားစက်ယန္တရားများဖြင့် သန့်ရှင်းရေးဆောင်ရွက်

**နမ့်ဆန် ဇူလိုင် ၁၂**
ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနမ့်ဆန်မြို့၌ဇူလိုင် ၁၁ရက် ညနေက နမ့်ဆန် မြို့အဝင်မုခ်ဦးအနီးရှိ စွန့်ပစ်ပစ္စည်းများကို စက်ယန္တရားများဖြင့် အထူးသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နမ့်ဆန်မြို့အဝင် မုခ်ဦးအနီးမီးလောင်ဆုံးရှုံးခဲ့ခြင်းမှ စွန့်ပစ်သည့်ပစ္စည်းများကို စနစ်တကျဆောင်ရွက်ရန်အတွက် စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ကာ မြို့အဝင်မုခ်ဦးအား သန့်ရှင်းသာယာလှပစေရန်အတွက် ရည်ရွယ်ပြီး ယင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးမိုင်းဟသ်ာထွန်းနှင့် ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအလုပ်အမှုဆောင် ဦးသိန်းဇော်တို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# ကနီ၌ (၆၉)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ် အကြိုစာစီစာကုံးပြိုင်ပွဲကျင်းပ

**ကနီ ဇူလိုင် ၁၂**

ဇူလိုင် ၁၉ရက်တွင် ကျရောက်မည့် (၆၉)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ် အကြိုစာစီစာကုံးပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဇူလိုင် ၁၁ ရက်နေ့က ကျင်းပသည်။

ယင်းစာစီစာကုံးပြိုင်ပွဲကို မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ကျောင်းသားကျောင်းသူများ အမြဲသတိရ နေစေရေးတို့ကို ရည်ရွယ်၍ မမေ့အပ်သော အာဇာနည်ကြီးများ ခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် အလယ်တန်းနှင့် အထက်တန်းမှ ကျောင်းသား ကျောင်းသူ ၆၀ ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

ယင်းပြိုင်ပွဲဝင် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်အလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို အာဇာနည်နေ့တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# စလင်း၌အခြေခံသမဝါယမအသင်းများကို အသေးစားချေးငွေပေးအပ်

**စလင်း ဇူလိုင် ၁၂**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်သမဝါယမအသင်းစုရုံး၌ ဇူလိုင်လပထမပတ်က မြို့နယ်အတွင်းရှိအခြေခံသမဝါယမအသင်းများကိုအသေးစားအရင်းအနှီးချေးငွေများထုတ်ပေးခဲ့သည်။

အခမ်းအနားတွင် စလင်းမြို့နယ်သမဝါယမဦးစီးအရာရှိနှင့် မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌများ တက်ရောက်ကြပြီး မြို့နယ်သမဝါယမအသင်းစုရုံး၌ မြို့နယ်အတွင်းရှိ အခြေခံသမဝါယမယအသင်းပေါင်း ၃၆၀ ကို အသေးစားအရင်းအနှီးချေးငွေကျပ် ၂၆၆၀၉ ဒသမ ၅၅ သိန်းထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ


# ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် လူနေအိမ်သုံးလုံးနှင့် နွားစာတဲတစ်လုံးရွှေ့ပြောင်းပေး

**ရေစကြို ဇူလိုင် ၁၂**
မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဆင်ခြေယာကျေးရွာအုပ်စု ဇရပ်နီကျေးရွာတွင် ချင်းတွင်းမြစ်ရေတိုက်စားကမ်းပြိုမှုကြောင့် လူနေအိမ်သုံးလုံးနှင့် နွားစာတဲတစ်လုံးကို ဇူလိုင် ၁၁ ရက်နံနက်က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

"မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ သန္ဓေနဲ့အရန်မီးသတ်တပ်ဖွဲ့ဝင်တွေဟာ စက်လှေနဲ့ ဇရပ်နီရွာကိုသွားပြီး အိမ်သုံးလုံးနဲ့ နွားစာတဲတစ်လုံးတို့ကို ပြောင်းရွှေ့ပေးခဲ့ပါတယ်။ အိမ်ထောင်စုသုံးစုမှ အမျိုးသားငါးဦး၊ အမျိုးသမီး ၁၀ ဦးတို့ကို ဘုန်းတော်ကြီးကျောင်းမှာ ယာယီနေရချထားပေးထားပါတယ်"ဟု မြို့နယ်မီးသတ်ဦးစီးဌာန ဦးညီညီအောင်က ပြောသည်။

ယခုအခါ ချင်းတွင်းမြစ်ရေသည် ရေစကြိုမြို့နယ်၏စိုးရိမ်ရေမှတ် ၂၈ ဒသမ ၇ ပေသို့ ရောက်ရှိနေပြီး ငါးမြာကြီး၊ နေရင်း၊ ဗလဘ စသည်ကျေးရွာများတွင် ကမ်းပြိုလျက်ရှိကာ မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်များသို့ ရေများဝင်ရောက်လျက်ရှိသည်။ အမှတ်(၁) ထင်းတန်းရပ်ကွက်မှ မြစ်ကမ်းနှင့်နီးသော အိမ်အချို့ကိုလည်း ရွှေ့ပြောင်းထားရကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအလုပ်သမားများ အလုပ်လုပ်ကိုင်ခွင့် လက်မှတ်ဖြင့် လုပ်ကိုင်နိုင်တော့မည်

**ရန်ကုန် ဇူလိုင် ၁၂**

နိုင်ငံခြားသားအလုပ်သမား ဥပဒေအရ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအလုပ်သမားများအနေဖြင့် တရားဝင်အလုပ်လုပ်ကိုင်ခွင့် (Work Permit) ဖြင့် လာရောက်လုပ်ကိုင်ခွင့်ရရှိတော့မည်ဖြစ်ကြောင်း ကုန်သည်/စက်မှုအသင်းချုပ် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က ပြောသည်။

"အခုဆိုရင် ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအများကြီးရှိလာပါပြီ။ သူတို့အနေနဲ့ စီမံခန့်ခွဲရေးဝန်ထမ်းတွေ၊ ကျွမ်းကျင်လုပ်သားတွေအဖြစ် လာရောက်လုပ်ကိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံမှာ တရားဝင်အလုပ်လုပ်ခွင့်ရတဲ့ ဥပဒေရေးဆွဲထားပြီဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို အလုပ်သမားဝန်ကြီးဌာနက ရေးဆွဲပါတယ်။ ဒီရေးဆွဲထားတဲ့ ဥပဒေကြမ်းကို ကျွန်တော်တို့လုပ်ငန်းရှင်တွေနဲ့ လာရောက်ဆွေးနွေးတာဖြစ်ပါတယ်။ ဒီကမှတစ်ဆင့် လုပ်ငန်းရှင်တွေကို ချပြမယ်။ လွှတ်တော်ကို တင်ပြမယ်။လွှတ်တော်မှာဆွေးနွေးအတည်ပြုမယ်။ ပြီးတော့မှ ဥပဒေပြဋ္ဌာန်းမှာဖြစ်ပါတယ်" ဟု ဇူလိုင် ၁၁ ရက်က UMFCCI ၌ ကျင်းပသော နိုင်ငံခြားသားအလုပ်သမားဥပဒေမူကြမ်းနှင့်ပတ်သက် ၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနား၌ ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများ ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်ရာတွင် တရားဝင်အလုပ်လုပ်ကိုင်ခွင့်များ ထုတ်ပေးနေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ပြည်ပမှလာရောက်အလုပ်လုပ်ကိုင်သော နိုင်ငံခြားသား အလုပ်သမားများအား ဥပဒေနှင့်အညီ Work Permit များ ထုတ်ပေးသွားရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေကြမ်းအခန်း (၇) တွင် အလုပ်ရှင်သည် နိုင်ငံခြားသားအလုပ်သမားခန့်ထားလိုပါက သက်ဆိုင်ရာစာရွက်စာတမ်းများနှင့်အတူ မြို့နယ်မှတ်ပုံတင် အရာရှိထံ လျှောက်ထား၍ ခွင့်ပြုချက်ရရှိပြီးမှသာ ခန့်ထားခွင့်ရှိကြောင်း၊ နိုင်ငံခြားသားအလုပ်သမားများ မြန်မာနိုင်ငံသို့ ရောက်ရှိသည့်နေ့မှ နှစ်ရက်အတွင်း ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိထားပြီး ဝန်ကြီးဌာနက အသိအမှတ်ပြုထားသော ဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေးစစ်ဆေးမှု ခံယူနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသော ဆေးအဆင့်မမီကြောင်း စစ်ဆေးတွေ့ရှိပါက မြို့နယ်မှတ်ပုံတင်အရာရှိထံ သတင်းပို့၍ နေရင်းနိုင်ငံသို့ သုံးရက်အတွင်း ပြန်လည်ပို့ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသားအလုပ်သမားများကို အလုပ်လုပ်ကိုင်ခွင့်လက်မှတ်တွင် ခွင့်ပြုထားသည့် သက်တမ်းထက်ကျော်လွန်၍ အလုပ်ခန့်ထားခြင်း မပြုရကြောင်း စသည်ဖြင့် ဖော်ပြထားသည်။



ယင်းကဲ့သို့ မြန်မာနိုင်ငံက နိုင်ငံခြားသားအလုပ်သမားများအား အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ထုတ်ပေးလိုက်ခြင်းဖြင့် မြန်မာနိုင်ငံအတွက် ရသင့်ရထိုက်သော အခွန်အခများ၊ နည်းပညာလွှဲပြောင်းမှုများ၊ အတတ်ပညာများ ရရှိလာနိုင်ကြောင်း ဥပဒေရေးရာကျွမ်းကျင်ပညာရှင်များက သုံးသပ်ထားသည်။ ယခုအခါ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအလုပ်သမားများ လာရောက်လုပ်ကိုင်မှုရှိသော်လည်း ဥပဒေမရှိသေး၍ နိုင် ငံခြားသားအလုပ်သမားစာရင်းအတိအကျ မသိရသည့်အတွက် ရသင့်ရထိုက်သော အခွန်အခများ ဆုံးရှုံးမှုများရှိကြောင်းလည်း သိရသည်။ ယင်းဥပဒေပေါ်ပေါက်လာမှုနှင့်အတူ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပဏာမလူရွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၂**

နေပြည်တော်တွင် ကျင်းပမည့် အမျိုးသားအားကစားပွဲတော်၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရန်ကုန်တိုင်း ဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပဏာမလူရွေးပွဲကို ဇူလိုင် ၁၀ ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပခဲ့သည်။

"နေပြည်တော်မှာ နိုဝင်ဘာလအတွင်း ကျင်းပမယ့် အမျိုးသား အားကစားပွဲတော်အတွက် အကြိုလူသစ်တန်းကစားသမားတွေကို ပဏာမလူရွေးပွဲ ပြုလုပ်တာဖြစ်ပါတယ်။ အောက်တိုဘာလနောက်ဆုံးအပတ်မှာ ပြန်ပြီး နောက်ဆုံးလူရွေးပွဲ လုပ်မယ့် အဖွဲ့ချုပ်က စိစစ်ပြီး ရွေးသွား မှာပါ။ ဒီပြိုင်ပွဲမှာဆုရတဲ့ အမျိုးသား အမျိုးသမီးတွေကို အောက်တိုဘာလနောက်ဆုံးအပတ်မှာ ဗိုလ်လုပွဲ ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ အကောင်းဆုံး အမျိုးသား အမျိုးသမီးတစ်ယောက်စီ ပြိုင်ပွဲဝင်များကို ရန်ကုန်တိုင်းဒေသကြီး ကိုယ်စား ပြုပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပြီး ဒီပြိုင်ပွဲမှာ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်မှ ဦးကျော်စိန်သန်းက ပြောသည်။

အဆိုပါ ပြိုင်ပွဲတွင် ကာယဗလမောင်များက ၅၀၊ ၆၀၊ ၆၅၊ ၇၀ ကီလိုတန်းတို့ကို အပြည်ပြည်ဆိုင်ရာ သတ်မှတ်ကိုယ်ဟန်ပြခုနစ်မျိုးဖြင့်လည်းကောင်း၊ ကာယကြံ့ခိုင်မှု မယ်များက သတ်မှတ်ကိုယ်ဟန်လေးမျိုးကိုလည်းကောင်း ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများအား ရန်ကုန်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ၊ တင်စိုး(မြန်မာ့အလင်း)**


**ပတ်စ်ပို့ပျောက်ဆုံး**

ကျွန်မ မသင်းဇာခြည်တင့်ဝေ ၁၄/ပသန(နိုင်)၁၈၂၆၉၂ (ဘ) ဦးတင့်ဝေ၏ ပတ်စ်ပို့မှာ ပျောက်ဆုံးသွားပါကြောင်း။

**မသင်းဇာခြည်တင့်ဝေ**

**ဖခင်အမည်မှန်**

ပန်းတောင်းမြို့နယ်၊ အထက ဥဿျစ်ပင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းမှ မောင်အောင်သူစိုး၏ ဖခင်အမည်မှန်မှာ ဦးအိုက်လိပ် ဖြစ်ပါကြောင်း။

**ဦးအိုက်လိပ် ၇/ပတန(နိုင်)၀၁၉၈၉၉**

**ဖခင်အမည်မှန်**

ဓနုဖြူမြို့နယ်၊ နန်းတော်ကုန်းအုပ်စု၊ အညာစုကျေးရွာနေ ဓနုဖြူမြို့ နန်းတော်ကုန်း အလက ဒုတိယတန်းမှ မခင်မြတ်နိုးနှင့် အဋ္ဌမတန်းမှ မစုမြအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမိုးမိုး မဟုတ်ဘဲ ဦးစောစံသိန်း ၁၄/ဓနဖ(နိုင်)၁၀၃၀၁၁ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

သာစည်မြို့နယ်၊ ယင်းမာပင် အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်း(A)မှ မောင်ချစ်ဖြိုး၊ ပဥ္စမတန်း(B)မှ မောင်ချစ်တိုးတို့၏ ဖခင်အမည်မှန်မှာ ဦးပေါက်ပေါက် ၉/သစန(နိုင်)၁၆၃၉၂၁ ဖြစ်ပါကြောင်း။

**ဦးပေါက်ပေါက်**

**ဖခင်အမည်မှန်**

သာစည်မြို့နယ်၊ ယင်းမာပင် အခြေခံပညာ အထက်တန်းကျောင်း တတိယတန်း(B)မှ မောင်စွမ်းဇာနည်၏ ဖခင်အမည်မှန်မှာ ဦးမြင့်မောင် ၉/သစန (နိုင်)၁၆၃၉၂၉ ဖြစ်ပါသည်။

**ဦးမြင့်မောင်**

**အမည်မှန်**

ရွှေဘိုမြို့၊ အထက(ခွဲ)၊ အလက (၁)၊ တက္ကသိုလ်ဝင်တန်းမှ မတွယ်တာဦး၏ အမည်မှန်မှာ မသွယ်တာဦးဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးပိုင်တူး ၅/ဒပယ(နိုင်)၀၈၁၃၇၇ ဖြစ်ပါသည်။

**အမည်မှန်**

မြိုင်မြို့နယ်၊ လင်းကတောကျေးရွာတွင်နေထိုင်သော ၈/မမန(နိုင်)၁၆၅၈၉၃ ကိုင်ဆောင်သူ ဦးမောင်ရိုး၏ အမည်မှန်မှာ ဦးသန့်ဇင်ဖြစ်ပါသည်။

**ဦးသန့်ဇင် ၈/မမန(နိုင်)၁၆၅၈၉၃**

ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ စံရိပ်ငြိမ်ကားမှတ်အတိုင်အနီးတွင်တည်ရှိသည့် ဂမုန်းပွင့် ကုန်တိုက်ကြီးတွင် Mingalar Cineplex ရုပ်ရှင်ရုံသစ်ကြီး


MINGALAR CINEMAS

MINGALAR CINEPLEX

ဂမုန်းပွင့် (လှည်းတန်း - စံရိပ်ငြိမ်) ကမာရွတ်မြို့နယ်

ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ စံရိပ်ငြိမ်ကားမှတ်တိုင်အနီးတွင်တည်ရှိသည့် ဂမုန်းပွင့် ကုန်တိုက်ကြီးတွင်
ကျယ်ဝန်းသပ်ရပ်လှပပြီး သက်တောင့်သက်သာအပန်းဖြေအနားယူ ကြည့်ရှုနိုင်သော
Mingalar Cineplex အဆင့်မြင့်ရုပ်ရှင်ရုံကြီးတွင် ရုပ်ရှင်ရုံ(၄)ရုံပါဝင်ပြီး
မြန်မာ၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားသစ်များကို ကြည်လင်ပြတ်သားသောပိတ်ကားပြင်၊ အရုပ်အသံကောင်းမွန်သော
DOLBY ATMOS နောက်ဆုံးပေါ်အသံစနစ်များနှင့် နိုင်ငံတကာအဆင့်မီ ထူးခြားပြည့်စုံသော ရုံအပြင်အဆင်
ဝန်ဆောင်မှုများဖြင့် ရုပ်ရှင်ကြည့်ချစ်ပရိသတ်များ အပန်းဖြေကြည့်ရှု အနားယူနိုင်ရန်
ဇူလိုင်လ (၁၇) ရက် တွင် စတင်ဖွင့်လှစ်ပြသလိုက်ပါသည်။







ဖုန်း - ၀၉၇၇၉၀၅၄၆၇၁ ၊ ၀၉၇၇၉၀၅၄၆၇၂ ၊ ၀၉၇၇၉၀၅၄၆၇၃

www.facebook.com/mingalarcinemas

DOLBY ATMOS

## ရေတာရှည်မြို့နယ် ကြို့ကုန်း(အမက)ကျောင်းတွင် ကျောင်းသားများ အစုလိုက်ဖျားနာမှုဖြစ်ပွား

**ရေတာရှည် ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဂုံမင်းကွင်းကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာ (အမက)ကျောင်းတွင် ကျောင်းသားများ အစုလိုက်ဖျားနာမှုဖြစ်ပွားခဲ့ရာ ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက မြို့လုံကျန်းမာရေးဌာနမှ ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

"မနေ့က မနက်ပိုင်းကျောင်းဖွင့်တော့ ကျောင်းသား ကျောင်းသူ ၄၀ လောက် ကျောင်းမတက်နိုင်ကြဘူး။ ကျောင်းရောက်တဲ့ ကလေးအချို့ကလည်း နေမကောင်းဖြစ်တော့ မိဘတွေက လာခေါ်သွားကြတယ်။ အခု ဒီနေ့ကျန်းမာရေးဌာနက ရွာထဲမှာရှိတဲ့ ကလေးတွေရော ကျောင်းမှာရှိတဲ့ကလေးတွေပါ ကျန်းမာရေးစစ်ဆေးမှုတွေ ပြုလုပ်ပေးနေပါတယ်"ဟု ဂုံမင်းကွင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းတင်က ပြောကြားသည်။ မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမည်ကို ကျောင်းသားမိဘများက စိုးရိမ်လျက်ရှိသော်လည်း လက်ရှိစမ်းသပ်တွေ့ရှိမှုအရ စိုးရိမ်ဖွယ်ရာမရှိကြောင်း ၎င်းက ဆက်၍ပြောသည်။ လတ်တလော ကျောင်းသား ကျောင်းသူ ၂၉ ဦးအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကာ ဆေးရုံသို့တင်ပို့ရခြင်းမရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ကျောက်တံခါး၌ သုံးဘီးဆိုင်ကယ်နှင့် ကုန်တင်ယာဉ်တိုက်မိ ကောက်စိုက်သမငါးဦးသေဆုံး

**ကျောက်တံခါး ဇူလိုင် ၁၂**



တိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော သုံးဘီးယာဉ်

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် နွန်းနီးရားကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းတွင် ဇူလိုင် ၁၂ ရက် နံနက်၇ နာရီ ၂၀ မိနစ်ခန့်က ကောက်စိုက်သမများ တင်ဆောင်လာသည့် သုံးဘီးဆိုင်ကယ်နှင့် ၁၂ ဘီးကုန်တင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ သုံးဘီးဆိုင်ကယ်ပေါ်၌ လိုက်ပါလာကြသော ကောက်စိုက်သမငါးဦးသေဆုံးကာ အများအပြား ဒဏ်ရာများရရှိခဲ့သည်။

ကျောက်တံခါးမြို့ရန်ကုန်-မန္တလေးကားလမ်းတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ စခန်းမှူး ဒုရဲမှူးသိန်းထိုက်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ ပါရာကပ်(ခ)ဘာဂျာ(၂၉ နှစ်) ဘာဘူကုန်းကျေးရွာနေသူ မောင်းနှင်ပြီးနောက်တွင် ကောက်စိုက်သမ ၁၆ဦးအားတင်ဆောင်၍ မောင်းနှင်လာစဉ် ရှေ့မျက်နှာချင်းဆိုင်ဘက်မှ ဝေလင်းထိုက်(၂၅ နှစ်) စာဘူးတောင်းကျေးရွာ လှည်းကူးမြို့နယ်နေသူ မောင်းနှင်လာသော 1F/---- CHENG LONG ၁၂ ဘီးကုန်တင်ယာဉ်နှင့် တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် သုံးဘီးဆိုင်ကယ်ပေါ်တွင် လိုက်ပါလာကြသည့် ကောက်စိုက်သမများအနက် ငါးဦးသေဆုံးသွားခဲ့ပြီး ယာဉ်မောင်းအပါအဝင် ကောက်စိုက်သမ ၁၁ ဦး ဒဏ်ရာများရရှိခဲ့၍ ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မြဝတီမြို့၌ မိုတယ်ပေါ်မှ လူတစ်ဦးခုန်ချမှုဖြစ်ပွား

**မြဝတီ ဇူလိုင် ၁၂**

ကရင်ပြည်နယ် မြဝတီမြို့ရှိ မိုတယ်တစ်ခု၌ လာရောက်တည်းခိုနေထိုင်သော လူတစ်ဦး ဇူလိုင် ၁၀ ရက်က မိမိတည်းခိုနေထိုင်သော အထပ်မြင့်အဆောက်အအုံမှ ခုန်ချမှုဖြစ်ပွားခဲ့သည်။

မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဆင်းသိင်္ဂီလမ်းသွယ်ရှိ ဒိုင်းမွန်းမိုတယ်၌ တည်းခိုနေထိုင်သူ အမျိုးသားတစ်ဦး ဇူလိုင် ၁၀ ရက် မွန်းလွဲ ၂ နာရီခန့်က အဆိုပါ မိုတယ်အထပ်မြင့်ပေါ်မှ ခုန်ချမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ မြဝတီမြို့မရဲစခန်းမှူး ဒုရဲမှူး ကိုကိုနိုင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ယုဇနအိမ်ရာဝင်း တိုက်(၁) အခန်း(၂၀၉)အေဘာလောက် ဒဂုံတောင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူ ဦးသီဟဝင်း(ခ) ကိုမောင် (၄၂ နှစ်)သည် ဒိုင်းမွန်းမိုတယ် လေးလွှာ အခန်းအမှတ် D-10 တွင် ဇူလိုင် ၆ ရက်ကတည်းက တည်းခိုနေထိုင်ခဲ့ကြောင်း၊ အခင်းဖြစ်သည့် နံနက်ပိုင်းက ဇနီးဖြစ်သူနှင့် ဖုန်းအဆက်အသွယ်ရရှိကာ စကားများရန်ဖြစ်ခဲ့ကြရာမှ အခန်းအတွင်း အရက်သေစာသောက်စားပြီးနောက် ၎င်းတည်းခိုနေထိုင်သည့် အခန်းပြတင်းပေါက်မှ ခုန်ချခဲ့ရာ မိုတယ်ဘေးတောင်ဘက်ကပ်လျက်ရှိ ဒေါ်ပိန် ပိုင်တန်းလျား တတိယမြောက်အခန်းလွတ်(လူမနေ)၏ ခေါင်မိုးပေါ်သို့ ပြုတ်ကျခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထိုသို့ ခုန်ချခဲ့ခြင်းကြောင့် ဦးသီဟဝင်း(ခ)ကိုမောင်သည် ဒဏ်ရာ(စိုးရိမ်ရ) ရရှိခဲ့ပြီး ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ အတွင်းလူနာအဖြစ် တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၎င်းအား မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## နမ့်လုံချောင်းမှ ရွှေတူးဖော်ရာတွင် အသုံးပြုသည့်စက်ပစ္စည်းများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ



**မိုင်းဖြတ် ဇူလိုင် ၁၂**

ရှမ်းပြည်နယ် တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် တောညှက်ကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာအနီး နမ့်လုံချောင်းထဲတွင် ရွှေတူးဖော်ရာ၌ အသုံးပြုသည့် တရုတ်နိုင်ငံထုတ် မြင်းကောင်ရေ ၂၅ ကောင်ရှိ ဒီဇယ်အင်ဂျင်စက်တစ်လုံးနှင့်အတူ ဆက်စပ်ပစ္စည်းများကို ဇူလိုင် ၁၁ ရက် ညနေ ၃ နာရီခွဲက သိမ်းဆည်းရမိကြောင်း သိရသည်။

မိုင်းဖြတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်၊ မြို့နယ်ရဲစခန်းမှူး ဒုရဲမှူး ခင်မောင်ဌေးတို့ဦးစီးသည့် တာဝန် ရှိဌာနဆိုင်ရာများ၊ ရပ်/ကျေးစာရေးများနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများအဖြစ် တောညှက်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးယောဟန်နှင့် ဒေသခံပြည်သူနှစ်ဦးတို့နှင့်အတူ ဆိုက်ခေါင်ကျေးရွာအနီး နမ့်လုံချောင်းထဲတွင် တရားမဝင်ရွှေတူးဖော်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ တရားမဝင်ရွှေတူးဖော်ရန် ပြင်ဆင်ပြီး ကျောက်ဆောင်များ၊ ဝါးရုံများနှင့် ကွယ်ထားသည့် ရွှေတူးဖော်ရာတွင် အသုံးပြုသော ရွှေဖောင်တစ်ဖောင်ပေါ်မှ တရုတ်နိုင်ငံထုတ် မြင်းကောင်ရေ ၂၅ ကောင်ရှိ ဒီဇယ်အင်ဂျင်စက် တစ်လုံးနှင့်အတူ ဆက်စပ်ပစ္စည်း ၁၃ မျိုးတို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သိမ်းဆည်းရမိပစ္စည်းများကို မြို့နယ်စီမံခန့်ခွဲရေးကော်မတီသို့တင်ပြပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ရှောလမွန် (ပြန်/ဆက်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း**

ယာဉ်အမှတ် ၁ယ/၄၈၇၂၇၊ Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးခိုင် ၉/မလန(နိုင်)၀၀၀၇၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မိတ္ထီလာ)**

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၄)၊ ဂနိုင်ကန်လမ်း၊ စိန်ဂျော့(စ်)ဘုရားကျောင်းဝင်းနေ ဒေါ်လှရင်၏သမီး မလှလှဦး ၁၃/တကန(နိုင်) ၀၀၀ ၁၉၃ သည် မိခင်အား စိတ်ဆင်းရဲအောင်ပြုမူပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုတာ ဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင် ဒေါ်လှရင်**
**၁၃/တကန(နိုင်)၀၉၉၄၂၆**

**ပညာရေးဝန်ကြီးဌာန**
**နည်းပညာတက္ကသိုလ်(မြိတ်)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ နည်းပညာတက္ကသိုလ်(မြိတ်)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| (က) | Meeting table (2'6"x2'6"x2'6") | (2 Nos) |
| (ခ) | Computer Table | (66 Nos) |
| (ဂ) | Meeting table (5'x2'6"x2'6") | (11 Nos) |
| (ဃ) | ဗီရို (Leeco CBO3) (3'x1'6") | (8 Nos) |
| (င) | 4Drawers Cabinet | (8 Nos) |
| (စ) | Leeco Locker | (8 Nos) |

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၁၃-၇-၂၀၁၆ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃-၈-၂၀၁၆ရက် ညနေ ၃း၀၀နာရီ
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - နည်းပညာတက္ကသိုလ်(မြိတ်)

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နည်းပညာ တက္ကသိုလ်(မြိတ်) ဘဏ္ဍာရေးရာဌာန ဖုန်း-၀၉-၂၅၀၂၄၅၅၀၃၊ ၀၉-၂၅၀၂၄၅၄၉၉တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(မြိတ်)**

**နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ဆိုင်ခန်းများ မဲနှိုက်မည်**

ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပသော နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲကို ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန(PPD)ဗဟိုပုံနှိပ်စက်ရုံဝင်းတွင် သုံးရက်တိုင် ကျင်းပမည်ဖြစ်ပါသည်။ စာအုပ်ဆိုင် ဖွင့်လှစ်ရောင်းချရန် စာရင်းပေးသွင်းထားသူများအနေဖြင့် ၁၅-၇-၂၀၁၆ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆိုင်ခန်းနေရာများ မဲနှိုက်ရွေးချယ်ပေးမည်ဖြစ်ပါသဖြင့် ဆိုင်းခန်းခတစ်ခန်းလျှင်(၃၀၀၀၀/-)ကျပ် တစ်ပါတည်းယူဆောင်လာပါရန် အကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း**
**ဖုန်း-၀၉-၃၀၀၀၂၃၁၁**

**မွေးသက္ကရာဇ် အမှန်**
ဦးမိုးကျော်၏သား ကျိုင်းတုံမြို့၊ အထက(၂)၊ အဋ္ဌမတန်း(C)မှ မောင်ကျော်ဝင်းထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၁-၂၀၀၃ ဖြစ်ပါကြောင်း။

**ရွှေတောင်ပြုံးပွဲ သို့ ရွှေကြေးစည်**
▲ချိုးရေသုံးပွဲ၊ ညအိပ်ခွဲ၍၊ တောင်ပြုံးပွဲနှင့် မန္တလေး-ဝေရောစနကျောက်စိမ်းဘုရား
▲ရွှေတောင်ပြုံးပွဲ၊ မန္တလေး-ပြင်ဦးလွင်အနီး၊ ကိုးမြို့နန်း၊ စစ်ကိုင်း
▲ရွှေတောင်ပြုံးပွဲ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို
▲ရွှေတောင်ပြုံးပွဲ၊ မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ
▲ရွှေတောင်ပြုံးပွဲ၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ-ထမ်မံစ်ဂူ
▲ရွှေတောင်ပြုံးပွဲ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ
▲ရွှေတောင်ပြုံးပွဲ၊ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ (အဘထွက်ပွဲစုံစမ်းပါ)
ဩဂုတ်လ (၁၂)ရက် ထွက်မည်
ပန်းဆိုးတန်း ☎01-240860/01-372290 ဒေါ်ပုံ 09-49282825 ကမာကြည် 09421029191

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမသဘာဝဓာတ်ငွေ့စက်ရုံတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ၃၃ ကေဗွီ ရွာမ-ဒညင်းကုန်းလိုင်းပေါ်ရှိ ၃၃/၆ဒသမ၆ကေဗွီ ခေတ္တရာဓာတ်အားခွဲရုံမှ ၃၃ကေဗွီ ဓာတ်အားလိုင်း ဆက်သွယ်၍ ၂ဒသမ၅ အမ်ဗွီအေ ၃၃/၃ဒသမ၃ကေဗွီ ဓာတ်အားခွဲရုံတစ်ခုတည်ဆောက်ခြင်းလုပ်ငန်းအား Turn Key စနစ် ဆောင်ရွက်ခြင်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၇-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၂-၈-၂၀၁၆ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၂၇၂**

**ချင်းပြည်နယ်အစိုးရအဖွဲ့**
**ဝယ်ယူရေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ချင်းပြည်နယ်၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ ဟားခါးမြို့မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် ဝယ်ယူဆောင်ရွက်မည့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းအတွက် စက်ပစ္စည်းနှင့် ပရိဘောဂများ ဝယ်ယူရေးအိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများနှင့်တင်ဒါခေါ်ယူသည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၀-၂၂၅၅၆၊ ၀၉-၂၄၅၀၀၃၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါရောင်းချမည့်ရက်** -၁၁-၇-၂၀၁၆ရက်
**တင်ဒါစတင်မည့်ရက်/အချိန်** -၂၈-၇-၂၀၁၆ရက် ညနေ ၁၆း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** -၂၉-၇-၂၀၁၆ရက် နံနက် ၀၉း၀၀နာရီ

**တင်ဒါခေါ်ယူရေးကော်မတီ**

**CLAIMS DAY NOTICE**
**M.V MALACCA HIGHWAY VOY: NO (16)**

Consignees of cargo carried by M.V MALACCA HIGHWAY VOY: NO (16) are here by notified that the vessel will arrive on about 14-7-2016 and cargo will be dischar ged into the premises of Yangon port.

Damaged car go will be surveyed daily from (08:00)AM to (11:20)AM and (12:00)NOON to (04:00)PM to claims day now declared as the third day after final discharge of cargo from th vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# မြန်မာ ယူ- ၁၆ အသင်း စင်ကာပူကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲစတင်


**ဖနောင်ပင် ဇူလိုင် ၁၂**

အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စု(က)ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အိုလံပစ်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာယူ-၁၆အသင်း နိုင်ပွဲစတင်ရရှိခဲ့သည်။

**မြန်မာ ယူ- ၁၆ - လေးဂိုး**
**စင်ကာပူ ယူ-၁၆ - တစ်ဂိုး**

အုပ်စုအဖွင့်ပွဲတွင် နာမည်ကြီး ဩစတြေးလျအသင်းကို သရေကစားထားသည့် မြန်မာယူ-၁၆ အသင်းသည် ယခုပွဲတွင် ခြေစွမ်းပြပြီး စင်ကာပူကို ဂိုးပြတ်သွင်းကာ နိုင်ပွဲစတင်ရရှိခဲ့သည်။ မြန်မာယူ-၁၆ အသင်းသည် အုပ်စုပွဲကျပ်အတွင်း ကျရောက်နေသော်လည်း နှစ်ပွဲကစား လေးမှတ်ရရှိထားသောကြောင့် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။

မြန်မာအသင်းသည် ဩစတြေးလျ


မြန်မာ ယူ- ၁၆ ကစားသမားများ ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်

အသင်းနှင့် သရေကျခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ဆက်လက်ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ၁၂ မိနစ်တွင် မြန်မာအသင်း အဖွင့်ဂိုးရခဲ့ပြီး အောင်ဝဏ္ဏစိုးက အဝေးမှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်း အတွက် ဒုတိယဂိုးကိုလည်း အောင်ဝဏ္ဏစိုးက ၃၉ မိနစ်တွင် ပထမဂိုးသွင်းခဲ့သည့်အတိုင်း အဝေးကန်ချက်ဖြင့် ရယူခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် စင်ကာပူ နောက်တန်း ပြိုဆင်းသွားခဲ့ပြီး တိုက်စစ်မှူး ဝင်းနိုင်ထွန်းက ၄၁ မိနစ်တွင် တတိယဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းအစတွင် အောင်ဝဏ္ဏစိုးနှင့် ပြည့်စုံနိုင်တို့ကို အနားပေးခဲ့ပြီး အပြောင်းအလဲလုပ်ခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း ထင်သလောက် ဖိအားပေးနိုင်ခြင်း မရှိတော့ဘဲ စင်ကာပူအသင်း ဂိုးပေါက်ခြိမ်းခြောက်မှုအချို့ ပြုလုပ်နိုင်ခဲ့သည်။ ၇၈ မိနစ်တွင် ရဲရင့်အောင်က မြန်မာအတွက် စတုတ္ထဂိုး သွင်းယူခဲ့ပြီး စင်ကာပူအတွက် ချေပဂိုးတစ်ဂိုးကို ပွဲပြီးခါနီးတွင် မိုဟာမက်ဒန်နီရယ်က သွင်းယူခဲ့သည်။ အုပ်စု(က)အခြားပွဲစဉ်တွင် ဗီယက်နမ်အသင်းက ဩစတြေးလျအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် ဇူလိုင် ၁၄ ရက်တွင် နှစ်ပွဲဆက်အနိုင်ရထားသည့် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ဖိုးသော်ဇင်၊ ဓာတ်ပုံ - Post Sport**

❖ *ကျောဖုံးမှ*

ဒုတိယအဆင့်တွင် ရန်ကုန်က မဟာယူနိုက်တက်၊ ဟံသာဝတီက မနောမြေတို့ကို အနိုင်ယူလာခြင်းဖြစ်သည်။

ရတနာပုံအသင်းသည် ကွာတားဖိုင်နယ်တွင် ပထမတန်းကလပ် မြဝတီနှင့် ကစားရမည်ဖြစ်သည်။

မြဝတီအသင်းသည် ဒုတိယအဆင့်တွင် နာမည်ကြီး ဇေယျာရွှေမြေကို အနိုင်ယူလာသည့် အသင်းဖြစ်သောကြောင့် ရတနာပုံအသင်း ပေါ့ဆ၍မရသည့်ပွဲဖြစ်သည်။ ရတနာပုံအသင်းတွင် အမာခံကစားသမားအချို့ ပါဝင်နိုင်မည်မဟုတ်ဘဲ ကစားပုံ မာကျောသည့် မြဝတီအသင်းကို သတိပြုရမည်ဖြစ်သည်။

ရတနာပုံအသင်းသည် ၂၀၁၅ ရှုံး/ထွက်ပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည့် အသင်းဖြစ်သည်။ ကွာတားဖိုင်နယ် (ဒုတိယနေ့)ကို ဇူလိုင် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မကွေးနှင့် ရှမ်းယူနိုက်တက်၊ ဇွဲကပင်နှင့်ရခိုင်တို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

# အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၆ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ၌ အုပ်စုတတိယနေ့ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ လက်ရှိချန်ပီယံအသင်းများဖြစ်သည့် ထိုင်းဆိပ်ကမ်း အမျိုးသားအသင်းနှင့် ထိုင်ဆွန်နမ်အမျိုးသမီးအသင်း နှစ်ပွဲဆက်အနိုင်ရရှိခဲ့သည်။

အုပ်စု တတိယနေ့ အမျိုးသမီးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ထိုင်ဆွန်နမ်(ဗီယက်နမ်)က WFC (မြန်မာ) ကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထိုင်ဆွန်နမ်အသင်းသည် အနိုင်ဂိုး ငါးဂိုးစလုံးကို ပထမပိုင်းတွင် သွင်းယူခဲ့ခြင်းဖြစ်ပြီး မြန်မာကလပ်အတွက် ချေပဂိုးတစ်ဂိုးကို ခိုင်မာဦးက ၃၁ မိနစ်တွင် သွင်းယူပေးခဲ့သည်။ အခြားပွဲစဉ်တွင် အင်ဒိုနီးရှားကလပ် ဂျာရာကန်ဆီနာအသင်းက ထိုင်းကလပ် နာခွန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲစဉ်အပြီးတွင် မြန်မာအမျိုးသမီးကလပ် WFC သည် သုံးပွဲကစား တစ်မှတ်သာရရှိသေးသောကြောင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရပြီး တတိယနေရာလုပွဲကစားခွင့်ရရှိရန် နောက်ဆုံးပွဲ၌ ရလဒ်ကောင်းရန် လိုအပ်နေသည်။ အမျိုးသားပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ထိုင်းကလပ် ထိုင်းဆိပ်ကမ်းအသင်းက လာအိုကလပ် Lanexang အသင်းကို ကိုးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး နှစ်ပွဲဆက် အနိုင်ရရှိခဲ့သည်။

အုပ်စုစတုတ္ထနေ့ပွဲများကို ဇူလိုင် ၁၃ ရက်(ယနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၁၁ နာရီ၌ အမျိုးသမီးပွဲအဖြစ် WFC (မြန်မာ)နှင့် နာခွန်(ထိုင်း)၊ မွန်းလွဲ ၂ နာရီတွင် အမျိုးသားပွဲအဖြစ် Lanexang (လာအို) နှင့် Black Steel (အင်ဒိုနီးရှား)၊ ညနေ ၄ နာရီခွဲတွင် အမျိုးသမီးပွဲအဖြစ် ဗန်ကောက်(ထိုင်း)နှင့် ထိုင်ဆွန်နမ်(ဗီယက်နမ်)၊ ညနေ ၇ နာရီတွင် အမျိုးသားပွဲအဖြစ် MIC (မြန်မာ)နှင့် ထိုင်းဆိပ်ကမ်း (ထိုင်း)တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

## အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စလေမြို့နေ ကျွန်ုပ်၏မိတ်ဆွေ ဦးငွေဝင်း ၈/ခမန(နိုင်)၀၀၈၁၂၆ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာပါသည်။

ကျွန်ုပ်မိတ်ဆွေသည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမှတ်အသားဖြစ်သော Jumjel အမည်စာသားဖြင့် သဘာဝစလေဆီးသီးဖျော်နှင့် သဘာဝသစ်သီးဖျော်ရည်မျိုးစုံ (Natural Salay Plum Syrup) တို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း ကုန်အမှတ်တံဆိပ်အား ၂၃-၁-၂၀၀၇ရက်က ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတော်၌ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ် ၅၁၁/၂၀၀၇ ဖြင့် မှတ်ပုံတင်သွင်း၍ တရားဝင်ထုတ်လုပ်ရောင်းချလျက်ရှိသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

" ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား "




RD(၅၁၁/ ၂၀၀၇)

ထို့ပြင် အထက်ပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတော်၌လည်း တရားဝင်မှတ်ပုံတင်သွင်း ကြေညာပြီးလည်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းမှုပိုင်အဖြစ် အသုံးပြုလျက်ရှိသော အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများမှဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပပြုလုပ်သုံးစွဲနေကြောင်း ဈေးကွက်အတွင်း တွေ့မြင်ကြားသိရပါက ကျွန်ုပ်မိတ်ဆွေ၏လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာ ဆုံးရှုံးမှုအရပ်ရပ်စရိတ်ကြေးငွေများအတွက်နစ်နာကြေး၊ လျော်ကြေးငွေများကို တောင်းဆိုခံနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့အရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးငွေဝင်း ၈/ခမန(နိုင်)၀၀၈၁၂၆**
**လွှဲအပ်သူ-**

**ဦးထွန်းလင်း LL.B,D.B.L**
**အထက်တန်းရှေ့နေ**
**(စဉ်-၃၅၈၀၀)**

**ဦးမျိုးသူထွန်း**
**အထက်တန်းရှေ့နေ**
**(စဉ်-၃၄၃၁၇)**

**လမ်း၃၀၊ ၆၈×၇၀လမ်းကြား**
**ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီးရုံးဝင်းအတွင်း**
**ဖုန်း-၀၉-၂၅၆၂၁၀၂၃၅၊ ၀၉-၉၇၁၁၁၂၂၃၊**
**၀၉-၄၅၁၁၁၂၂၂၃**

**ဒေါ်ဝေဝေဖြိုး LL.B , D.I.L**
**အထက်တန်းရှေ့နေ(စဉ်-၃၅၉၁၆)**

## ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/4986၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်ပြည့်ဇာနည်ကို ၁၂/ဗဟန(နိုင်)၀၉၅၈၇၂သည် မိဘ၏ ဆုံးမမှုကို နာခံခြင်းမရှိဘဲ နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။**

**ဒေါ်စန်းစန်းလွင် ၁၂/ဗဟန(နိုင်)၀၈၄၅၆၈**
**၂/စိန်မေတ္တာလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊**
**ဗဟန်းမြို့နယ်**

## နေနတ်သားစာသင်တိုက်(၅၄)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းလှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ နေနတ်သားစာသင်တိုက်၌(၅၄)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းလှူဒါန်းပွဲကို (၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၁၃ ရက်) ၁၇-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ပရိယတ္တိသာသနာနုဂ္ဂဟအဖွဲ့**

## တစ်ချက်တည်းကျင်းဝင်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်းငွေသော်တာတွင်း၌ ဦးဖွဲ့နေဝင်းသည် ၁၀-၆-၂၀၁၆ရက် ညနေ ၆း၄၀ နာရီတွင် ကစားဖော်များဖြစ်ကြသော ဦးကျော်နေဝင်း၊ ဦးကျော်ဇေယျ၊ ဦးထွန်းတောက်ဝင်း၊ ဦးနိုင်အောင်အေးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၂)၌ ကိုက် ၁၅၀အကွာမှ Titleist -2 ဘောလုံးကို Titleist Iron 7 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့စာတိုက်လုပ်ငန်း**
**ကရင်ပြည်နယ်၊ ဘားအံမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စာတိုက်လုပ်ငန်း၊ ကရင်ပြည်နယ်၊ ဘားအံမြို့နှင့်မြဝတီမြို့များတွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
(က) ဘားအံမြို့၊ အရာထမ်းအိမ်ရာ (၅၀'×၂၅'×၁၀') အုတ်ညှပ်(၂)ခန်းတွဲ Steel Structure နှင့် ဝန်ထမ်းအိမ်ရာ (၁၀၀'×၂၅'×၁၀')အုတ်ညှပ်(၄)ခန်းတွဲ Steel Structure ဆောက်လုပ်ခြင်း
(ခ) မြဝတီမြို့ ဝန်ထမ်းအိမ်ရာ (၆၀'×၂၄'×၁၀')အုတ်ညှပ်(၂)ခန်းတွဲ Steel Structure ဆောက်လုပ်ခြင်း
၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၆ရက်မှ ၃-၈-၂၀၁၆ရက်အထိ
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၄-၈-၂၀၁၆ရက် နံနက် ၉နာရီ
(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်ရက်** - ၄-၈-၂၀၁၆ရက် နံနက် ၁၀နာရီ
(ဃ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - မြန်မာ့စာတိုက်လုပ်ငန်း၊ ပြည်နယ်မန်နေဂျာရုံး အမှတ်(၁) ရပ်ကွက်၊ ပဒုမ္မာလမ်း၊ ဘားအံမြို့
၃။ တင်ဒါပုံစံများကို မြန်မာ့စာတိုက်လုပ်ငန်း ပြည်နယ်မန်နေဂျာရုံး၊ စာတိုက်ရုံးဝင်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်တွင် ၁၄-၇-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၈-၂၁၀၁၃၊ ၀၅၈-၂၁၅၉၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ကရင်ပြည်နယ်**

မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ဂျပန်စာ
လေ့လာနေသူများအတွက်
ဆရာဦးအောင်ဇေဦး၊ ဆရာဦးအေးသိန်း
ဆရာမခင်ဝေလွင်၊ ဆရာမသက်ထား
ဂျပန်စကားပြော(ပုံမှန်/အမြန်)၊ 4-Skills
(အခြေခံ/အဆင့်မြင့်)၊အလုပ်ဝင်အင်တာဗျူး
N5,N4,N3,N2,N1စာမေးပွဲသင်တန်း
ဂျပန်စကားပြော/JLPTစာအုပ်များရောင်းသည်။
EVER TOP
ဘာသာစကားသင်တန်းကျောင်း
အမှတ်(၆၆/၆၈)၊ ၅လွှာ၊အင်းစိန်လမ်း၊ကမာရွတ်
(စံရိပ်ငြိမ်မှတ်တိုင်/လှည်းတန်းအနီး)
Ph:09254903604,098770096

SUPER SEAT
အကြီးဆုံး ထိုင်ခုံ
အကျယ်ဝန်းဆုံး နေရာ
အတန်ဆုံး ကားလက်မှတ်ခ
အကောင်းဆုံး ရှစ်ဘီးကားသစ်



ရန်ကုန် - မန္တလေး သွားရင်
ဂျေဂျေ ပဲရွေးစီးမယ် JJ Express
Ph-09 977181230

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ကွင်းအမှတ် (၁၄)၊ ကိုးသောင်းတိုးချဲ့(၂)၊ ဦးပိုင်အမှတ် (၁က)မှ မြေဧရိယာ ၀.၁၁၄၅ ဧကရှိ မြေအား ဒေါ်အေးအေးသန်း (ဘ)ဦးစိန်မောင် အမည်ဖြင့် မြေငှားဂရန်တင်ပြ လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ ရက်သတ္တ(၂)ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေငှားဂရန်တင်ပြလျှောက်ထားမည်ဖြစ်ပါသည်။

**ဒေါ်အေးအေးသန်း**
**၇/ပခတ(နိုင်)၀၃၉၀၀၇**
**အမှတ် ၉၉၊ ရွှေတစ်ချောင်းလမ်း၊**
**ရွာဘဲရပ်ကွက်၊ ပြည်မြို့**

# ဒီမိုကရေစီရဲလုပ်ငန်းဆိုသည်မှာ . . .

ဇော်ဝင်း

ဒီမိုကရေစီရဲလုပ်ငန်းဆိုသည်မှာ ပြည်သူတို့က ရွေးချယ်တင်မြှောက်ထားသည့် အစိုးရအဖွဲ့အစည်း ယန္တရားများမှတစ်ဆင့် **ဒီမိုကရေစီစံနှုန်းများအတိုင်း ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ဆောင်ရွက်ရသော ရဲလုပ်ငန်း** ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ထောက်ခံအားပေးမှုဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရခြင်းသည် ဤစနစ်၏ အခြေခံဖြစ်သည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းများကို လေးစားမှုဖြင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံရခြင်းများသည် ဤရဲလုပ်ငန်းစနစ်ဖြင့် တာဝန်များကို ထမ်းဆောင်ရန်အတွက် လွန်စွာအရေးကြီးပါသည်။

ဒီမိုကရေစီနိုင်ငံများအတွက် နိုင်ငံ့ရေးရာများကို ထိန်းကျောင်းရာတွင် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံသားများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် အများသဘောဆန္ဒနှင့်အညီဆောင်ရွက်မှု (Consensus)၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံသားတို့၏ လွတ်လပ်ခွင့် (Freedom) ကို ကာကွယ်စောင့်ရှောက်မှုနှင့် သာတူညီမျှမှု (Equality) ဟူသည့် ဒီမိုကရေစီစနစ်၏အနှစ်သာရများ ပါဝင်သည့် ဒီမိုကရေစီရဲလုပ်ငန်းစနစ်မှာ မရှိမဖြစ်လိုအပ်ပါသည်။ ဤစနစ်ကို ထူထောင်ရာတွင် နိုင်ငံသားပြည်သူတို့၏ ယုံကြည်ကိုးစားမှုကို တည်ဆောက်ခြင်းသည် ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းအတွင်း ပိုမိုထိရောက်ပြီး အကျိုးကျေးဇူးပြုနိုင်သော ရဲတပ်ဖွဲ့လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အခြေခံအုတ်မြစ်ပင်ဖြစ်သည်။

### ဒီမိုကရေစီရဲလုပ်ငန်း၏ရည်ရွယ်ချက်

ဒီမိုကရေစီနိုင်ငံရှိ ရဲတပ်ဖွဲ့၏ အဓိကရည်ရွယ်ချက်များမှာ နိုင်ငံသားများက ဖွဲ့စည်းပုံအခြေခံဥပဒေပါလွတ်လပ်ခွင့်များကို ကျင့်သုံးနိုင်ရန်အတွက် ဘေးကင်းလုံခြုံ၍တည်ငြိမ်အေးချမ်းသော လူ့အဖွဲ့အစည်းပတ်ဝန်းကျင်များ ဖြစ်လာအောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ ပြည်သူတစ်ဦးချင်း၏ အခြေခံရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို ကာကွယ်စောင့်ရှောက်ရန်၊ မှုခင်းများကို ကာကွယ်တားဆီး တိုက်ဖျက်ရာတွင် အကြောက်တရားနှင့် ဘက်လိုက်ခြင်း ကင်းရှင်းစွာဖြင့် နိုင်ငံသား အားလုံးအတွက် ပြစ်မှုဆိုင်ရာဥပဒေကို ညီတူညီမျှ အသုံးချရန်တို့ ဖြစ်သည်။

### ဒီမိုကရေစီရဲလုပ်ငန်း၏ပင်မနိယာမများနှင့်အခြေခံမှုများ

ဒီမိုကရေစီစနစ်ကို အကောင်းဆုံး မြှင့်တင်နိုင်ရန်အတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးရာတွင် ရဲတပ်ဖွဲ့သည် တာဝန်ခံနိုင်မှု၊ ပွင့်လင်းမြင်သာမှု၊ လူ့အခွင့်အရေးများကို လေးစားမှု၊ သာတူညီမျှမှု စသည့် ပင်မနိယာမများနှင့်အညီ ကျင့်သုံးရမည်။ သို့မှသာ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု၊ ထောက်ခံအားပေးမှုဖြင့် ရဲတပ်ဖွဲ့၏ "Legitimacy"ဟု ခေါ်သည့် "ဥပဒေနှင့်အညီ တာဝန်များကို ဆောင်ရွက်နိုင်စွမ်း"ကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ ထိုသို့ တည်ဆောက်ရာတွင် အောက်ဖော်ပြပါ အခြေခံမှု (၄) ရပ်နှင့်အညီ ဖော်ဆောင်ရမည်ဖြစ်သည် -

(က) တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(ခ) ရဲကျင့်ဝတ်များနှင့်အညီ လူ့အခွင့်အရေးများကို လေးစားမှုဖြင့် တာဝန်များထမ်းဆောင်ခြင်း၊
(ဂ) တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း၊
(ဃ) ရဲတပ်ဖွဲ့၏ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲမှုများစနစ်ကျနခြင်း။



ကျောင်းသား ကျောင်းသူလေးများ ကျောင်းဆင်းကျောင်းတက် ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်က ကူညီဆောင်ရွက်ပေးမှုကို တွေ့ရစဉ်

### တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

နိုင်ငံတော်နှင့် နိုင်ငံတကာလုံခြုံရေးကို ထိပါးစေသော ခြိမ်းခြောက်မှုများ၊ မှုခင်းများနှင့်အကြမ်းဖက်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် ကမ္ဘာတစ်ဝန်းရှိ ရဲတပ်ဖွဲ့ဝင်များသည် ဖိအားများအောက်တွင် အလုပ်လုပ်ကြရသည်။ သို့သော်လည်း အချိန်တိုင်းတွင် ရဲတပ်ဖွဲ့ဝင်များသည် ပြည်တွင်းဥပဒေများဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ ရဲအက်ဥပဒေများအပြင် နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ ပြစ်မှုတရားစီရင်ရေးကဏ္ဍနှင့် ပူးပေါင်းလျက် တရားဥပဒေစိုးမိုးရေးအတွက်လည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မိမိတပ်ဖွဲ့၏ လုပ်ဆောင်ချက်တိုင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိစေရန်နှင့် တရားသူကြီးများ၏ လွတ်လပ်စွာတရားစီရင်မှုနှင့် ဘက်မလိုက်မှုတို့ကို လေးစားမှုဖြင့် ဆောင်ရွက်ရန် အထူးသတိပြုရမည် ဖြစ်ပါသည်။

### ရဲကျင့်ဝတ်များနှင့်အညီ လူ့အခွင့်အရေးများကို လေးစားမှုဖြင့် တာဝန်ထမ်းဆောင်ခြင်း

ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုဖြင့် ဒီမိုကရေစီ ရဲလုပ်ငန်းစနစ်ကို ဖော်ဆောင်နိုင်ရန်အတွက် ရဲတပ်ဖွဲ့သည် ရဲလုပ်ငန်းပိုင်းဆိုင်ရာကျင့်ဝတ်များကို လေးစားလိုက်နာလျက် အဂတိတရားကင်းရှင်းစွာဖြင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို သက်သေပြနိုင်ရမည် ဖြစ်သည်။ ထိုသို့ ဖော်ဆောင်ရာတွင် လူသားတို့၏ဂုဏ်သိက္ခာကို လေးစားခြင်း၊ နိုင်ငံသားအားလုံးအပေါ် ခွဲခြားဆက်ဆံခြင်းမပြုဘဲ ညီတူညီမျှ ကာကွယ် စောင့်ရှောက်မှုပေးခြင်း၊ စုံစမ်းစစ်ဆေးမှုများကို ခိုင်လုံသော အကြောင်းရင်းများပေါ်တွင်သာ အခြေပြုဆောင်ရွက်ခြင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရသူများကို အားပေးကူညီထောက်ပံ့ခြင်း၊ ပြစ်မှုကျူးလွန်သူများကို အချိန်နှင့်တစ်ပြေးညီ ဖမ်းဆီး၍ တရားစွဲဆိုခြင်းအားဖြင့် မျှတစွာ တရားစီရင်နိုင်ရေးကို အထောက်အကူပေးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လူသားမဆန်သည့် ရက်စက်မှုများဖြင့် သက်သေရယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ နိုင်ငံသားတို့၏ ဒီမိုကရေစီ လွတ်လပ်ခွင့်များကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ရဲတပ်ဖွဲ့အင်အားကိုအသုံးပြုရာတွင် ပြည်သူလူထု၏ အသက်အိုးအိမ်များကို အလေးထား ကာကွယ်စောင့်ရှောက်ရန်ဟူသော မူဝါဒကို ရဲလုပ်ငန်း၏ အမြင့်ဆုံး ဦးစားပေးအဖြစ်ထားရှိခြင်း စသည့် အချက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာ လိုက်နာရမည်ဖြစ်သည်။

ရဲတပ်ဖွဲ့သည် နိုင်ငံသားတို့၏ ဘေးကင်းလုံခြုံမှုကိုသာမက လူ့အခွင့်အရေးများကိုပါ ကာကွယ်စောင့်ရှောက်ပေးရမည် ဖြစ်သည့်အတွက် ရဲတပ်ဖွဲ့ဝင်များကို လူ့အခွင့်အရေးများဆိုင်ရာ သင်တန်းများကို စဉ်ဆက်မပြတ် ပို့ချပေးရန်လည်း လိုအပ်ပါသည်။

### တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း

ဒီမိုကရေစီနိုင်ငံတိုင်းတွင် ပြည်သူလူထုဘေးကင်းလုံခြုံရေး (Public Safety) နှင့် ရဲတပ်ဖွဲ့ဝင်များ၏ ပြုမူဆောင်ရွက်ချက် (Police Behaviour) များအတွက် တာဝန်ယူရသကဲ့သို့ နိုင်ငံတော် (State Control)၊ လူ့အဖွဲ့အစည်း (Social Control)နှင့် ဌာနတွင်း (Internal/ Departmental Control) ဟူသည့် ပင်မယန္တရားကြီးသုံးခု၏ ကြီးကြပ်ကွပ်ကဲမှုကိုလည်း တာဝန်ခံရပါသည်။

State Control ပိုင်းနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့သည် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အဖွဲ့အစည်းများကို တာဝန်ခံရသည်။ နိုင်ငံတော်၏ အုပ်ချုပ်ရေး ယန္တရားများသည် ဒီမိုကရေစီနည်းလမ်းကျသော ရဲတပ်ဖွဲ့အဖြစ်သို့ ပြုပြင်ပြောင်းလဲရာတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍက ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် ရဲတပ်ဖွဲ့၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ရဲတပ်ဖွဲ့သည် ရွေးကောက်ခံသမ္မတ၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် မြို့တော်ဝန်များ အပါအဝင် အစိုးရအရာရှိများကို တိုက်ရိုက်တာဝန်ခံရသည့်အတွက် အုပ်ချုပ်ရေးကဏ္ဍ၏ စောင့်ကြည့်ကြီးကြပ်မှုသည် ရဲတပ်ဖွဲ့၏ မဟာဗျူဟာပိုင်းမှသည် ဘတ်ဂျက်ပိုင်းအထိ ပါဝင်နေသည်။

ဒီမိုကရေစီနည်းလမ်းအရ တရားဥပဒေစိုးမိုးရေးအတွက် တရားရုံးများကို တာဝန်ခံရသည့်အပိုင်းတွင် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ၌ ဖိအားပေးခြိမ်းခြောက်၍ ဝန်ခံချက် သက်သေများ ရယူခြင်းမျိုးမဖြစ်အောင် တာဝန်ခံရမည်ဖြစ်သလို တရားမဆိုင်ရာ တရားစွဲဆိုမှုများတွင်လည်း ကျင့်ဝတ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ခံရမည်ဖြစ်သည်။

ဥပဒေပြုရေးမဏ္ဍိုင်သည် ရဲတပ်ဖွဲ့၏လုပ်ပိုင်ခွင့်အာဏာများကို နိုင်ငံ၏ လိုအပ်ချက်နှင့်အညီ ဥပဒေများရေးဆွဲပြင်ဆင်ခြင်း၊ ရဲတပ်ဖွဲ့၏ဌာနများ၊ စခန်းများနှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များအတွက် ရန်ပုံငွေများချမှတ်ပေးခြင်း စသည်တို့အတွက် တာဝန်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် ရဲတပ်ဖွဲ့အနေဖြင့် ပြဋ္ဌာန်းဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံ့ဘဏ္ဍာများကို စီမံခန့်ခွဲခြင်းတို့ဖြင့် တာဝန်ခံရပါသည်။

Social Control ပိုင်းတွင် လူထုအခြေပြု အဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံသားတို့၏ တိုင်တန်းချက်များကို သုံးသပ်စစ်ဆေးပေးခြင်းအပြင် လူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှုများအတွက် လမ်းဖွင့်ပေးထားခြင်းတို့ ပါဝင်သည်။

Internal/ Departmental Control ပိုင်းတွင် ရဲတပ်ဖွဲ့၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ စုံစမ်းစစ်ဆေးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက်ဌာနတွင်းစနစ်များရှိပါသည်။ ယင်းဌာနတွင်း စည်းမျဉ်း၊ စည်းကမ်းများသည် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို တည်ဆောက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော တာဝန်ခံမှုဆိုင်ရာ ယန္တရားတစ်ခုဖြစ်သည်။

ဒီမိုကရေစီရဲလုပ်ငန်း၏ ဆောင်ရွက်ချက်များအားလုံးသည် ပွင့်လင်းမြင်သာမှုရှိမှသာ ပြည်သူလူထု၏ယုံကြည်မှုနှင့် ထောက်ခံမှုကို ရရှိနိုင်မည်ဖြစ်သောကြောင့် ရဲတပ်ဖွဲ့သည် ဖြစ်နိုင်သမျှ အမြင့်မားဆုံးသော ပွင့်လင်းမြင်သာမှုများဖြင့် တာဝန်များကို ဆောင်ရွက်ရန်ကြိုးပမ်းရမည် ဖြစ်ပါသည်။ မှုခင်းများနှင့် ရဲလုပ်ငန်းဆောင်ရွက်ချက်များဆိုင်ရာ သတင်းများကို မီဒီယာမှတစ်ဆင့် ပြည်သူလူထုသိရှိအောင် ဆောင်ရွက်ခြင်း၊ ပြည်သူလူထုအတွက် ရဲတပ်ဖွဲ့ဝန်ဆောင်မှုများ တောင်းခံနိုင်မည့် စနစ်များထူထောင်ခြင်း၊ မှုခင်းနှင့်လုံခြုံရေးဆိုင်ရာပြဿနာများကို ပြည်သူလူထုနှင့် ပွင့်လင်းစွာဆွေးနွေးနိုင်ရန် ဖန်တီးပေးခြင်း စသည်တို့သည် ရဲတပ်ဖွဲ့၏ ပွင့်လင်းမြင်သာမှုအတွက် အလေးထားဆောင်ရွက်ရမည့်အချက်များ ဖြစ်ပါသည်။

### ရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲမှုများ စနစ်ကျနခြင်း

ရဲတပ်ဖွဲ့၏ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲမှုများ စနစ်ကျနမှုရှိစေရန်အတွက် ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ၊ ရည်မှန်းချက်များနှင့်အညီ ရှင်းလင်းသော အမိန့်ညွှန်ကြားချက်များဖြင့် ကွပ်ကဲအုပ်ချုပ်ခြင်း၊ ရဲတပ်ဖွဲ့၏ဝန်ဆောင်မှု အရည်အသွေးများ စဉ်ဆက်မပြတ် တိုးတက်မှုရှိအောင် မြှင့်တင်ပေးခြင်း၊ ခွဲခြားဆက်ဆံမှုမပြုသည့် နိုင်ငံသားအားလုံးကို ကိုယ်စားပြုသောဖွဲ့စည်းပုံဖြစ်ခြင်း၊ တပ်ဖွဲ့ဝင်သစ် စုဆောင်းရာတွင် အမျိုးသမီးများနှင့် နိုင်ငံသားလူနည်းစုများ အရေအတွက် လုံလောက်စွာပါဝင်ခြင်း၊ ရဲအရာရှိများခန့်အပ်ခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းများသည် ပွင့်လင်းမြင်သာမှုရှိ၍ ဝန်ထမ်း၏ အသိပညာ၊ ကျွမ်းကျင်မှုအရည်အသွေးနှင့် အကျင့်စာရိတ္တကောင်းများအပေါ်တွင် အခြေခံခြင်း၊ ရဲတပ်ဖွဲ့ဝင်တို့၏ နိုင်ငံသားအခွင့်အရေးများနှင့် ရပိုင်ခွင့်များကို အပြည့်အဝခံစားနိုင်အောင် စီမံပေးခြင်း၊ လုပ်ငန်းများထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သော ပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးခြင်းနှင့် တပ်ဖွဲ့ဝင်များ၏ အသိအမြင်ဗဟုသုတနှင့် စွမ်းရည်များ တိုးတက်စေရန် ဒီမိုကရေစီရဲလုပ်ငန်း၏ မူဝါဒများ၊ ရဲလုပ်ငန်းနှင့် လူ့အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ စံနှုန်းများ ပါဝင်သည့် သင်တန်းများကို ရဲတပ်ဖွဲ့ဝင်အဆင့်အားလုံးအတွက် စဉ်ဆက်မပြတ် စီမံပေးခြင်းတို့ ပါဝင်သည်။

**ရဲတပ်ဖွဲ့ဝင်အဆင့်ဆင့်သည် ဒီမိုကရေစီရဲလုပ်ငန်း၏ ကျင့်ဝတ်များနှင့် စွမ်းရည်များကို လေ့လာသင်ယူလျက် မိမိ၏လုပ်ပိုင်ခွင့်များနှင့် ဥပဒေကို အသုံးချမှုများတွင် ပွင့်လင်းမြင်သာစွာ တာဝန်ယူမှု၊ တာဝန်ခံမှုပြုနိုင်သော ရဲတပ်ဖွဲ့ဝင်ကောင်းများအဖြစ်သာမက လုပ်ငန်းခွင်နှင့် ဘဝလမ်းကြောင်း တစ်လျှောက်တွင် စံပြနိုင်ငံသားကောင်း တစ်ယောက်၏ တန်ဖိုးများ၊ ကိုယ်ကျင့် သီလကောင်းများနှင့်အညီ ပြုမူကျင့်ကြံ နေထိုင်ကြရမည်**

### ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆောင်ရွက်ခြင်း

ဒီမိုကရေစီနိုင်ငံတစ်ခုရှိ ရဲတပ်ဖွဲ့၏ ပင်မတာဝန်သည် တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းများကို ကာကွယ်တားဆီးလျက် ပြည်သူလူထု ဘေးကင်းလုံခြုံမှုရှိစေရန် ရဲတပ်ဖွဲ့၏ ဝန်ဆောင်မှုများကို ထိရောက်မှု (Effectiveness)၊ ကျွမ်းကျင်မှု (Efficiency)၊ အများပြည်သူလက်လှမ်းမီမှု (Accessibility)၊ တာဝန်ခံနိုင်မှု (Accountability) စသည့် စံနှုန်းများနှင့်အညီ ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူဗဟိုပြုသောရဲလုပ်ငန်း (Community Policing)၊ ပြဿနာဖြေရှင်းမှုကို ရှေးရှုသော ရဲလုပ်ငန်း (Problem-oriented Policing) နှင့် သတင်းအချက်အလက်ကို လက်ဦးမှု ရယူဆောင်ရွက်သည့်ရဲလုပ်ငန်း (Intelligent-led Policing) တို့ကို ဖော်ဆောင်ပေးရမည် ဖြစ်သည်။

*စာမျက်နှာ ၁၈ သို့*



သဘာဝဘေးအန္တရာယ် ကြုံတွေ့မှုဖြစ်စဉ်များတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ကူညီဆောင်ရွက်ပေးမှုကို တွေ့ရစဉ်

# ဝါတွင်းကာလတွင် ရက်ကန်းလုပ်ငန်း အေးနေသော်လည်း ရိုးရာထည်လိုင်းမှာ ပုံမှန်အလုပ်ဖြစ်လျက်ရှိ

**အမရပူရ ဇူလိုင် ၁၂**
ဝါတွင်းကာလ ရောက်ရှိလာပြီဖြစ်၍ မန္တလေးခရိုင် အမရပူရမြို့နယ်အတွင်းရှိ စက်ရက်ကန်းလုပ်ငန်းများ အလုပ်ပါးလာသော်လည်း ရိုးရာထည်လိုင်းမှာမူ ပုံမှန်အတိုင်းအလုပ်ဖြစ်လျက်ရှိကြောင်း ရက်ကန်းလုပ်ငန်းလုပ်ကိုင်နေသူများထံမှ သိရသည်။

"ကျွန်မတို့မိသားစုကတော့ ရိုးရာလိုင်းပဲ လုပ်ပါတယ်။ အခြားလိုင်းတွေက အခုလိုကာလတွေမှာ အေးပါတယ်။ ရိုးရာလိုင်းတစ်ခုပဲ ပုံမှန်အလုပ်ဖြစ်နေပါတယ်"ဟု အမရပူရမြို့ ဆင်စွယ်ပွတ်ရပ်ကွက်မှ ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ပြည့်ဖြိုးဝေက ပြောသည်။ ရက်ကန်းလုပ်ငန်းတွင် ပိုးလိုင်း၊ ချိတ်လိုင်း၊ ရိုးရာလိုင်းစသည်ဖြင့် လုပ်ကိုင်နေကြကြောင်း၊ ယခုလို ဝါတွင်းကာလမှာ ပွဲတက်အခမ်းအနားများ မရှိတော့သဖြင့် ရက်ကန်းလုပ်ငန်း အေးစက်လာခဲ့သော်လည်း ရိုးရာလိုင်းလုပ်ကိုင်နေသည့် ရက်ကန်းစက်များမှာ ပုံမှန်အလုပ်ဖြစ်နေကြကြောင်း သိရသည်။

အမရပူရမြို့နယ်အတွင်း ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများ များပြားလာခြင်းနှင့်အတူ လုပ်သားရှားပါးမှုများ ကြုံတွေ့နေရကြောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။ ယခုနောက်ပိုင်းတွင် မိသားစု နေ့စဉ်ဝင်ငွေရလုပ်ငန်းတစ်ခုအဖြစ် ရက်ကန်းစင်များထောင်ကာ တစ်ပိုင်တစ်နိုင် လုပ်ကိုင်လာသူ များပြားလာခဲ့ပြီး ဆင်စွယ်ပွတ်ရပ်ကွက် တစ်ခုလုံးနီးပါးမှာ ရက်ကန်းလုပ်ငန်းကို လုပ်ကိုင်နေကြကြောင်း၊ အနည်းဆုံး စက်အရေအတွက် တစ်စင်မှ နှစ်စင်မှစ၍ စီးပွားဖြစ်လုပ်ငန်းများတွင် စင် ၅၀ မှ ၆၀ အထိရှိကာ နှစ်စင်လျှင် အလုပ်သမားတစ်ယောက်နှုန်းဖြင့် အလုပ်လုပ်နေကြကြောင်း သိရသည်။

ရက်ကန်းလုပ်ငန်းကို လုပ်ကိုင်ရာတွင် ကိုယ်ပိုင်အရင်းအနှီးဖြင့် လုပ်ကိုင်နိုင်ပါက မိသားစုဝင်ငွေအတွက် ပိုမိုအဆင်ပြေသော်လည်း အရင်းအနှီးများလွန်းသည့်အတွက် အခက်အခဲအချို့ရှိကြောင်း၊ ကိုယ်ပိုင်အရင်းအနှီးမရှိသူများမှာ ကုန်သည်များထံမှ ချည်များကိုယူပြီး ထွက်သမျှအထည်များကို ပြန်အပ်သည့်ပုံစံဖြင့် လုပ်ကိုင်ကြကြောင်း၊ ရက်ကန်းလုပ်ငန်းများအတွက် ထောက်ပံ့မှုများ ပြုလုပ်ပေးမည်ဆိုပါက ဆင်စွယ်ပွတ်ရပ်ကွက်နေ ရက်ကန်းလုပ်ငန်းလုပ်ကိုင်နေသူများအနေဖြင့် ယခင်ကထက် ဝင်ငွေပိုမိုရရှိကာ အဆင်ပြေလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေ(ဆင်တဲဝ)**



# ဌာနဆိုင်ရာဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းပို့ချခြင်းနှင့် ယာဉ်မောင်းလိုင်စင်များ စစ်ဆေးထုတ်ပေးခြင်းတို့ကို ပိတ်ရက်တွင် သီးသန့်ဆောင်ရွက်ပေး

**မူဆယ် ဇူလိုင် ၁၂**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မူဆယ်ခရိုင်ရုံး၌ ဌာနဆိုင်ရာ ဝန်ထမ်းများအား ယာဉ်မောင်းလိုင်စင် ထုတ်ပေးနိုင်စေရေးအတွက် လစဉ်ဒုတိယပတ် ရုံးပိတ်ရက်ဖြစ်သော စနေနေ့နှင့်တနင်္ဂနွေနေ့များတွင် ဌာနဆိုင်ရာများအတွက် သီးသန့်အစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။




ဇူလိုင် ၉ ရက်တွင် မူဆယ်၊ နမ့်ခမ်းနှင့် ၁၀၅ မိုင်မှ ယာဉ်မောင်းလိုင်စင် လာရောက်လျှောက်ထားကြသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် သုံးဘီးယာဉ်မောင်းနှင်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းကို မူဆယ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၌ ခရိုင်ဦးစီးမှူး ဦးအောင်နိုင်က ပို့ချပေးခဲ့သည်။

"ဌာနဆိုင်ရာ ရုံးဝန်ထမ်းတွေဆိုရင် ရုံးဖွင့်ရက်တွေမှာ ကိုယ့်ဌာနအလုပ်တွေနဲ့ မအားမလပ်ဖြစ်နေကြတယ်၊ သင်တန်းမတက်ဘဲနဲ့လည်း ယာဉ်မောင်းလိုင်စင်ကို ထုတ်ပေးလို့က မဖြစ်ဘူး။ သုံးဘီးမောင်းပြီး ဝင်ငွေရှာနေတဲ့သူတွေဆိုရင်လည်း အချိန်အကြာကြီးပေးပြီးတော့ သင်တန်းတက်မယ်ဆိုရင်လည်း သူတို့ရဲ့နေ့စဉ်ဝင်ငွေကို ထိခိုက်မယ်။ အဲဒါကြောင့်သုံးဘီးသမားတွေကို ဌာနဆိုင်ရာတွေနဲ့အတူ ကျွန်တော်နဲ့ ရုံးအဖွဲ့တွေက တစ်လမှာတစ်ကြိမ်လောက် အချိန်ပေးပြီး အားလုံးအဆင်ပြေအောင် သီးသန့်လုပ်ပေးတာပါ။ အဝေးက လာတဲ့သူတွေဆိုရင် နေ့လယ်စာစီစဉ်ထားပေးပါတယ်၊ ကုသိုလ်လည်းရတာပေါ့ဗျာ"ဟု ခရိုင်ဦးစီးမှူးက ပြောသည်။

အဆိုပါသင်တန်းကို စနေနှင့် တနင်္ဂနွေ နှစ်ရက်ကြာ သင်ကြားပို့ချပြီး သင်ကြားရာတွင် ပညာပေးခြင်းနှင့် စစ်ဆေးခြင်းအစီအစဉ်များပါ ပါဝင်ကြောင်း၊ စစ်ဆေးခြင်းတွင် ရေးဖြေပြီး လက်တွေ့မောင်းနှင်စေကာ စစ်ဆေးမှု အောင်မြင်မှသာလျှင် ယာဉ်မောင်းလိုင်စင်ကို စည်းမျဉ်း စည်းကမ်းများနှင့်အညီ စစ်ဆေးထုတ်ပေးကြောင်း သိရသည်။

**(၁၁၈)**

# မန်ယူအခမဲ့စာသင်ဝိုင်း၏ ကျောင်းဆောင်သစ်ဖွင့်လှစ်

**မန္တလေး ဇူလိုင် ၁၂**
မန္တလေးမြို့ရှိ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူများအား အခမဲ့စာသင်ဝိုင်းဖွင့်လှစ်ကာ ဘာသာရပ်အလိုက် ဆရာ ဆရာမများက သင်ကြားပို့ချပေးနေသည့် မန်ယူအခမဲ့စာသင်ဝိုင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲကို မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက်(၆) ငွေတော်အရှေ့ရွာဦးကျောင်းတိုက် ပရိဝုဏ်အတွင်းရှိ ကျောင်းဆောင်သစ်၌ ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို မန္တလေး ပရဟိတကွန်ရက်မှ ဦးဖြိုးမောင်၊ မန္တလေးတိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီ အတွင်းရေးမှူး ဦးကျော်အေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ ထို့နောက် မန်ယူအခမဲ့စာသင်ဝိုင်းတွင် တက်ရောက်သင်ကြားနေသော သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူ ၂၄၀ အတွက် ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ရေခဲမုန့်ဘူးများကို ဝူရှူးဆပ်ကော်မတီ အတွင်းရေးမှူးက ပေးအပ်လှူဒါန်းပြီး ကျောင်းတိုက်နာယက ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယခုဖွင့်လှစ်သည့် မန်ယူအခမဲ့စာသင်ဝိုင်း ကျောင်းဆောင်သစ်သည် သွပ်မိုး၊ အုတ်ခင်း တစ်ထပ်အဆောက်အအုံဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီ အတွင်းရေးမှူးနှင့် ဝူရှူးနည်းပြဆရာများ၊ နွေရာသီဝူရှူးသင်တန်းမှ သင်တန်းသားများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မန်ယူအခမဲ့စာသင်ဝိုင်းကို မန္တလေးတိုင်း ပရဟိတကွန်ရက်အဖွဲ့က ကြီးကြပ်၍ ဒေသခံ အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက နာယကတာဝန်ယူပြီး မန္တလေးမြို့တွင်းမြို့ပြင်မှ ဆရာ၊ ဆရာမ ၁၆ ဦးတို့က သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသားကျောင်းသူ ၂၄၀ အား သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်ကြားပို့ချပေးလျက်ရှိသည်။ စာသင်ဝိုင်းကို ကျောင်းဖွင့်ရက်များတွင် နံနက်ပိုင်းတစ်ကြိမ်နှင့် ညနေပိုင်းနှစ်ကြိမ် သင်ကြားပေးပြီး ကျောင်းပိတ်ရက်များတွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ တစ်ကြိမ်၊ ညနေ ၆ နာရီမှ ည ၁၁ နာရီအထိ တစ်ကြိမ် သင်ကြားပေးနေကြောင်း မန်ယူအခမဲ့စာသင်ဝိုင်းတာဝန်ခံ ဦးဒေးဗစ်၏ ပြောကြားချက်အရ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

*စာမျက်နှာ ၁၅ မှ*

**ဒီမိုကရေစီရဲလုပ်ငန်းတွင်ရှိရမည့် သွင်ပြင်လက္ခဏာများ**

ဒီမိုကရေစီရဲလုပ်ငန်း၏ သဘောသဘာဝအရ ရဲတပ်ဖွဲ့သည် ပြည်တွင်းဥပဒေများ၊ နိုင်ငံတကာဥပဒေများနှင့် စံသတ်မှတ်ချက်များ၏ စည်းကမ်းဘောင်အတွင်းတွင် ရဲတပ်ဖွဲ့ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရသည်။ ထို့အပြင် အင်တာနက်နှင့် အီးမေးလ်မှတစ်ဆင့် ပြည်သူတို့၏အခက်အခဲပြဿနာများကို တိုင်တန်းနိုင်သော စနစ်များထူထောင်ထားရှိခြင်း၊ ရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်သော တိုင်ကြားချက်များကို စုံစမ်းတင်ပြရန်အတွက် အရာရှိများခန့်ထားခြင်း၊ ရဲတပ်ဖွဲ့အပေါ် အများပြည်သူ၏ခံစားချက်၊ အမြင်သဘောထားများကို သိရှိနိုင်မည့် လူထုသဘောထားစစ်တမ်းကောက်ယူမှု (Public Opinion Poll) များထားရှိခြင်းနှင့် ၎င်းတို့ကို အများပြည်သူသိရှိအောင် ဆောင်ရွက်ခြင်းတို့လည်း လိုအပ်ပါသည်။

ဒီမိုကရေစီခေတ်၏ ရဲတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းတိုက်ဖျက်သူ (Crime Fighter) များအနေဖြင့်သာမက ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းအတွက် လူ့အခွင့်အရေးများကိုကာကွယ်စောင့်ရှောက်ပေးသူ (Human Rights Protector)များ၊ နိုင်ငံသားများအားလုံး ဘေးကင်းငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် စောင့်ရှောက်ပေးရသူ (Peacekeeper) များဖြစ်သောကြောင့် ရဲတပ်ဖွဲ့ဝင်အဆင့်ဆင့်သည် ဒီမိုကရေစီရဲလုပ်ငန်း၏ ကျင့်ဝတ်များနှင့် စွမ်းရည်များကို လေ့လာသင်ယူလျက် မိမိ၏လုပ်ပိုင်ခွင့်များနှင့် ဥပဒေကို အသုံးချမှုများတွင် ပွင့်လင်းမြင်သာစွာ တာဝန်ယူမှု၊ တာဝန်ခံမှုပြုနိုင်သော ရဲတပ်ဖွဲ့ဝင်ကောင်းများအဖြစ်သာမက လုပ်ငန်းခွင်နှင့် ဘဝလမ်းကြောင်းတစ်လျှောက်တွင် စံပြနိုင်ငံသားကောင်းတစ်ယောက်၏ တန်ဖိုးများ၊ ကိုယ်ကျင့်သီလကောင်းများနှင့်အညီ ပြုမူကျင့်ကြံနေထိုင်ကြရမည် ဖြစ်သည်။ ထို့ကြောင့် မိမိအဖွဲ့အစည်း၏ ဂုဏ်သိက္ခာနှင့် မိမိ၏ကိုယ်ပိုင်အရည်အသွေးတို့ကို အစဉ်မြှင့်တင်လျက် နိုင်ငံတော်နှင့် ပြည်သူအပေါ် အကျိုးပြုရသည့် မိမိအလုပ်ကို တန်ဖိုးထားဂုဏ်ယူစွာဖြင့် အစဉ်ကြိုးပမ်းသင့်ကြောင်း ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။



**မိုးကုတ်မြို့လယ်ကောင်တွင် ဖြတ်သန်းစီးဆင်းနေသည့် ရေနီချောင်း ရေစီးရေလာကောင်းမွန်ရေး၊ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးနှင့် မိုးကုတ်မြို့ သာယာလှပရေးအတွက် ချောင်းဆယ်ယူရေးလုပ်ငန်းများကို စက်ယန္တရားများ အသုံးပြုဆောင်ရွက်နေသည်ကို ဇူလိုင် ၁၁ ရက်က တွေ့ရစဉ်။** (မိုးကုတ်မြို့နယ်သဘာဝဘေး တားဆီးကာကွယ်ရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အကွက်တာဝန်ခံများ၊ ကျောက်မျက်လုပ်ငန်းရှင်များပူးပေါင်းကာ ချောင်းတစ်လျှောက်တွင် အပိုင်းလိုက် တာဝန်ခွဲဝေချထား၍ ချောင်းဆယ်ယူခြင်း လုပ်ငန်းများကို စက်ယန္တရားများ၊ မော်တော်ယာဉ်များ၊ ထော်လာဂျီများဖြင့် ဇူလိုင်လဆန်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။)
**နေဝါ(မိုးကုတ်)**

# ကျောင်းသား ကျောင်းသူများအား စာအုပ်စာစောင်များ ငှားရမ်းပေး

**ဒီးမော့ဆို ဇူလိုင် ၁၂**
လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ဒေါတမငယ် အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားလာရေးအတွက် သုတရသ စာအုပ်စာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အပတ်စဉ် ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စာအုပ်များကို ဇူလိုင် ၆ ရက်က စတင်၍ ကျောင်းသို့သွားရောက်ကာ ငှားရမ်းပေးခဲ့ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတများပါ ရရှိစေရန်အတွက် စာကောင်းပေကောင်းများကို ဖတ်ရှုကြရန်လိုကြောင်း၊ စာအုပ်စာဆောင်များကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ကျောင်းသို့လာရောက်၍ ငှားရမ်းပေးမည်ဖြစ်ကြောင်းနှင့် ကျောင်းသား ကျောင်းသူများ ဖတ်ရှုလိုသော စာအုပ်များ ရှိပါကလည်း ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးစိုးနိုင်က ပြောကြားသည်။

**မြို့နယ် (ပြန်/ဆက်)**

# ချန်ပီယံလိဂ် ဒုတိယအဆင့် ခြေစစ်ပွဲတွေလာပြီ




ယူရို ၂၀၁၆ ပြိုင်ပွဲ ပြီးဆုံးသွားချိန်မှာတော့ ချန်ပီယံလိဂ် ဒုတိယအဆင့်ခြေစစ်ပွဲရဲ့ ပထမအကျော့ပွဲစဉ်တွေကို ဇူလိုင် ၁၄ ရက်မှာ ဆက်လက်ကစားဖို့ရှိနေပြန်ပါတယ်။ ဒီပွဲစဉ်မှာတော့ ချန်ပီယံလိဂ် ဝင်ခွင့်ရရေး အပြိုင်အဆိုင် ရုန်းကန်ကြိုးစားပြမယ့် အသင်းတွေရဲ့ အားထုတ်မှုကို တွေ့မြင်ရမှာဖြစ်ပြီး မှတ်တမ်းကောင်းတွေ ရေထိုးနိုင်မလားဆိုတာ ကြည့်မယ့်ပွဲတွေဖြစ်နေပါတယ်။

**လင်ကွန်းနှင့် ဆဲလ်တစ်**

ဆဲလ်တစ်တို့က နည်းပြရော်ဂျာရဲ့ ကိုင်တွယ်မှုနဲ့အတူ အောင်မြင်မှုတွေ ရရှိနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ စတမ်ဂရက်ဇ်နဲ့ အိုလံပီဂျာအသင်းတွေကို အနိုင်ရအောင် အားထုတ်နိုင်ခဲ့သလို အခုပွဲမှာလည်း လင်ကွန်းအသင်းကို အသာစီးနဲ့ အနိုင်ယူရေး ကြိုးစားပါလိမ့်မယ်။ လင်ကွန်းတို့က ယူရိုပါအသင်းကို နှစ်ဂိုးပြတ်နိုင်ပြီး ဖလိုရာအသင်းကိုလည်း နှစ်ဂိုးပြတ်နိုင်ခဲ့တဲ့အတွက် အိမ်ကွင်းဆိုရင် ပြိုင်ဘက်တွေကို အခက်တွေ့အောင်ကစားနိုင်တဲ့ စွမ်းရည်ရှိနေပါတယ်။ ဒီပွဲမှာ ဆဲလ်တစ်တို့က အဝေးကွင်းဆိုပေမယ့် အကြိတ်အနယ်ကစားပြီး နိုင်ပွဲရအောင် ဖော်ထုတ်ပါလိမ့်မယ်။

**ရိုဆင်ဘော့နှင့် နော်ကိုပင်**

ရိုဆင်ဘော့တို့က နောက်ဆုံးကစားခဲ့တဲ့ အော်စတာဆန်နဲ့ ဘိုဒိုတို့ကို နှစ်ပွဲစလုံး သရေပွဲရအောင်တော့ ကစားနိုင်ခဲ့ပါတယ်။ နော်ကိုပင်တို့ကလည်း အဲလ်ဘော့အသင်းနဲ့ အိုရီဘရိုအသင်းတွေကို သရေပွဲကစားထားတာမို့ မျက်နှာသစ်အသင်းဆိုပေမယ့် လျှော့တွက်လို့ မရပါဘူး။ နှစ်သင်းစလုံး လက်ရှိခြေစွမ်းအရ ကွာဟမှုမရှိပေမယ့် အသင်းလိုက်စုစည်းမှုနဲ့ အားထည့်မှုအပိုင်းမှာ ရိုဆင်ဘော့တို့က အားသာမှုရှိနေတာမို့ ဒီပွဲမှာ အိမ်ရှင်တို့ပဲ အောင်ပွဲခံသွားဖို့ ရာခိုင်နှုန်းများနေတာ အမှန်ပါပဲ။

**ခရူဆာဒါးနှင့် ကိုပင်ဟေဂင်**

ကိုပင်ဟေဂင်တို့လည်း ဒီနှစ်မှာတော့ မျှော်လင့်ချက်ထားနေတာမို့ ပွဲတိုင်းအလေးထားကစားတဲ့ အနေအထားရှိပါတယ်။ လောလောဆယ်မှာ ကိုပင်ဟေဂင်တို့က နောက်ဆုံးသုံးပွဲကစားခဲ့ရာမှာ ဒိုင်နမိုဇာဂရက်အသင်းကိုပဲ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပြီး ကျန်တဲ့ အမ်ကာပီရန်၊ AGF အသင်းတွေကိုတော့ ဂိုးပြတ်သွင်း နိုင်ပွဲရအောင် ကြိုးစားနိုင်ခဲ့ပါတယ်။ ခရူဆာဒါးတို့ကလည်း ဂလင်းတိုရန်၊ ဘာလာတောင်းနဲ့ အန်နန်အသင်းတွေကို ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့လို့ ဒီပွဲမှာ ကိုပင်ဟေဂင်တို့ မမျှော်လင့်တဲ့ရလဒ်ကို ပိုင်ဆိုင်သွားရနိုင်ပါတယ်။ ဒီပွဲဟာ သရေပွဲဖြစ်သွားနိုင်ပြီး အနိုင်ဆိုရင်တောင် ကိုပင်ဟေဂင်တို့ ဖြစ်သွားနိုင်ပါတယ်။

**ဇယ်ဂီရစ်နှင့် အက်စ်တာနာ**

ဇယ်ဂီရစ်တို့က ၂၀၁၅ ခုနှစ် ချန်ပီယံလိဂ်ခြေစစ်ပွဲတုန်းက အခုလို ဒုတိယအဆင့် ခြေစစ်ပွဲမှာ ထွက်ခဲ့ရတာက သင်ခန်းစာဖြစ်နေပြီး ဒီနှစ်မှာတော့ မှတ်တမ်းသစ်ရေးထိုးနိုင်ရေး ကြိုးစားပါလိမ့်မယ်။ အယ်စ်တာနာတို့ကတော့ ကိုင်ရက်အသင်း၊ အော်ဇီပက် အသင်းတွေကို ပွတ်ကာသီကာနဲ့ အနိုင်ရခဲ့တာဆိုပေမယ့် ဇယ်ဂီရစ်အသင်းကိုတော့ အဓိကကစားသမားတွေနဲ့ ပွဲထွက်စေပြီး နိုင်ပွဲရယူရေး ကြိုးစားလာပါလိမ့်မယ်။ ဒီပွဲမှာ အက်စ်တာနာတို့ နိုင်ပွဲပါပဲ။

**အိုလံပီဂျာနှင့် ထရန်ဆင်**

ဆဲလ်တစ်အသင်းကို ပူပူနွေးနွေး နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားတဲ့ အိုလံပီဂျာတို့က အခုပွဲမှာ အားထည့်ပြီး ကြိုးစားလာမှာ သေချာပါတယ်။ အိုလံပီဂျာတို့ဟာ ဘယ်လ်ဂျီယံ အသင်းကို လေးဂိုးပြတ်နိုင်ပြီး တီရက်အသင်းကို ဂိုးမရှိသရေပွဲဖြစ်ထားတာမို့ ထရန်ဆင်တို့ သိပ်တော့မလွယ်ပါဘူး။ ထရန်ဆင်တို့က စပါတာပရပ်ဇ်အသင်းကိုတောင် သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရအောင် ကစားခဲ့တဲ့ ခြေစွမ်းက အိုလံပီဂျာတို့ကို ထင်တိုင်းပေါက်ဖို့ ခက်ခဲစေမှာပါ။ ဒီပွဲမှာ သရေပွဲဖြစ်သွားနိုင်သလို နိုင်ရင်တောင် အိုလံပီဂျာတို့ ဂိုးမပြတ်နိုင်ပါဘူး။ ။

❑ မိုးမြင့်လင်းလက် ❑

---

## ပေါ်တူဂီအသင်း အောင်မြင်မှုအပေါ် ချီးကျူးခဲ့တဲ့ မော်ရင်ဟို




ပေါ်တူဂီအသင်းဟာ ပြင်သစ်နိုင်ငံမှာ ကျင်းပတဲ့ ယူရို ၂၀၁၆ ဖိုလ်လုပွဲမှာ အိမ်ရှင်ပြင်သစ်အသင်းကို အချိန်ပိုမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပြီး ဖလားဆွတ်ခူးခဲ့ပါတယ်။ ဒီအောင်မြင်မှုအတွက် ပေါ်တူဂီသားတစ်ဦးဖြစ်တဲ့ မော်ရင်ဟိုက နိုင်ငံကိုယ်စားပြုခြေစွမ်းပြကစားခဲ့ကြတဲ့ ကစားသမားတွေကို ချီးကျူးခဲ့ပါတယ်။ ပရီမီယာလိဂ်ရာသီသစ်အတွက် မော်ရင်ဟိုနဲ့ မန်ယူကစားသမားတွေက စီရိုနယ်ဒိုနဲ့ ကစားဖော်တွေ ပထမဆုံးအကြိမ် နိုင်ငံကိုယ်စားပြုဖလားဆွတ်ခူးကိုင်မြှောက်နေမှုကို ချီးကျူးခဲ့ကြတာပါ။ မော်ရင်ဟိုက ဥရောပချန်ပီယံဖြစ်တဲ့ ပေါ်တူဂီသို့ အလည်တစ်ခေါက်လာရောက်စေချင်ကြောင်း ဖိတ်ခေါ်တဲ့ ကြွေးကြော်သံနဲ့အတူ အောင်ပွဲခံခဲ့ပါတယ်။ ပေါ်တူဂီအသင်းဟာ အုပ်စုအတွင်းမှာ တတိယနေရာသာရခဲ့တဲ့ အသင်းပါ။ သို့ပေမယ့် ဖိုလ်လုပွဲမှာတော့ နာမည်ကြီး ပြင်သစ်ကို အနိုင်ကစားနိုင်တာက ပြောစရာဖြစ်ခဲ့ပါတယ်။ စီရော်နယ်ဒိုကတော့ သူ့ရဲ့ဘဝမှာ အပျော်ဆုံးထဲက တစ်နေ့ပဲလို့ ပြောဆိုခဲ့ပါတယ်။

## ပြောစရာစကားလုံးမရှိတော့ဘူးဆိုတဲ့ ပြင်သစ်နည်းပြဒက်ချန့်

ယူရို ၂၀၁၆ ဖိုလ်လုပွဲမှာ အိမ်ရှင်ပြင်သစ်အသင်းအနေနဲ့ ပေါ်တူဂီအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ပြီး ဖလားလက်လွတ်ခဲ့ရခြင်းအပေါ် ပြောစရာစကားလုံးမရှိတော့ဘူးလို့ ဝန်ခံပြောဆိုလိုက်ပါတယ်။ ပြင်သစ်အသင်းဟာ အားထုတ်မှုအနည်းငယ်ပျောက်ဆုံးနေတယ်ဆိုတာကို ဒက်ချန့်က ဝန်ခံပြောဆိုခဲ့ပါတယ်။ ပြင်သစ်အသင်းက ဒီပွဲမှာ အနည်းငယ်အားထုတ်မှု လိုအပ်နေတယ်လို့ ပြောဆိုလိုက်တာပါ။ ပြင်သစ်အသင်းဟာ အိမ်ကွင်းအိမ်ရှင်ပရိသတ်တွေရှေ့မှာ ပေါ်တူဂီအသင်းကိုနိုင်ပြီး ဖလားရယူဖို့ အပိုင်တွက်ထားခဲ့တာပါ။ သို့ပေမယ့် နည်းပြဒက်ချန့် တွက်သလိုဖြစ်မလာခဲ့ပါဘူး။ ကျွန်တော်တို့ ပြင်သစ်အသင်းအနေနဲ့ ဒီဖိုလ်လုပွဲမှာ အားထုတ်မှုအနည်းငယ်လိုအပ်နေတယ်ဆိုတာ အမှန်ပါ။ ပြင်သစ်အသင်းအနေနဲ့ ဒီပွဲမှာ ရှုံးနိမ့်သွားတဲ့အတွက် စိတ်ပျက်မိတာကလွဲလို့ အခြားဘာမှ ပြောစရာစကားမရှိပါဘူး။ ဒက်ချန့်ဟာ ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားမှာ ပြင်သစ်အသင်းကို ဦးဆောင်ကစားခဲ့တဲ့ အသင်းခေါင်းဆောင်ပါ။ အဲဒီနှစ်က ပြင်သစ်တို့ ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့တဲ့နှစ်ဖြစ်ပါတယ်။ ပြင်သစ်အသင်းဟာ ချန်ပီယံဖြစ်ဖို့ အခွင့်အလမ်းကောင်းတွေရခဲ့ပေမယ့် မျှော်လင့်ထားတဲ့အတိုင်း ဖြစ်မလာခဲ့ပါဘူး။



---

## ရာသီအကြိုပွဲတွေအတွက် အသင့်ဖြစ်နေတဲ့ ဝေါကော့




အာဆင်နယ်တိုက်စစ်မှူး သီယိုဝေါကော့က သူ့အနေနဲ့ ရာသီအကြိုပြိုင်ပွဲတွေအတွက် ကစားပေးဖို့ အသင့်ဖြစ်နေပြီလို့ ပြောဆိုလိုက်ပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး ဝေါကော့ဟာ လာမယ့်ပရီမီယာလိဂ်ပြိုင်ပွဲတွေအတွက် အကောင်းဆုံးပြင်ဆင်လေ့ကျင့်နေတာပါ။ ဝေါကော့ဟာ ပြီးခဲ့တဲ့ရာသီက အာဆင်နယ်အသင်းအတွက် ပွဲပေါင်း ၄၂ ပွဲ ပါဝင်ကစားခဲ့ရာမှာ ကိုးဂိုးသာ သွင်းယူပေးနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီက ခြေစွမ်းပြဂိုးတွေနည်းခဲ့တဲ့ ဝေါကော့ဟာ လာမယ့်ရာသီမှာတော့ အသင်းအတွက် ပြန်လည်ပေးဆပ်မှုတွေနဲ့ ပြန်လာဖို့ကြိုးစားနေတာပါ။ သို့ပေမယ့် ဘယ်လောက်အတိုင်းအတာအထိ စွမ်းဆောင်နိုင်မလဲဆိုတာကတော့ စဉ်းစားတွေးတော စရာပါ။

သို့ပေမယ့်လည်း အသင်းအတွက် အကောင်းဆုံးကစားပေးမယ့် အနေအထားပါပဲ။ ဝေါကော့ဟာ ခြေစွမ်းရှိတဲ့ တိုက်စစ်မှူးပါ။ အာဆင်နယ်အသင်းမှာ ဆန်းချက်ဇ်လို တိုက်စစ်မှူးကောင်းတွေများနေတဲ့အတွက် ဝေါကော့အတွက် နေရာမရဖြစ်ခဲ့ရပါတယ်။ သို့သော်လည်း ဝေါကော့ဟာ ပြီးခဲ့တဲ့ရာသီက ၄၂ ပွဲကစားခွင့်ရခဲ့တာပါ။ သွင်းဂိုးကတော့ ကိုးဂိုးသာ သွင်းယူနိုင်ခဲ့ပါတယ်။

❑ ကောင်းမြတ်သူ - စုစည်းသည်။ ❑

# လယ်ယာကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံတကာ အကူအညီတွေနဲ့ ဘယ်ကဏ္ဍတွေမှာ ပြုပြင်ဆောင်ရွက်သွားမလဲ

**(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးမျိုးတင့်ထွန်းနှင့် တွေ့ဆုံမေးမြန်းခြင်း)**

**တွေ့ဆုံမေးမြန်းသူ ဖြိုးလွင်အောင်(AMIA)**

မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအကူအညီ အထောက်အပံ့တွေနဲ့ ဘယ်ကဏ္ဍတွေမှာ အစိုးသစ်ရဲ့လက်ထက်မှာ ပြုပြင်ဆောင်ရွက်သွားမလဲဆိုတာကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်ထောက် အတွင်းဝန် ဦးမျိုးတင့်ထွန်းကို တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

**မေး။ ။ အစိုးရသစ်လက်ထက် နိုင်ငံတကာအကူအညီတွေမှာ လယ်ယာကဏ္ဍအတွက် အကူအညီပေးထားတာရှိပါသလားခင်ဗျ။ ဘယ်အဖွဲ့အစည်းတွေက နည်းပညာ၊ ငွေကြေး ဘယ်လောက်ကူညီထားပါသလဲ။ အကူအညီပေးမယ့် အစီအစဉ် စီမံကိန်းပရောဂျက်ကာလတွေကို ဖြေကြားပေးစေလိုပါတယ်။**

ဖြေ။ ။ လုပ်ငန်းစဉ်တွေ အများကြီးရှိပါတယ်။ အကောင်အထည်ဖော်မယ့် လုပ်ငန်းနယ်ပယ်ရွေးချယ်ဖို့၊ ဖြစ်မြောက်နိုင်စွမ်းရှိ မရှိ ဆန်းစစ်လေ့လာဖို့၊ ဖြစ်မြောက်နိုင်စွမ်းရှိတဲ့အခါမှ ဘယ်လိုလုပ်ငန်းတွေ ဆောင်ရွက်မယ်၊ ကာလအားဖြင့် ဘယ်လောက်ကြာမြင့်မယ်ဆိုတာ ညှိနှိုင်းဖို့ စတဲ့လုပ်ငန်းတွေ ကျန်ရှိနေပါသေးတယ်။ လက်ရှိမှာတော့ ဘယ်အဖွဲ့အစည်းက ဘာတွေဘယ်လောက်ကူညီမယ်ဆိုတာ တိတိကျကျ မပြောနိုင်သေးပါဘူး။ အရေအတွက်အားဖြင့်တော့ ကျွန်တော်တို့ ဆောင်ရွက်ဖို့ညှိနှိုင်းနေဆဲ အထောက်အပံ့စီမံကိန်း ၂၀ ခု၊ ချေးငွေစီမံကိန်းလေးခု ရှိပါတယ်။ အစိုးရသစ်လက်ထက်မှာ ဆောင်ရွက်နိုင်ဖို့ အလားအလာရှိတဲ့ စီမံကိန်းတွေကတော့ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ နဲ့ဆောင်ရွက်မယ့် ရေသွင်းစိုက်ပျိုးမြေဧရိယာ အပါအဝင် လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးမှုအဖွဲ့ (IFAD)ရဲ့ချေးငွေ ကန်ဒေါ်လာ ၅၆ ဒသမ ၈သန်းနဲ့ ဆောင်ရွက်မယ့် မြန်မာနိုင်ငံအရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ ကမ္ဘာ့ဘဏ်ချေးငွေကန် ဒေါ်လာ သန်း ၁၀၀ နဲ့ဆောင်ရွက်မယ့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်းတို့ ဖြစ်ပါတယ်။ လက်ရှိအကောင်အထည်ဖော်နေဆဲ စီမံကိန်းအနေနဲ့ နိုင်ငံခြားအထောက်အပံ့နဲ့ ၈၆ ခု၊ ပြည်ပချေးငွေနဲ့ ၁၀ ခု ဆောင်ရွက်နေတာရှိပါတယ်။ အထောက်အပံ့စီမံကိန်းဖြစ်တဲ့ ဆေးမားအွန်ဒေါင်း စံပြကျေးရွာစီမံကိန်းကို ကိုရီးယားနိုင်ငံအထောက်အပံ့ အမေရိကန် ဒေါ်လာ ၂၂သန်းနဲ့ ဆောင်ရွက်နေပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီး ကိုးခုမှာရှိတဲ့ မြို့နယ် ၂၅ ခုက ရွာ ၁၀၀ ကို စံပြကျေးရွာများအဖြစ် ရွေးချယ်ထားပြီးဖြစ်ပါတယ်။ အဲဒီရွာတွေကို အမေရိကန်ဒေါ်လာနှစ်သောင်းစီ ထောက်ပံ့ပေးပြီး ရွာအလိုက် ဝင်ငွေတိုးတက်ရေး၊ လူမှုပတ်ဝန်းကျင်တိုးတက်ရေး၊ ရွာသူရွာသားများ၏ စွမ်းဆောင်ရည်တိုးတက်ရေး လုပ်ငန်းတွေကို ရွာသားတွေကိုယ်တိုင်ပါဝင်တဲ့စနစ်နဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်ထပ် ချေးငွေစီမံကိန်းတစ်ခုဖြစ်တဲ့ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှုစီမံကိန်းကိုတော့ အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးဖွံ့ဖြိုးမှုအဖွဲ့ (IFAD) ရဲ့ချေးငွေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၇ သန်း၊ ထောက်ပံ့ငွေ ကန်ဒေါ်လာ ၀ ဒသမ ၇၈ သန်းနဲ့ ဆောင်ရွက်နေပါတယ်။

**မေး။ ။ စီးပွားရေးပေါ်လစီကော်မတီ ဖွဲ့ထားတာမှာ လယ်ယာ ကဏ္ဍဖွံ့ဖြိုးရေး ပါပါသလားခင်ဗျ။ ပါတယ်ဆိုရင် လုပ်ဆောင်သွားမယ့် စီမံကိန်းအပိုင်းလေးကိုလည်း ဖြေကြားပေးပါခင်ဗျ။**

ဖြေ။ ။ နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (National Economic Coordination Committee) ဖွဲ့စည်းတာကို မေးတယ်လို့ထင်ပါတယ်။ အမိန့်ကြော်ငြာစာအရ ဒီကော်မတီအနေနဲ့ ဝန်ကြီးဌာနများရဲ့မူဝါဒတွေကို ချိတ်ဆက်ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်နိုင်ဖို့ဖြစ်ပါတယ်။ ဒီတော့ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလည်း ပါဝင်မှာဖြစ်ပါတယ်။

**မေး။ ။ အာရှဖွံ့ဖြိုးရေးဘဏ် ADB က မြန်မာနိုင်ငံ လယ်ယာကဏ္ဍအတွက် အကူအညီပေးဖို့ ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ ဘယ်အပိုင်းတွေလည်းဆိုတာ သိချင်ပါတယ်ခင်ဗျ။**

ဖြေ။ ။ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ချေးငွေနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနက ဆောင်ရွက်မယ့်စီမံကိန်းတစ်ခုရှိပါတယ်။ ရေသွင်းစိုက်ပျိုးမြေဧရိယာအပါအဝင် လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Irrigated Agriculture Inclusive Development Project) ဖြစ်ပါတယ်။ ဒီစီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ ၇၅ သန်း၊ အေအက်ဖ်ဒီချေးငွေ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၅ သန်း(ယူရို၂၅သန်း)၊ EU-AIF ကထောက်ပံ့ငွေ အမေရိကန် ဒေါ်လာ ၄ ဒသမ ၉၅ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၉ ဒသမ ၄၅ သန်းနဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဆောင်ရွက်မယ့်လုပ်ငန်းတွေကတော့ စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက်များမြှင့်တင်ခြင်း၊ စိုက်ပျိုးရေပေးရေးလုပ်ငန်းများ ပိုမိုခိုင်မာစေခြင်း၊ ရေအရင်းအမြစ်များ ပေါင်းစပ်စီမံခန့်ခွဲမှု စွမ်းရည်မြှင့်တင်ခြင်း လုပ်ငန်းများကို မန္တလေး၊ မကွေးတိုင်းဒေသကြီး အပူပိုင်းဇုန်နဲ့ ကယားပြည်နယ်ရှိ ဆည်ရေသောက်ဧရိယာများမှာ ဆောင်ရွက်မှာဖြစ်ပါတယ်။ မွန်၊ ရခိုင်နဲ့ ချင်းပြည်နယ် ဆည်ရေသောက်ဧရိယာများကိုလည်း ထည့်သွင်းနိုင်ဖို့ စဉ်းစားလျက်ရှိပါတယ်။ လက်ရှိအားဖြင့် စီမံကိန်းဒေသ ရွေးချယ်ခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းများ ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ဆက်လက်ပြီး စီမံကိန်းဒီဇိုင်းရေးဆွဲဖို့ ရှိပါတယ်။

**မေး။ ။ ဆည်ရေသောက်ဒေသတွေမှာ ယခင်က စပါးတစ်မျိုးတည်းသာ စိုက်ပျိုးခွင့်ပြုရာမှ အဲ့ဒီဒေသတွေက တောင်သူတွေစိတ်ကြိုက်သီးနှံ စိုက်ခွင့်ပေးမယ်လို့ ပြီးခဲ့တဲ့ ဇွန်လ ၁၀ ရက် ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ဖြေကြားခဲ့ပါတယ်။ ဘယ်အချိန်မှာ စတင်ခွင့်ပြုသွားမယ်ဆိုတာကို အောက်ခြေစိုက်ပျိုးရေးဌာနခွဲတွေကို ညွှန်ကြားထားတာရှိရင် ဖြေကြားပေးစေလိုပါတယ်။**

ဖြေ။ ။ စပါးကတော့ ကျွန်တော်တို့နိုင်ငံမှာ အဓိက စားသုံးသီးနှံဖြစ်သလို အိတ်စပို့အတွက်လည်း အားထားရတဲ့ သီးနှံတစ်ခုဖြစ်တဲ့အတွက် ဆည်ရေသောက်ဧရိယာတွေမှာ စပါးကိုဦးစားပေးစိုက်ကြဖို့ အားပေးတိုက်တွန်းခဲ့တာဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးတဲ့အချိန်ကစပြီး တောင်သူလယ်သမားများအနေနဲ့ မိမိတို့ကြိုက်နှစ်သက်ရာသီးနှံကို စိုက်ပျိုးခွင့်ပြုထားပြီးဖြစ်ပါတယ်။ ဒုတိယဝန်ကြီးရဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ပြောကြားချက်အရလည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များက ဦးစီးမှူးများကို အသိပေးထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် စိုက်ပျိုးရေရရှိမယ့် လယ်သမားတွေအနေနဲ့ မိမိလယ်မြေအတွက် ရေရယူမှုကြောင့် အခြားသူရဲ့လယ်မြေမှာ ထိခိုက်ပျက်စီးစေမယ့်ဖြစ်ရပ်မျိုးမဖြစ်အောင် လယ်သမားအချင်းချင်း စိုက်ပျိုးမယ့်သီးနှံပုံစံ ညီညွတ်အောင်လုပ်ဖို့တော့ အထူးအရေးကြီးပါတယ်။

**မေး။ ။ လယ်ယာထွက်ကုန်တွေကို အရည်အသွေးမြင့်တဲ့သီးနှံဖြစ်ဖို့အစိုးရဘက်က ချေးငွေအပြင် နည်းပညာပိုင်းဆိုင်ရာထောက်ပံ့ပေးမယ့်အစီအစဉ်တွေရှိပါသလားခင်ဗျ။**

ဖြေ။ ။ အရည်အသွေးမြင့်မားတဲ့ သီးနှံရဖို့ မျိုးလည်းကောင်းမှ၊ သီးနှံမှာ ဘေးအန္တရာယ်ကင်းရှင်းမှ၊ စံချိန်စံညွှန်းကိုက်ညီမှ ဈေးကောင်းရတဲ့သီးနှံ ဖြစ်မှာပါ။ ဒီအတွက် သီးနှံအလိုက် နည်းပညာလိုအပ်ချက်တွေ၊ စိုက်နည်းစနစ်တွေ၊ အန္တရာယ်ရှိတဲ့ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာကို စံချိန်စံညွှန်းနဲ့အညီ သုံးစွဲဖို့တွေ၊ စနစ်တကျ ကိုင်တွယ်ရိတ်သိမ်း၊ ပြုပြင်၊ ထုပ်ပိုးမှုစသည်ဖြင့် လုပ်ငန်းစဉ်တိုင်းမှာ လိုက်နာဆောင်ရွက်ရမှာတွေ ရှိပါတယ်။ ဒါတွေကို တောင်သူတွေ သိရှိနားလည်သဘောပေါက်စေဖို့၊ အမှန်တကယ် လိုက်နာကြစေဖို့ ဥပဒေနဲ့အညီ ထိန်းကျောင်းခြင်း၊ ပညာပေးခြင်း၊ သင်တန်းပေးခြင်း၊ စံပြစိုက်ခင်းများ ထူထောင်ပြသခြင်း စတဲ့လုပ်ငန်းတွေကို ဒေသအလိုက် ဆောင်ရွက်နေပါတယ်။ လိုအပ်တဲ့ နည်းပညာအထောက်အပံ့၊ ပစ္စည်းကိရိယာတွေကို ပြည်ပအဖွဲ့အစည်းများရဲ့ အကူအညီရယူပြီးတော့လည်း ဆောင်ရွက်နေပါတယ်။ အဓိကအားဖြင့် စိုက်ပျိုးရေးဦးစီးဌာနရဲ့စိုက်ပျိုးပညာဌာနခွဲက ဝန်ထမ်းများက ဒေသအသီးသီးမှာ ဒီပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။

**မေး။ ။ ပြည်ပဈေးကွက်ဝင်အရည်အသွေးဖြစ်ဖို့ သီးနှံတန်ဖိုးကွင်းဆက်(Value Change)နဲ့ ပတ်သက်ပြီး နည်းပညာလိုအပ်ချက်ဘာတွေရှိသလဲ။ အစိုးရအနေနဲ့ ဘာတွေကို ပြင်ဆင်ထားပါသလဲ ခင်ဗျ။**

ဖြေ။ ။ တန်ဖိုးကွင်းဆက်(Value Chain)ဆိုတာ စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူထံရောက်တဲ့အထိ (Farm to Fork) လုပ်ငန်းကွင်းဆက်ကို ရည်ညွှန်းခြင်းဖြစ်ပါတယ်။ အထက်မှာပြောခဲ့သလိုပဲ မျိုးကနေအစ ထုပ်ပိုးရောင်းချသည်အထိ လုပ်ငန်းစဉ်တိုင်းမှာ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီဖို့ လိုအပ်တဲ့စစ်ဆေးမှုတွေ၊ ထိန်းကြောင်းပေးမှုတွေလုပ်နိုင်မှ ထွက်လာတဲ့ထွက်ကုန် အရည်အသွေးတန်းဝင်မှာဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့အဓိက အားနည်းနေတာ ရိတ်သိမ်းချိန်လွန်နည်းပညာပိုင်းပါ။ ဒီလိုအပ်ချက်ကို ဖြည့်နိုင်ဖို့ ဝန်ထမ်းတွေကို Capacity Building လုပ်ရပါတယ်။ ပြည်ပသင်တန်းတွေ လွှတ်ရပါတယ်။ တစ်ဖက်ကလည်း လိုအပ်တဲ့ဓာတ်ခွဲခန်းတွေ ထူထောင်နိုင်ဖို့၊ လိုအပ်တဲ့ ဥပဒေ၊ စည်းကမ်းတွေ ထုတ်ပြန်နိုင်ဖို့ လုပ်ရပါတယ်။ လက်ရှိအားဖြင့် ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီရဲ့ အထောက်အပံ့နဲ့ ရိတ်သိမ်းချိန်လွန်နည်းပညာ သင်တန်းကျောင်းတစ်ခုကို စစ်ကိုင်းတိုင်း ထုံးဘိုမှာ တည်ထောင်ပြီးဖြစ်ပါတယ်။ ဒီအပတ်အတွင်းမှာ ရိတ်သိမ်းချိန်လွန် သုတေသနတစ်ခုတည်ထောင်ဖို့ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနမှာ အုတ်မြစ်ချပွဲ ကျင်းပမှာဖြစ်ပါတယ်။ ဥပဒေအနေနဲ့ ပိုးသတ်ဆေး ဥပဒေ၊ မျိုးစေ့ဥပဒေ၊ အပင်ပိုးမွှားကာကွယ်ရေး ဥပဒေ၊ အပင်မျိုးသစ်ကာကွယ်ရေးဥပဒေ စသဖြင့် လိုအပ်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒီဥပဒေများ ထိန်းကျောင်းဆောင်ရွက်ရာမှာ အားလုံးက စည်းကမ်းတကျလိုက်နာကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

**မေး။ ။ ဟုတ်ကဲ့ Value Change နဲ့ပတ်သက်ပြီး ပြည်တွင်း ပြည်ပအဖွဲ့တွေက လာရောက်ကူညီနေတာ တချို့ရှိပါတယ်။ ဘယ်သီးနှံတွေကို အစိုးရနဲ့ ပူးပေါင်းလုပ်နေတာ ရှိပါသလဲခင်ဗျ။**

ဖြေ။ ။ ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပံ့ပိုးကူညီမှုနဲ့ တန်ဖိုးကွင်းဆက်အတွက် လမ်းပြမြေပုံရေးဆွဲနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အဓိကရွေးချယ်ထားတာက ပြည်ပတင်ပို့နိုင်ဖို့ အလားအလာရှိတဲ့ ဆန်၊ ပဲမျိုးစုံ၊ နှမ်း၊ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်၊ စက်မှုကုန်ကြမ်းသီးနှံ၊ ဆေးဖက်ဝင်အပင်များ၊ တိရစ္ဆာန်မွေးမြူရေး၊ ငါးလုပ်ငန်းကဏ္ဍ ရှစ်မျိုးဖြစ်ပါတယ်။ ဒီလမ်းပြမြေပုံရေးဆွဲပြီးရင် ရေးဆွဲထားတဲ့လုပ်ငန်း ဦးစားပေးအလိုက် အဆင့်အလိုက် အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

**မေး။ ။ လယ်ယာကဏ္ဍအတွက် ပြည်ပပို့ကုန်ဈေးကွက်ဖော်ဆောင်နေမှုအခြေအနေလေး သိပါရစေ။ ဒီဘက်နှစ်တွေမှာ အစိုးရအနေနဲ့ ဈေးကွက်ကို ထပ်မံတိုးချဲ့ဖော်ဆောင်ပေးဖို့ ရှိပါသလား။**

ဖြေ။ ။ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပို့ကုန်သီးနှံရဲ့ဝယ်လိုအား၊ ရောင်းလိုအားပေါ်မူတည်ပြီး ဈေးကွက်က ဖြစ်ပေးနေခြင်း ဖြစ်ပါတယ်။ တောင်သူတွေက ပြည်တွင်းဝယ်လိုအား၊ အိတ်စပို့ရှိတဲ့သီးနှံကို ဈေးကောင်းရရင် စိုက်မယ်၊ ရောင်းမယ်၊ ကုန်သည်ကလည်း ဝယ်မယ်၊ ပြုပြင်ကြိတ်ခွဲ ထုပ်ပိုးပြီးပို့မယ်။ ဒီသီးနှံ ဒီနှစ်ဈေးကောင်းမရရင် တခြားဈေးကောင်းရတာကို စိုက်မယ်။ ဈေးကွက်ကိုဦးဆောင်တဲ့ စီးပွားရေး ဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ လုပ်ငန်းတာဝန်အရ သီးနှံထုတ်လုပ်မှုတိုးတက်မြင့်မားအောင် လိုအပ်တဲ့ပံ့ပိုးကူညီမှုကိုပဲ ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ဈေးကွက်ပိုင်းကတော့ ကုန်သည်များနဲ့ စီးပွားကူးသန်းဝန်ကြီးဌာနတို့နဲ့ တိုက်ရိုက်သက်ဆိုင်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့တော့ လိုက်အပ်တဲ့အပိုင်းမှာ ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။

**မေး။ ။ ဟုတ်ကဲ့ဆရာ နောက်ဆုံးအနေနဲ့ တောင်သူတွေကသူတို့မှာ ငွေကြေး၊ စက်ကိရိယာနည်းပညာနဲ့ မျိုးကောင်းမျိုးသန့် စပါးမျိုးတွေကိုသာ အစိုးရဆီက ထောက်ပံ့မှုရမယ်ဆိုရင် အိမ်နီးချင်း ထိုင်း၊ ဗီယက်နမ်နိုင်ငံတွေလို တစ်ဧကကို စပါးတင်း ၇၀၊ ၈၀၊ ၁၀၀ အထိထွက်အောင် လုပ်ဆောင်နိုင်တယ်လို့ ဆိုကြပါတယ်။ ဒါပေမယ့် စပါးထွက်ချိန်မှာ ကုန်သည်တွေ ဈေးနှိမ်မဝယ်အောင် ဈေးသတ်မှတ်ပေးစေလိုတယ်လို့ တောင်သူတွေက ပြောပါတယ်။ အဲ့ဒီလိုဆောင်ရွက်ပေးဖို့ ရှိမရှိ သိချင်ပါတယ်ခင်ဗျ။**

ဖြေ။ ။ ရှေ့ပိုင်းမှာ ကျွန်တော်ရှင်းပြခဲ့သလိုပဲ ဈေးကွက်ဦးဆောင်တဲ့ စီးပွားရေးဖြစ်တဲ့အတွက် အစိုးရအနေနဲ့ စပါးဈေးနှုန်းကို တိုက်ရိုက်ပါဝင်ပတ်သက်ပြီး သတ်မှတ်ပေးလို့ မဖြစ်နိုင်ပါဘူး။ စပါးလှိုင်လှိုင်ထွက်ချိန်မှာ ဈေးကွက်မှာ ရောင်းလိုအားများတဲ့ အချိန်ဖြစ်တဲ့အတွက် ဝယ်လိုအားကနည်းနေရင် ဈေးကျတာ ထုံးစံဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာ ဝယ်လိုအားများလာအောင် ဥပမာ- နိုင်ငံခြားဝယ်လက်တွေများများရအောင် ကြိုးစားပေးတာမျိုး၊ စပါးတစ်ဧ ကုန်ကျစရိတ်အောက် ဈေးမရောက်သွားအောင် ထိန်းကျောင်းပေးတာမျိုး၊ သဘာဝဘေးအတွက် အရန်ဆန်ဝယ်ယူတာမျိုး စသဖြင့် စီးပွားကူးသန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများအသင်းစတဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဆောင်ရွက်ပေးနိုင်ပါတယ်။

အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။ ။

## မြစ်ရေပြင်အတွင်း ရေနစ်သူအားကယ်ဆယ်ခြင်း သရုပ်ပြလေ့ကျင့်

**တနင်္သာရီ ဇူလိုင် ၁၂**

တနင်္သာရီမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များက မြစ်ရေပြင်အတွင်း ရေနစ်သူအား အသက်ကယ်ဆယ်ခြင်း သရုပ်ပြလေ့ကျင့်ခြင်းကို တနင်္သာရီမြို့ ချောင်းငယ်မြစ်အတွင်း ဇူလိုင် ၁၀ ရက်က ဝတ်စုံအပြည့်ဖြင့် လက်တွေ့လေ့ကျင့်သရုပ်ပြခဲ့ကြောင်း သိရသည်။

တပ်ဖွဲ့ဝင်များအား ရေချိုနှင့် ရေငန်သဘာဝအခြေအနေ၊ ရေကူးနည်းပညာများနှင့် ရေပြင်အသက်ကယ်မှု လက်တွေ့လေ့ကျင့်ခြင်းများ၊ တပ်ဖွဲ့ဝင်တိုင်း အသက်ကယ်ဖိုင်ဘာလှေ မောင်းနှင်တတ်ရန်၊ သက်လုံကောင်းပြီး ပြည်သူအခြေပြု ကယ်ဆယ်ရေးလုပ်ငန်းများကို အစွမ်းကုန်ဆောင်ရွက်နိုင်ရန်အတွက် လက်တွေ့လေ့ကျင့်ခြင်းများကို ရက်သတ္တ တစ်ပတ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ လေ့ကျင့်ပေးလျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမျိုးနိုင်က ပြောသည်။

တနင်္သာရီမြို့နယ်သည် မော်တော်ကားလမ်းအပြင် ရေကြောင်းလမ်းခရီးကိုလည်း ယခုထက်တိုင် တွင်ကျယ်စွာ အသုံးပြုနေသော မြို့နယ်ဖြစ်ပြီး မြိတ်မြို့သို့ နေ့စဉ်အမြန်ယာဉ်များ အစုန်အဆန် ပြေးဆွဲလျက်ရှိသလို ကျေးရွာအုပ်စုများမှလည်း လှေကြီးလှေငယ်များဖြင့် နေ့စဉ်ဈေးရောင်းဈေးဝယ် သွားလာနေကြသဖြင့် ရေကြောင်းလမ်းခရီးသွားပြည်သူများ ရေယာဉ်မတော်တဆမှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ရေနစ်မှုများဖြစ်ပွားပါက ပြည်သူများ၏ အသက်ကို အချိန်မီကယ်တင်နိုင်ရန် လေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



## လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့

**တပ်ကုန်း ဇူလိုင် ၁၀**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဧပြီ ၃၀ ရက်က လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် နေအိမ်ပြိုကျပျက်စီးခဲ့သည့် အိမ်ထောင်စု ၅၈ စုအတွက် နေပြည်တော် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို မြို့နယ်ပြည်သူ့ဆေးရုံဟောင်း အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၀ရက်က ပြုလုပ်ခဲ့သည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်က ရပ်ကွက်ကျေးရွာများမှ လူငယ်လူရွယ်များအနေဖြင့် ရှေးဦးသူနာပြုစုခြင်း အတတ်ပညာများ သင်ယူကြရန်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပြိုလဲပျက်စီးခဲ့သည့် အိမ်ထောင်စု ၅၈ စုအတွက် ထောက်ပံ့ပစ္စည်းများဖြစ်သော မျက်နှာသုတ်ပဝါ၊ သောက်ရေခွက်၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ ဘီး၊ ကိုယ်တိုက်ဆပ်ပြာ၊ အဝတ်လျှော်ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ အိမ်သာသုံးစက္ကူနှင့် အမျိုးသမီးလစဉ်သုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်




ဝယ်သလောက် အပိုရမယ့် နှစ်ဆ DATA PACK

အသက်သာဆုံး 2.5KS/MB မှစတင်၍

MONTHLY PACK

| မူရင်း Data ပမာဏ | Data အပိုဆု | ဈေးနှုန်း (ကျပ်) | ဈေးနှုန်း / MB | USSD (သို့) ဖုန်းခေါ်ရန် | စာတိုပို့ရန် |
|---|---|---|---|---|---|
| 400MB | 400MB | ၂၀၀၀ | 3.5Ks/MB | *2002# | 400MB to 1332 |
| 1GB | 1GB | ၆၅၀၀ | 3.25Ks/MB | *2003# | 1GB to 1332 |
| 2GB | 2GB | ၁၂၀၀၀ | 3.0Ks/MB | *2004# | 2GB to 1332 |
| 5GB | 5GB | ၂၅၀၀၀ | 2.5Ks/MB | *2005# | 5GB to 1332 |

24 HR PACK

အစီအစဉ်သစ် 120MB ကို ၄၀၀ ကျပ် *2001# (သို့) 120MB to 1332

ဇူလိုင်လ(၁၃)ရက်မှ စတင်ဝယ်ယူနိုင်ပါသည်

24 HR PACK ကို ဝယ်ယူသည့်အချိန်မှစ၍ ၂၄နာရီအတွင်း အသုံးပြုနိုင်ပါသည်

MPT၏ ဆွေသဟာ အစီအစဉ် ရယူထားသော Prepaid,Postpaid GSM/WCDMA အသုံးပြုသူများအားလုံး ပါဝင်ခွင့်ရှိပါသည်

၂၀၁၆ ဧပြီလ(၁)ရက်မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်ခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL

CALL CENTER 106 call free 24 hours everyday

# လစာခေါင်းစဉ်မှ ဝင်ငွေခွန်ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

* **အကျုံးဝင်သည့် ဝင်ငွေများ** ။ မည်သူမဆို အလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန် ရှိသည့် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင်၊ ကရုဏာကြေးနှင့် လစာနှင့် လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်နှင့် အကျိုးခံစားခွင့်များမှရရှိသည့် ဝင်ငွေတို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်ဖြစ်ပါသဖြင့် နှစ်တစ်နှစ်အတွင်းရရှိသည့် လစာဝင်ငွေ၊ လစာဝင်ငွေအပြင် ကော်မရှင်ကြေး၊ နှစ်စဉ်ကြေး၊ ပညာရှင်ကြေး တို့ကိုလည်း စုစုပေါင်းလစာဝင်ငွေတွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်ရမည် ဖြစ်ပါသည်။

* **အခွန်နှုန်း။** အောက်ပါအတိုင်းဖြစ်ပါသည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂၀၀၀၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀၀၀၀၀၀၁ | | ၂၅ ရာခိုင်နှုန်း |

* **အကျိုးသက်ရောက်သည့်ရက်**။ ၁-၄-၂၀၁၆ ရက်မှ စတင်ရရှိသည့် လစာဝင်ငွေအတွက်မှ စတင်အကျိုးသက်ရောက်ပါသည်။

* **အခွန်ကျသင့်မှု**။ အောက်ပါအတိုင်းဖြစ်ပါသည်-

➡ တစ်နှစ် စုစုပေါင်း လစာဝင်ငွေကျပ် ၄၈ သိန်းထက် မကျော်ပါက ဝင်ငွေခွန်ပေးဆောင်ရန်မလိုပါ။

➡ တစ်နှစ် စုစုပေါင်း လစာဝင်ငွေကျပ် ၄၈ သိန်းထက် ကျော်လွန်သော်လည်း စုစုပေါင်း လစာဝင်ငွေမှ သက်သာခွင့်များဖြစ်သည့် အခြေခံသက်သာခွင့်၊ အတူနေမိဘအတွက် သက်သာခွင့်၊ အိမ်ထောင်ဖက်အတွက် သက်သာခွင့်၊ သားသမီးအတွက် သက်သာခွင့်၊ အသက်အာမခံအတွက် ပေးရသည့် ပရီမီယံ၊ လူမှုဖူလုံရေးရန်ပုံငွေသို့ ထည့်ဝင်ငွေတို့ကို နုတ်ပယ်ပါ။ နုတ်ပယ်ပြီး ကျန်ရှိသော အခွန်စည်းကြပ်ရန် ဝင်ငွေမှာ ကျပ်သိန်း ၂၀ မကျော်ပါက ဝင်ငွေခွန် ပေးဆောင်ရန်မလိုပါ။

**(အခွန်စည်းကြပ်ရန် ဝင်ငွေ=စုစုပေါင်းလစာဝင်ငွေ-အခြေခံသက်သာခွင့်များ)**

ဥပမာ-

ဦးလှသည် နှစ်အတွင်းလစာဝင်ငွေစုစုပေါင်း ၆၀ သိန်းရရှိပါက

| | |
|---|---|
| စုစုပေါင်းလစာဝင်ငွေ ၂ | = ၆၀၀၀၀၀၀ |
| အခြေခံသက်သာခွင့် (၆၀၀၀၀၀၀×၂၀%) | = ၁၂၀၀၀၀၀ |
| အတူနေမိဘအတွက်သက်သာခွင့် (တစ်ဦး ၁၀၀၀၀၀၀ စီ×၂ ဦး) | = ၂၀၀၀၀၀၀ |
| အိမ်ထောင်ဖက်အတွက် သက်သာခွင့် | = ၁၀၀၀၀၀၀ |
| သားသမီးနှစ်ဦးအတွက်သက်သာခွင့် (တစ်ဦး ၅၀၀၀၀၀ စီ×၂ ဦး) | = ၁၀၀၀၀၀၀ |
| ဦးလှနှင့်အိမ်ထောင်ဖက်အသက်အာမခံ (ဦးလှအတွက် ၃၀၀၀၀+ဇနီး ၂၀၀၀၀) | = ၅၀၀၀၀ |
| ဦးလှအတွက် ထည့်ဝင်လူမှုဖူလုံရေးရန်ပုံငွေ | = ၅၀၀၀၀ |
| (နုတ်)သက်သာခွင့်စုစုပေါင်း | = ၅၃၀၀၀၀၀ |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | = ၇၀၀၀၀၀ |
| **ကျသင့်အခွန်** | = အခွန်မကျသင့် |

➡ အခွန်စည်းကြပ်ရန် ဝင်ငွေကျပ်သိန်း ၂၀ ထက်ကျော်ပါက ကျပ်သိန်း ၂၀ ထက် ပိုသည့်ပမာဏအတွက်သာ သတ်မှတ်ရာခိုင်နှုန်းအတိုင်း အခွန်တွက်ချက်ပေးဆောင်ရမည်ဖြစ်ပါသည်။ ဥပမာ-

ဦးလှသည် နှစ်အတွင်း လစာဝင်ငွေသိန်း ၉၀ ရရှိပါက

| | |
|---|---|
| စုစုပေါင်းလစာဝင်ငွေ | = ၉၀၀၀၀၀၀ |
| (နုတ်)သက်သာခွင့်များ (အခြေခံသက်သာခွင့်+အတူနေမိဘ+အိမ်ထောင်ဖက်+ သားသမီး+အာမခံ+လူမှုဖူလုံရေးရန်ပုံငွေ) | = ၅၉၀၀၀၀၀ |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | = ၃၁၀၀၀၀၀ |
| **အခွန်တွက်ချက်ခြင်း** | |
| ကျပ်သိန်း ၂၀ အထိ "၀%"ဖြင့် | = ၀ |
| ၂၀၀၀၀၀၁×၃၁၀၀၀၀၀ အထိ ၁၁၀၀၀၀၀×၅%ဖြင့် | = ၅၅၀၀၀ |
| တစ်နှစ်ကျသင့်အခွန် | = ၅၅၀၀၀ |
| တစ်လကျသင့်အခွန် | = ၄၊၅၈၃ |

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါဓာတ်အားပေးစက်ရုံဓာတ်ငွေ့တာဘိုင်စက်များအတွက် ဒီဇယ်ဆီ ၁၇၀၀၀၀ဂါလန်အား ခနိတောသိုလှောင်ရုံမှ သီလဝါဓာတ်အားပေးစက်ရုံအရောက် သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်းအောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၂၀-၇-၂၀၁၆ရက်ဖြစ်ပြီး တင်ဒါပိတ်ချိန်မှာ မွန်းတည့် ၁၂:၀၀ နာရီဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၈၁၀၄၂၇၉**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား DDP (At Site) အရောက်မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| Tender No. 06/EPGE/16-17 | (1) 10" Gas Pipe- | 132 Nos |
| | (2) 10", 90˚Bend- | 2 Nos |
| | (3) 10", 45˚Bend- | 2 Nos |
| | (4) 6"x4" Reducer- | 3 Nos |

၂။ Tender No-06 ၏ တင်ဒါပိတ်ရက်မှာ ၁၁-၈-၂၀၁၆ရက်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၈၁၀၄၂၇၈နှင့် ၈၁၀၄၂၇၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## နေပြည်တော်
# ကုမ္ပဏီများကန်ထရိုက်မှတ်ပုံတင်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင် ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်လိုသည့်ကုမ္ပဏီများအား ကန်ထရိုက်မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၂။ လျှောက်ထားလိုသည့် ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီများ ကန်ထရိုက်မှတ်ပုံတင်ရေးလုပ်ငန်းကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်တွင် ကုမ္ပဏီများ ကန်ထရိုက်မှတ်ပုံတင်ရန် လျှောက်လွှာများကို ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ကုမ္ပဏီများ ကန်ထရိုက်မှတ်ပုံတင်ရေးလုပ်ငန်းကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၅၄၁သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုမ္ပဏီများကန်ထရိုက်မှတ်ပုံတင်ရေးလုပ်ငန်းကော်မတီ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံးတော်၌
## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၅၉

| | | |
|---|---|---|
| ဦးမောင်မောင်စိန် | နှင့် | ဦးသန်းအောင် |
| **တရားလို** | | **တရားပြိုင်** |

ယခင် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် လ-၈တွင် လည်းကောင်း၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက် အ-၁၄၊ (စ)ရပ်ကွက်တွင် လည်းကောင်း၊ မန္တလေးမြို့၊ ၈၅လမ်း၊ ၃၃လမ်း×၃၄လမ်းကြား၊ ကြတ်ခတ်ဝင်း၊ အောင်နန်း ရိပ်သာအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်တွင် လည်းကောင်း နေထိုင်ခဲ့သူ ဦးသန်းအောင် BZ-၁၀၂၇၀၀ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးမောင်မောင်စိန်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဇူလိုင် ၂၉ ရက် (၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇူလိုင် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မူမူအေး)**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)
## ရွှေတောင်မြို့နယ်တရားရုံး
## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၄၁

| | | |
|---|---|---|
| ၁။ ဦးအေးဝင်း | နှင့် | ဒေါ်ဝင်းဝင်းကြည် |
| လမ်းမတော်လမ်း၊ ကြာနီကန်ရပ်ကွက်၊ | | လမ်းမတော်လမ်း၊ ကြာနီကန် ရပ်ကွက်၊ |
| ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး | | ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၂။ ဒေါ်မြင့်မြင့်ရီ | | |
| လမ်းမတော်လမ်း၊ ကြာနီကန်ရပ်ကွက်၊ | | |
| ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး | | |
| **တရားလိုများ** | | **တရားပြိုင်** |

လမ်းမတော်လမ်း၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)နေ ဒေါ်ဝင်းဝင်းကြည် သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ခြံ၏ရှေ့မျက်နှာစာ ၅ပေ၊ နောက်မျက်နှာစာ ၁၀ပေနှင့် အလျား ၈၂ ပေအပေါ် ကျူးကျော်ကာရုံထားသော ခြံစည်းရိုးအား ဖယ်ရှား၍ ကျူးကျော် ရယူထားသော မြေအားလက်ရောက်ပြန်လည်ရလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဇူလိုင်၂၂ ရက် (၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇူလိုင် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(ခင်မြတ်ဇင်)**
**မြို့နယ်တရားသူကြီး**
**ရွှေတောင်မြို့နယ်တရားရုံး**

## မိဘအမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း($S_3$)မှ မမေဖူးကျော်၏ မိဘအမည်မှန်မှာ ဦးကျော်မိုး-ဒေါ်နီလာ ဖြစ်ပါကြောင်း။

**ဦးကျော်မိုး ၉/တကန(နိုင်)၁၀၄၂၄၇**
**ဒေါ်နီလာ ၉/တကန(နိုင်)၁၈၁၀၁၅**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(၈) သတ္တမတန်း (D)မှ မခိုင်ဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးလှထွန်း ၉/မနမ(နိုင်)၁၀၂၆၅၉ ဖြစ်ပါကြောင်း။ **ဦးလှထွန်း**

## အမည်မှန်

ဦးသိန်းထိုက်၏သား အထက-၂ ဒဂုံဆိပ်ကမ်း သတ္တမတန်း(F)မှ မောင်မင်းဖုန်းမြတ်သော်၏ အမည်မှန်မှာ မောင်မင်းဘုန်းမြတ်သော် ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၄FGI (မေတ္တာညွန့်)၊ မြေကွက်အမှတ် ၅၇၇+၅၇၇·A ၊ ဧရိယာ ၀ ဒသမ၀၄၃၈ဧက၊ နှစ်၆၀မြေငှားစာချုပ်အမည်ပေါက်မှာ ဦးတင်မောင်လတ်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ၃၃၅၅/၂၀၁၆ ရက်စွဲ(၂၇-၆-၂၀၁၆)တင်ပြ၍ ဒေါ်အေးအေးမြင့် ၁၂/ပဇတ(နိုင်)၀၁၁၄၅၃ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား မူရင်းအပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## ညောင်ဦးခရိုင်တရားရုံး
## ၂၀၁၆ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၁၈

| | |
|---|---|
| ၁။ ဒေါ်ဖြူဝိုင်း | ၁။ ဦးအောင်ကျောင်း၂။ ဦးအောင်ငွေ |
| ၂။ ဦးဘို(ခ)ဦးစံမောင် | ၃။ ဒေါ်ခါ ၄။ ဒေါ်အေးသီ ၅။ ဦးဝင်းဘို |
| ၃။ ဒေါ်နွဲ့ဆွေ | ၆။ ဦးဝင်းချို ၇။ ဦးခင်ကြူ(ခ)ဘိုလတ် |
| | ၈။ ဒေါ်နန်းတင် ၉။ ဒေါ်မြင့်ရီ ၁၀။ ဒေါ်ဖြူ |
| | ၁၁။ ဒေါ်ညိုတင့် ၁၂။ ဒေါ်အေးဆင့် |
| | ၁၃။ ဦးဝင်းမြိုင် ၁၄။ဦးတင်ညွန့် ၁၅။ ဦးမိုးရီ |
| | ၁၆။ ဒေါ်ပေါ ၁၇။ ဒေါ်ထူး ၁၈။ ဒေါ်ငြိမ်းထွေး |
| | ၁၉။ ဒေါ်သန်းကြည် ၂၀။ ဦးထွန်းစိန် |
| **ပြင်ဆင်မှုလျှောက်ထားသူများ** | **ပြင်ဆင်မှုလျှောက်ထားခံရသူများ** |

၂၀၁၆ ခုနှစ် မတ် ၃၁ ရက်စွဲပါ ညောင်ဦးမြို့နယ်တရားရုံးတော်မှ အမိန့်ကို ပြင်ဆင်မှုတင်သွင်းခြင်း။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ (၇)ဦးခင်ကြူ(ခ)ဦးဘိုလတ် (ဘ) ဦးချွန်၊ စစ်မှုထမ်း (ငြိမ်း) (ယခင်လိပ်စာ) ရတနာဒီပရပ်၊ အမှတ် (၉)ရပ်ကွက်၊ ဘားအံမြို့၊ ကရင် ပြည်နယ် (ယခုနေရပ်လိပ်စာမသိ)နှင့် လျှောက်ထားခံရသူ (၁၄)ဦးတင်ညွန့် (ဘ) ဦးသောင်းရွှေ (ယခင်လိပ်စာ) သံလမ်း၊ (၁၉)ရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

ယခုအမှုတွင် ညောင်ဦးမြို့နယ်တရားရုံးတော်မှ ချမှတ်ပေးသည့် ကြားဖြတ်အမိန့်ကို လျှောက်ထားသူ ဒေါ်ဖြူဝိုင်း (ပါ-၃)က ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး၍ ဤပြင်ဆင်မှုကို ၂၀၁၆ခုနှစ် ဇူလိုင် ၂၉ရက် (၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်) တွင် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က ပြင်ဆင်နိုင်ခွင့်ရှိသော ဤအမှုတွင် ကန့်ကွက်လိုလျှင် ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤရုံးတော်၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇူလိုင် ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြင့်ချို)**
**ခရိုင်တရားသူကြီး**
**ညောင်ဦးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ထားဝယ်ခရိုင်တရားမရုံးတော်၌
## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၄၂

| | | |
|---|---|---|
| ၁။ ဦးမျိုးလွင် | နှင့် | ၁။ ဦးနိုင်လွင် |
| ၂။ ဦးမျိုးအေး | | ၂။ ဦးသက်ဝင်း |
| | | ၃။ ဒေါ်သန်းငွေ |
| **တရားလိုများ** | | **တရားပြိုင်များ** |

(ယခင်နေရပ်လိပ်စာ) ထားဝယ်မြို့၊ ကြက်စားပြင်ရပ်၊ အမှတ် ၁၀၃၈၊ မာဃလမ်းသွယ်နေ(၁)တရားပြိုင် ဦးနိုင်လွင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင် သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၆ခုနှစ် ဇူလိုင် ၂၂ ရက် (၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်ကိုယ်တိုင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သောစာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇူလိုင် ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြသောင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**ထားဝယ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ညောင်ဦးမြို့နယ်တရားရုံးတော်၌
## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၀

| | | |
|---|---|---|
| ဦးခင်မောင်ကျော် | နှင့် | ဒေါ်တင်ကြူကြူခင် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ F.M.I City သစ်ခွဥယျာဉ်မြို့တော်၊ သစ်ခွလမ်းသွယ်(၂)၊ အမှတ် O-106 နေ ဒေါ်တင်ကြူကြူခင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးခင်မောင်ကျော်က ငွေကျပ် ၅၄၀၀၀၀၀/- (ကျပ်ငါးဆယ့်လေးသိန်းတိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇူလိုင်၁၈ရက် (၁၃၇၈ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇူလိုင် ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန္ဒာသိန်း)**
**မြို့နယ်တရားသူကြီး**
**ညောင်ဦးမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ် (င-၂)၊ ဦးပိုင်အမှတ် (၁၄၆)၊ ၆၂×၆၄လမ်းကြား၊ ငုရွှေဝါနှင့် ဇလပ်ဝါလမ်းကြားရှိ ဒေါ်အေးမြင့်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးမြင့်သိန်း ၉/မနမ(နိုင်) ၀၈၀၆၂၁မှ မြေကွက်ဖိုးပေးသွင်း ပြေစာပျောက်ဆုံး၍ ထုတ်ပေးသည့် ဒဏ်ကြေးပြေစာ၊ အခွန်ပေးသွင်းပြီးငွေသွင်းပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကိုယ်စားလှယ်လွှဲအပ်ခြင်းကိုရုပ်သိမ်းခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ဘုတ်ချောင်းရပ်ကွက်၊ မြို့ပတ်၂လမ်းနေ (ဘ)ဦးလှိုင်ရွှေ၏သမီး ဒေါ်ခင်ညို ၆/မအရ(နိုင်)၁၀၃၁၅၀သည် မြိတ်မြို့၊ကလွင်ရပ်၊ တောရကျောင်းလမ်းနေ ဦးမင်းသိန်း(ဘ)ဦးတင့်လွင် ၆/မအရ (နိုင်)၀၉၄၈၃၄ အား ၂၃-၂-၂၀၁၆ ရက်စွဲပါစာဖြင့် ကိုယ်စားလှယ်လွှဲအပ်ထားခြင်းကို ၄-၇-၂၀၁၆ ရက်စွဲပါစာအတိုင်း ကိုယ်စားလှယ်လွှဲအပ်ထားခြင်းမှ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

**ဒေါ်ခင်ညို**
**ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းသူ**

# သဘာဝဘေးဒဏ်များ ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုတင်ပြင်ဆင်ကာကွယ်

စာမျက်နှာ - ၇



## ယခုနှစ် ရေထွက်ပစ္စည်းတင်ပို့မှု ဒေါ်လာ သန်း ၇၀၀ ဖိုး ရရှိရန် မျှော်မှန်း

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန်  ဇူလိုင်  ၁၂**

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ယခုဘဏ္ဍာနှစ်အတွင်း ရေထွက်ပစ္စည်းတင်ပို့မှု အမေရိကန်ဒေါ်လာ သန်း ၇၀၀ ဖိုးရရှိရန် မျှော်မှန်းထားသော်လည်း ရည်မှန်းချက်များပြည့်မီရန် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ပေးရန် လိုအပ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ပြည်ပသို့ ရေထွက်ပစ္စည်းတွေ တင်ပို့ရာမှာ မနှစ်ကတော့ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ဖိုး တင်ပို့နိုင်ဖို့ သတ်မှတ်ဆောင်ရွက်ခဲ့ရာမှာ ၅၀၂ ဒသမ ၈ သန်းအထိ တင်ပို့နိုင်ပါတယ်။ အခုနှစ်မှာလည်း အမေရိကန်ဒေါ်လာ သန်း ၇၀၀ ဖိုး တင်ပို့နိုင်ဖို့ သတ်မှတ်ထားပါတယ်။ နယ်စပ်ကုန်သွယ်ရေးက ဘယ်လောက်၊ Normal trade က ဘယ်လောက် စသည်ဖြင့် သတ်မှတ်ထားတာလေးတွေ ရှိပါတယ်။ ဒီလို သတ်မှတ်ရုံနဲ့ မပြီးပါဘူး။ ထုတ်လုပ်မှုအပိုင်းတွေ မြှင့်တင်ရမယ်။ တင်ပို့မှုအပိုင်းတွေ မြှင့်တင်ရမယ်။ ဒါ့အပြင် အစိုးရက ပံ့ပိုးပေးနိုင်မှုအပိုင်းတွေ၊ ဈေးကွက်မြှင့်တင်ဖို့အပိုင်းတွေ သူ့အပိုင်းနဲ့သူ အင်တိုက်အားတိုက်

စာမျက်နှာ ၇ ကော်လံ ၅ ✪

## ရန်ကုန်ဗဟိုစံပြငါးဈေးကြီးအတွင်းသို့ ထိုင်းနိုင်ငံမှ ငါးမြစ်ချင်းများ တရားမဝင် ဝင်ရောက်မှုရှိနေ

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ကိုကြီးတင်**

**ရန်ကုန်  ဇူလိုင်  ၁၂**

ထိုင်းနိုင်ငံမှ ငါးမြစ်ချင်းများ မြဝတီနယ်စပ်လမ်းကြောင်းမှတစ်ဆင့် ရန်ကုန်မြို့ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးအတွင်းသို့ တရားမဝင် ဝင်ရောက်မှုများရှိနေကြောင်း ဈေးကြီးအတွင်းမှ သိရသည်။

ယင်းသို့ ထပ်မံဝင်ရောက်ခြင်းမပြုနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ တားဆီးဖမ်းဆီးမှုများ ရှိနေပြီဖြစ်ကြောင်းလည်း သိရသည်။

ငါးဈေးကြီးအတွင်း ဆိပ်ခံဗေဒါတံတားမှ ဦးမြင့်အောင်က "ဇူလိုင် ၂ ရက် နံနက်က အဲဒီငါးတွေ ဝင်လာတယ်။ ငါးလုပ်ငန်းဦးစီးဌာန ငါးဒိုင်ကိုယ်စားလှယ်များရုံး၊ ဈေးများဌာန၊ ရဲတပ်ဖွဲ့ တာဝန်ရှိသူတွေက လာရောက်ဖမ်းဆီးတားဆီးမှုတွေ ပြုလုပ်တာတွေ့ရပါတယ်။ နောက်ပိုင်းတော့ ထပ်ဝင်လာတာ မတွေ့ရသေးပါဘူး"ဟု ဆိုခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ◆



## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ကွာတားပွဲစဉ်များ ယနေ့ကျင်းပမည်

**ညီမြတ်သော်တာ**

**ရန်ကုန်  ဇူလိုင်  ၁၂**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် (ပထမနေ့) ပွဲစဉ်များကို ဇူလိုင် ၁၃ ရက် (ယနေ့) တွင် ကျင်းပမည်ဖြစ်ပြီး MNL ထိပ်သီးအသင်းများ ပါဝင်လျက်ရှိသည်။

ပထမနေ့ပွဲစဉ်အဖြစ် အောင်ဆန်းကွင်း၌ ရန်ကုန်အသင်းနှင့် ဟံသာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ရှုံး/ထွက် ချန်ပီယံဟောင်းနှစ်သင်းဖြစ်သည့် ရန်ကုန်နှင့်ဟံသာဝတီ ထိပ်တိုက်တွေ့ဆုံပွဲမှာ အကြိတ်အနယ်ရှိမည့် ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်ပေသည်။ ရန်ကုန်နှင့် ဟံသာဝတီအသင်းသည် ယခုရာသီ အမှတ်ပေးပြိုင်ပွဲ၌ တစ်ကြိမ်သာတွေ့ဆုံခဲ့ပြီး ဟံသာဝတီအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိထားသည်။ ဟံသာဝတီအသင်းသည် ဒုတိယအကျော့တွင် ခြေစွမ်းရော ရလဒ်ပိုင်းပါ တည်ငြိမ်မှုမရှိသေးဘဲ အသင်းခေါင်းဆောင် အောင်ဇော်သည် ယခုပွဲကို ထပ်မံလွဲချော်မည်ဖြစ်သည်။ ရန်ကုန်အသင်းသည် နည်းပြသစ် ဦးမျိုးမင်းထွန်း လက်ထက်တွင် ရလဒ်ကောင်းမွန်လာပြီး ဒဏ်ရာနှင့် ပွဲပယ်ကစားသမား မရှိပေ။

စာမျက်နှာ ၁၄ ကော်လံ ၁ ❖

## ဧရာဝတီမြစ်ရေ ညောင်ဦးမြို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော်  ဇူလိုင်  ၁၂**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

